# ဝိမုတ္တိသာသနာ

အရှင်ဝဏ္ဏသီရိ



၄

ဥပမိုး ဘာသာ သာသနာ

# ဝိမုတ္တိသာသနာ

## အရှင်ဝဏ္ဏသိရိ

[ ကြာပိုင် ဦးဗုဇ္ဇောဘာသာ
တာဝန်ခံ၊ညီးမြတ်သည် ]

[ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ် ၆၉၄၆]

မျက်နှာဖုံး
**စံကိုး**

---

ဘလောက်
**လွင်**

---

အဖုံးရိုက်
**ဦးစံလွင်နှင့်သားများ**

---

ပုံနှိပ်ခြင်း
**ပထမအကြိမ်**
(၃၀၀၀)

---

ထုတ်ဝေနေ့
**ဧပြီလ ၁၉၇၄**

---


**ပုံနှိပ်/ထုတ်ဝေ**

ဦးလှုဘင် [၀၁၁၀၉] ဟံသာစာပေ၊ အမှတ် ၂၁-ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ခင်လှ [၀၁၅၇၀] စာပေလောကပုံနှိပ်တိုက် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

## ကြာပန်းငါးခိုင် – ဆီမီးတတိုင်

နိဗ္ဗာန် စိတ်သန်ကြသော်လည်း ယခုဘဝမှာဖြင့် မရနိုင်။ အဆုံးဘဝ နောင်ခါမှဟု ကာလရှည်လျားစွာ လက်ဆင့်ကမ်းလာခဲ့ကြသော အယူအစွဲတို့ကို ရဲရဲကြီး တော်လှန်တော်မူလျက်၊ နိဗ္ဗာန်ဆိုတာ သည်လိုဟာဟု သေချာဃဏ ညွှန်ပြတော်မူသော လယ်တီဆရာတော်ဘုရားကြီး အားရင်း—

မဂ်ဖိုလ်ဟူသည် ရက်တိုတိုနှင့်မရနိုင်၊ အားကြိုးသန်စွဲမြဲကြိုးကုတ် လုပ်နိုင်လွန်းမှ ရမည်ဟူသော နည်းနိဿယျ အ၀၀တို့ကြားဝယ် မပင်မပန်း ချမ်းမြေ့သာယာသုခ ပဋိပဒါလမ်းစဉ်ကို ကျင့်သုံးညွှန်ပြတော် မူခဲ့ပေသော ကျောက်သဘော်ဆရာတော်ကြီးအားရင်း—

ငယ်စဉ်ကာလ ရှင်သာမဏေဘဝမှစ၍ စောင့်ရှောက်မစ ဆုံးမတော်မူခဲ့၍ ပရိယတ်ဉာဏ်အခြေခံ ပေးသနားတော်မူခဲ့ပေသော မုံရွာမြို့နယ် ကြာပိုင် ရွှေကျောင်းတိုက်ဆရာတော် ဦးပညာဝအားရင်း—

ပရိယတ်အခြေခံ ရင့်သန်ကြီးထွားစေလျက်၊ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများစွာတို့၌ ကျက်စားသွားလာနိုင်အောင် ပို့ချညွှန်ကြားတော် မူခဲ့ပေသော မုံရွာမြို့ မဟာဇောဋိကာရာမ ပါဠိတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ နာယက ဆရာတော်ဘုရားကြီးနှင့်တကွ ယခုလက်ရှိ နာယကဆရာတော်ဘုရား၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်များအားရင်း—

ရွှေကျောင်းတိုက်တပည့် ရဟန်း သာမဏေများနှင့် တကွ ရပ်ရွာ တကာတကာမများအား ဩဒိဿမေတ္တာဖြင့် ဆုံးမဩဝါဒပေးလျက်ရှိတော်မူပါသော ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရွာ၊ လေးထပ်ကျောင်း ဆရာတော် ဦးသောဘိတအားရင်း—

ဤစာအုပ်ငယ်ကို တည်းဖြတ် ပြုပြင်သောအားဖြင့် အရိုအသေ အလေးအမြတ် တုပ်ဝပ်ကော်ရော် ပူဇော်အပ်ပါသည်။ ။

ဉာဏ္ဍောဘာသ
ကြာပိုင်ရွာ၊ ရွှေကျောင်းတိုက်
ကြေးမုံစာတိုက်ခွဲ၊ မုံရွာမြို့နယ်။

၁၃၃၅-ခုနှစ်၊
နတ်တော်လဆုတ်(၉)ရက်။

# နိဒါန်း

## ကရုဏာရိပ်မှာ ခိုသိပ်ပါ

ဥတုရာသီ အလီလီတို့တွင် တန်ဆောင်မုန်းလ သရဒ ဥတုဟာ အသာယာဆုံးရယ်လို့ ရှေးရှေးက စာများ စီကုံးခဲ့ကြပါတယ်။

အခါရာသီအားဖြင့် မိုးလေ ကင်းကွာလို့ လမင်းသော်တာ ရောင်ဝါလင်းချိန်။ ပူတယ်လို့လဲ မပြီးသာ ဆောင်းခါလို့လဲ မဆိုလောက်သေး။ ငွေနှင်းမှုန်ဖွေးဖွေး အောက်မှာ နွေးနွေး ထွေးထွေး ဝတ်စားဆင်ယင်လို့ ကောင်းရုံမျှသာ။ လုပ်ငန်း ဆောင်တာဘက်က ကြည့်ပြန်တော့လဲ စပါးနှံ အငိုက်အယွန်း များက လယ်ကွင်းနဲ့အမျှ အားရစရာ။

လုပ်ငန်းခွင် မဝင်ရသေးမီ အားရပါးရ ပျော်ပွဲ ဆင်လို့ ကောင်းလှတဲ့ ဒီရာသီမှာ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော် ကျော်က မဂဓ တိုင်းသူတိုင်းသားတို့လဲ ပျော်ခဲ့ကြ ရွှင်ခဲ့ကြမှာ

မလှဲပါဘူး။ မဂဓတိုင်းကြီးတခုလုံး ခြိမ့်ခြိမ့်အုံးအုံးနဲ့ တန်ဆောင်မုန်းပွဲတော်ကြီး ဆင်နွှဲနေကြရာမှာ မဂဓတိုင်းကြီးရှင် ဘုရင်အဇာတသတ်မှာတော့ ပါဝင်ခွင့်၊ ပျော်ရွှင်ခွင့် မရပါဘူး။ စက်တော်ရာ ခန်းဆောင်ထဲမှာဘဲ ဘယ်လူးညာလှိမ့် တသိမ့်သိမ့် ငိုကြွေးနေရပါတယ်။

ဆရာကြီး ရှင်ဒေဝဒတ်ရဲ့ နည်းညွှန် လမ်းပြ သြဝါဒနောက်မှာ မယောက်မညှာ ပါခဲ့မိတာကြောင့် ယခုတော့ ထိီးနန်းစည်းစိမ်ကြီး ရရှိခဲ့ပါပြီ။ ကျယ်ဝန်းလှစွာသော မဂဓတိုင်းကြီးတခုလုံးကို မိမိ အာဏာစက်ဖြင့် ဖြန့်ကြက်လွှမ်းမိုးလို့ ထားနိုင်ပါပြီ။

နိုင်ငံတော်တဝှမ်းလုံးကို ကောင်းကောင်းကြီး အောင်နိုင်ခဲ့တဲ့ ဘုရင်အဇာတသတ်ဟာ သူ့ရင်ထဲက သောက ပရိဒေဝ ရန်သူများကို ငြိမ်ဝပ်အောင် မနှိမ်နင်းနိုင်ပါဘူး။ အရွယ်မကြီးမီ ထီးနန်းစည်းစိမ် ခံစားနိုင်ရေးအတွက် ခမည်းတော်မင်းကြီးမှာ မချိမဆံ့ ဒုက္ခဝေဒနာ ခံစားပြီး နတ်ရွာ လားခဲ့ရရှာတယ်။ မယ်တော်ကြီး ဝေဒေဟီမှတဆင့် ဖခင့်မေတ္တာ အနန္တ ကြီးမားခဲ့ဟာ သိရလေလေ ကိုယ့်မိုက်ပြစ်ကို နောင်တ ရလေ။

နောင်တ ဟဖန် ပူပန်မှုတွေကြောင့် မိမိမှာ ဖြောင့်ဖြောင့်မျှ အိပ်မပျော်။ ပျော်ပါသော်လဲ တခဏနဲ့ လန့်ဖြတ် နိုးခဲ့ရဟယ်။ ဒီလို စိတ်ဒုက္ခ အတုပ်အနှောင်တွေ လွတ်အောင် ရှုန်းချင်လှပါပြီလို့ တိုင်ပင်လိုက်တဲ့အခါမှာတော့ သမားတော် အမတ်ဇီဝကဟာ ဗုဒ္ဓမြတ်စွာထံ လမ်းညွှန်ပေးလိုက်ရပါတယ်။

သရဒ ဥတုရဲ့ လပြည့်ဝန်းအောက်မှာ ဘုရင်အဇာတသတ်ဟာ သမားတော် ဇီဝက၊ မောင်းမမိဿံ ခြွေရံများစွာနဲ့တကွ မီးရှူး

မီးတိုင် မြိုင်မြိုင် ထွန်းပြီး၊ ဆင်မယဉ်သာ ငါးရာ ခြံရံလျက် ကျောင်းတော်ကို လာခဲ့တယ်။

ဗုဒ္ဓမြတ်စွာရဲ့ မဟာကရုဏာရိပ်ကို ခိုလှုံမိတယ် ဆိုရင်ဘဲ ဘုရင်အဇာတသတ်မှာ ဆောက်တည်ရာရခဲ့ပေပြီ။ စိတ်နှလုံးမှာ အပူမီးတွေ သက်သာခဲ့လေပြီ။ ဒီလို အခွင့်သင့်ခိုက်မှာ တရား သဘောအရ အဖိုးတန်တဲ့ ပြဿနာများကို လျှောက်ထားခဲ့ပါ တယ်။

ဘုရင် အဇာတသတ်၏ သိလိုရေးနဲ့ မေးလျှောက်ချက်များ၊ ပညာကရုဏာ ပြဋ္ဌာန်းလျက်ရှိသော မြတ်စွာဘုရား၏ ဖြေဆို ချက်များဟာ ဥပမာအသီးသီးနဲ့ ဖြစ်ကြပါတယ်။ ဒီကနိကာယ် မှာ သာမညဖလ သုတ်ဟူ၍ ထင်ရှားရှိပါတယ်။

## အတတ်ပညာနဲ့ သာသနာ

ဝေဒေဟီမိဘုရား၏ သားတော် မဂဓ တိုင်း၏ ရှင်ဘုရင် **အဇာ**တသတ် မေးလျှောက်ထာက–

"အရှင်ဘုရား ဆင်အတတ်၊ မြင်းအတတ်၊ ဓါးရေး လှံရေးအတတ် စသဖြင့် စစ်သည်သူရဲကောင်းများ ရှိကြ ပါသည်။ အဝတ်အထည်၊ စားကောင်း သောက်ဖွယ်၊ အိမ်ထောင်ပရိဘောဂမှစ၍ လူသုံးကုန်ပစ္စည်း အမျိုး မျိုး လုပ်ကိုင်သူများ ရှိကြပါသည်။ ဂဏန်းသင်္ချာနှင့် အသက်မွေးနိုင်သူများလည်း ရှိကြပါသည်။

ဤသူ ဤသူများသည် မိမိတို့ ဆည်းပူးထားသော အတတ်ပညာ၏ အကျိုးကျေးဇူးကို ယခု ဘဝမှာပင် မျက်မြင် ကိုယ်တွေ့ ခံစား စံစားကြရပါသည်။ မိမိ

အတတ်ပညာဖြင့် မိမိတို့ကိုယ်တိုင် ဝဝစား၍ လှလှပပ ဝတ်စားနေထိုင်နိုင်ပါသည်။ ကျေးဇူးရှင် မိဘများကိုလည်း မကြောင့်မကြ မတောင့်တရအောင် ထောက်ပံ့နိုင်ကြပါသည်။ အလှူခံ ပုဂ္ဂိုလ်တို့ထံမှာလည်း ဒါနကောင်းမှု ပြုစုနိုင်ကြပါသည်။

ဤအတတ်ပညာရှင်များ မျက်မြင်ကိုယ်တွေ့ ခံစားစံစားရသကဲ့သို့ပင် သာသနာတော်ထမ်း ရဟန်းတော်များ၏ လက်ငင်းဒိဋ္ဌ အကျိုးစီးပွားကို ပြဆိုနိုင်ပါမည်လား အရှင်ဘုရား။”

## လက်ငင်းဒိဋ္ဌ အကျိုးတရား

“ပြနိုင်ပါ၏၊ တကာတော် ရေမြေရှင်”

ဗုဒ္ဓမြတ်စွာက ရဲဝံ့စွာ ဝန်ခံတော်မူပြီး အကျိုးတရား အဆင့်ဆင့်ကို ဖြေဆိုဟောကြားတော်မူပါတယ်။

ရဟန်းတော်များရဲ့ လက်ငင်းဒိဋ္ဌ အကျိုး စီးပွားများတွင် တရားရေးမသက်ဆိုင်၊ လောကီရေးဘက်မှာပင် လက်ငင်း ဒိဋ္ဌ အကျိုးခံစားရပါတယ်။ အောက်ထစ်ဆုံးအားဖြင့် မင်းမှုထမ်း ဘဝမှ ရဟန်းဘောင် ဝင်ရောက်ရင် ပြည့်ရှင်မင်းတို့ မနှောက်ယှက်နိုင်။ ယခင်က မိမိခြေရင်းမှာ ဝပ်စင်းလာခဲ့ကြသူ ဖြစ်ပါသော်လဲ ရဟန်း ဖြစ်လာတဲ့အချိန်မှာ အရှင် သခင်များကပင် ရှိခိုးဝတ်ချ ပြုကြရပါတယ်။

ဝါစာ အစိန္တေယျ ဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဗုဒ္ဓမြတ်စွာက ဘုရင် အဇာတသတ် သဘောပေါက်လွယ်မယ့် လက်တွေ့ အဖြစ်သနစ်များကို ရှေးဦးစွာပြဆိုတော်မူပါတယ်။ အဖြစ်သနစ်များရဲ့

အဖြေစကားကို ကိုယ်တော်တိုင် မမြွက်ကြားပါဘဲ ဘုရင် အဇာတသတ်ကိုယ်တိုင် ဖြေဆိုနိုင်ရန် လက်ဆင့်ကမ်း၍ ကမ်း၍ ပေးတော်မူပါတယ်။ ကမ်းစပ် ရေတိမ်ပိုင်းမှသည် ရေနက်ရာ ဘက်သို့ တစတစ ဆွဲဆောင် ခေါ်ငင်၍ လာခဲ့ပါတယ်။

လောကီရေးဘက်က မင်းမှုမင် တာ ကင်းလွတ်ခွင့် ရပုံများ ဟောကြားပြီးနောက် အဆင့်ဆင့် ဈာန်ချမ်းသာ ခံစားရပုံများ မှစ၍ နောက်ဆုံး အဆင့်မှာ အာသဝက္ခယ ဉာဏ်တော်အထိ လက်ငင်းဒိဋ္ဌ ရရှိနိုင်ပုံများ ဟောကြားတော်မူပါတယ်။

## အာသဝက္ခယ ရေကန်

အာသဝက္ခယ ဉာဏ်ကိုဟောရာတွင်မြတ်စွာဘုရားက တောင် ထိပ်က ရေကန်ကို ဥပမာပေးတော်မူပါတယ်။

တောင်ထိပ်၌ နောက်ကျိမထင် ပကတိကြည်လင်တဲ့ ရေကန် တကန်ရှိနေပါတယ်။ အမြင်မျက်စိ ထက်မြက်သူရှိတဲ့ ယောကျ်ား တယောက်ဟာ အဲဒီရေကန်စပ်က ရပ်နားပြီးကြည့်လိုက်တဲ့အခါ ကြည်လင်လှတဲ့ရေထဲမှာ သွားလာလှုပ်ရှားနေတဲ့ ခရု၊ ယောက် သွား၊ ငါး၊ လိပ် စတဲ့ သတ္တဝါ၊ ကျောက်စရစ်အိုးချမ်းပဲ့ စတဲ့ အရာဝတ္ထုများကို အတိုင်းတိုင်း မြင်တွေ့ရပါတော့တယ်။

ဒီ့အတူပါဘဲ။ အာရုံကျက်စား လှုပ်ရှားခြင်းမရှိတဲ့ စိတ် ကလေးဟာ ပကတိ ကြည်လင်၍ နေတယ်။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ရှိနေတယ်။ ကိလေသာဟူ အပူမီးတို့မှ ကင်းဝေးလို့ နေတယ်။ နူးညံ့နေတယ်။ နိဗ္ဗာန် အာရုံ တွေ့ဆုံ ခံစားနိုင်ဘို့အသင့်ဖြစ်နေတယ်။ အဲဒီအခါမှာဘဲ သစ္စာလေးချက် တပြိုင်နက် မဂ်၏ကိစ္စများ တခါထဲ ပြီးမြောက်သွားတော့တယ်။

နိဗ္ဗာန်ချမ်းသာကို ခံစားလိုက်ရတာနဲ့ တပြိုင်နက် ဖြစ်လာသမျှ သင်္ခါတွေ ဆင်းရဲလှပါကလားလို့ သိသွားပြီး ဖြစ်တယ်။ ဟိုဟာ ဒီဟာ ဖြစ်ချင် ရချင်တာ ဟူသမျှ၊ သမုဒယ အကြောင်းများလဲ ပယ်ပြီး ဖြတ်ပြီးဖြစ်သွားတယ်။ ဒီအကျင့် ဒီလမ်းစဉ်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမြတ်ပါကလားလို့ ပွားများပြီး ဖြစ်သွားတော့တယ်။

ကမ်းကုန် လမ်းကုမ် သစ္စာဉာဏ် ရထားပြီးတဲ့ ရဟန္တာအရှင်များရဲ့ စိတ်အစဉ်ဟာ အာသဝ တရားလေးပါးက လုံးဝ လွတ်မြောက်ပြီး ဖြစ်တယ်။ လွတ်ရာ ငြိမ်းရာမှာ ဖိုလ်စိတ်ဖြင့် အခါအခွင့် သင့်တင့်တိုင်း ရပ်နားတော်မူကြတယ်။ နိဗ္ဗာန်နဲ့ မကွေမကွာ အသေအချာ နေလာခဲ့ကြတဲ့ ဒီမဂ် ဒီဖိုလ်များ အပြီးမှာ ပြန်လည် သုံးသပ်တဲ့ ပေစ္စဝေက္ခဏာ ဉာဏ်များ ပေါ်လာရတယ်။

"တဖန်ဖြစ်စရာ ကိလေသာဟူ၍ မရှိတော့ပြီ။"

"ဝိမုတ္တိသာသနာတော်မှာ ကျင့်ဖွယ်ရှိသမျှ ကျင့်သုံးပြီးပြီ။"

"ပြုစရာရှိသမျှ ပြုခဲ့ရပြီးပြီ။"

"ဝိမုတ္တိနိဗ္ဗာန် မျက်မှောက်ပြုရေးအတွက် နောက်ထပ်တဖန်ပြုစရာမကျန်ပြီတည်း။"

ဝိမုတ္တိသာသနာတော်ကြီးမှာ အမြင့်ဆုံး အဆင့်ထိ သစ္စာဉာဏ် ပွင့်လင်းတော် မူကြတဲ့ ရဟန္တာ အရှင်မြတ်ကြီးများရဲ့ ဥဒါန်းလှာများ ဖြစ်ပါတယ်။

အကျင့်သီလ ပြည့်ဝဖြူစင်မှုမှစ၍ အာသဝက္ခယဉာဏ် အထိ အဆင့်ဆင့် အကျိုးတရားများမှာ ယခုဘဝပစ္စက္ခကာလမှာ လက်

င်းဒိဋ္ဌ ရနိုင်တဲ့ အကျိုးတရားများ ဖြစ်နိုင်ကြောင်း ဘုရင်အဇာတသတ်အား ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူပါတယ်။

## ကုသိုလ်ကံ ပါမပါ

သာမညဖလသုတ် ဒေသနာတော်အရ မဂ်လေးတန် ဖိုလ်လေးတန် လောကုတ္တရာဉာဏ်(၈)ပါးလုံး ဒိဋ္ဌဓမ္မရနိုင်တဲ့ တရားများဖြစ်ကြောင်း သိသာလှပါပြီ။ သို့ဖြစ်၍ ဒီအကျိုးတရားများရရှိရန်အရေးမှာ ဘဝသံသရာ ကမ္ဘာကမ္ဘာကြာအောင် စောင့်နေ မြှော်နေစရာမလို။ ကုသိုလ်ကံ ပါမပါ ပါရမီပြည့်မပြည့် စောင့်ကြည့်နေစရာ မလိုပါ။

အစမထင်တဲ့ သံသရာတလျှောက်မှာ မပြုခဲ့ရဘူးတဲ့ လောကီကုသိုလ်ရယ်လို့ မရှိပါဘူး။ ဒါန၊ သီလ၊ ဘာဝနာ စသဖြင့် အဖုံဖုံအဝဝ ပြုခဲ့ကြရဘူးပါပြီ။ ဒါတွေက လွန်ခဲ့တဲ့ အတိတ်တရားတွေမို့ ဘယ်ရွေ့ဘယ်မျှ ရှိမရှိ၊ ဘယ်အဆင့်ထိ ရောက်မရောက် တပ်သပ်သေချာ မပြောနိုင်ပါ။ သေသေချာချာ ပြောနိုင်တာကတော့ လက်ငင်းဒိဋ္ဌ ပြုနေကြတဲ့ ကုသိုလ်ကံများ ဖြစ်ပါတယ်။

မြန်မာပြည်ထောင်စုသားတိုင်းမှာ အလှူဒါနပေးကမ်းခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း စသဖြင့် ပုညကြိယာဝတ္ထုများ ပြုခဲ့ကြရပါပြီ။ ယခု ဒီစာကို ဖတ်ရှုကြားနာနေဆဲမှာလဲ ဓမ္မဿဝန၊ ဓမ္မဒေသနာ ပုညကြိယာဝတ္ထုများ ဖြစ်နေပါတယ်။ အရေအတွက်အားဖြင့် (၁၀)ပါး အပြားရှိတဲ့ ဒီပုည

ကြိယာ ဝတ္ထုများမှာ နောက်ဆုံးဖြစ်တဲ့ ဒိဋ္ဌိဇုကမ္မဟာ အထွတ်အထိပ်ဖြစ်ပါတယ်။

ဒိဋ္ဌိဇုကမ္မ=ဉာဏ်အမြင်ကို ဖြောင့်စွာပြုခြင်းလို့ သဒ္ဒါနည်းအရ တိုက်ရိုက်ပြန်ဆိုရပါတယ်။ တော်တည့်မှန်ကန်စွာ သိတတ်မြင်တတ်တဲ့ အသိဉာဏ်ကို ဆိုလိုရင်းဖြစ်ပါတယ်။ အသိဉာဏ်ဦးစီးထားတဲ့ ပုညကြိယာဝတ္ထုတိုင်းဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရေးအတွက် အထောက်အကူပြုနိုင်ပါတယ်။ ဒါ့ကြောင့် ယခုဘဝ ပြုပြုသမျှ ကုသိုလ်ကံတွေမှာ အသိဉာဏ်ရှေ့သွားရှိရင် လမ်းဖြောင့်ဖြောင့် သွားနိုင်ပါပြီ။

## ပါရမီ ပြည့်မပြည့်

ပါဠိဝေါဟာရဖြစ်တဲ့ ပါရမီဟာ အနက်နှစ်မျိုး ထွက်နိုင်ပါတယ်။ တမျိုးက အများနားရေဝထားတဲ့ အတိုင်း "ပြည့်ကျင့်ဆည်းပူးအပ်"ဆိုတဲ့ အနက်။ နောက်တမျိုးမှာ "တဖက်ကမ်းသို့ကူးမြောက်စေနိုင်ခြင်း"အနက် ဖြစ်ပါတယ်။

လောကီကုသိုလ်ဟူသမျှ အဖုံဖုံအဝဝပြုခဲ့ကြပြီးပြီမို့ သာဝကမှန်လျှင် ပါရမီဖြည့်ပြီးသားလို့ ဆိုလိုက်ပါတယ်။ ဒါဖြင့် ပါရမီဘယ်တော့ပြည့်မလဲ။

တဖက်ကမ်းသို့ ကူးမြောက်တဲ့ အချိန်မှာ ပြည့်ပါတယ်။ ဘယ်ကစလို့ ဘယ်မှာဆုံးမယ်မသိနိုင်တဲ့ မြစ်ကြီးတစင်း ဆိုပါစို့။ မိမိတို့ ရပ်တည်နေရာ ဤမှာဘက်၌ မှက်ခြင် ပိုးမွှား ကျားခြင်္သေ့စတဲ့အန္တရာယ်တွေ ပေါများ လှတယ်။ ဟိုမှာဘက်ကမ်းမှာ

တော့ အန္တရာယ် ရန်စွယ်ဟူ၍ လုံးဝ မရှိ။ အစဉ် ထာဝရ အေးမြသာယာလျက်သာ ရှိနေတယ်။

ဒီဘက်ကမ်းက အရမ်းသမားတွေဟာ "ဖောင်ပါလျှင် လိုရာ ရောက်တာဘဲ" ဆိုပြီး သစ်တွေ ဝါးတွေ စုဆောင်းကြတယ်။ ကြိုးတွေကြိမ်တွေစုလို့ သစ်ဖောင်ဝါးဖောင်ဖွဲ့ကြတယ်။ ဖောင်ရဲ့ ကျေးဇူးကြောင့် ရေထဲမှာ မြုပ်မသွားဘဲ အထက်စီးက နေနိုင် ပါရဲ့။ ဒါပေမဲ့ ခပ်စရာ တက်မပါလေတော့ ဟိုမှာဘက်ကမ်း တော့ မကပ်နိုင် မရောက်နိုင်ကြဘူး။

ဘုရားရဟန္တာ အရိယာသူတော်စင်များမှာတော့ ဒါန သီလ စသည်ပေါင်းစု မြတ်ကောင်းမှုဖောင်ကြီးကို သစ္စာဉာဏ် တက်မ ကြီးနဲ့ အချက်ကျကျလှော်ခပ်ပြီးတော့ သံသရာစခန်း ဖြစ်ပျက် ကမ်းမှ ခွာတော်မူခဲ့ကြတယ်။

ခေမာသောင်ထက်သို့ ခြေတဖက်ချမိပြီ ဆိုရင် ဖြည့်ကျင့် ဆည်းပူးလာသမျှ ပါရမီတွေ တလုံးတဝတည်းပြည့်သွားကြပါ တော့တယ်။ ဒီနေရာမှာဘဲ ပါရမီသဒ္ဒါရဲ့ အနက် နှစ်မျိုးလုံး တကွနက် ပေါင်းဆုံသွားပါတယ်။

## ပဓာနိယင်္ဂတရား (၅)ပါး

သစ္စာဉာဏ် အလင်းပေါက်လို့ တဖက်ကမ်း ရောက်သွားတာ ကိုဘဲ ပါရမီပြည့်တယ် ဆိုရပါတယ်။ ဒါကြောင့် ပါရမီ ပြည့်ဝ ရန် ဘဝသခၚ်ျ ကမ္ဘာကမ္ဘာ စောင့်နေစရာမလိုပါ။ ကုသိုလ်

တွေ ဘယ်ရွေ့ဘယ်မျှ ပြုခဲ့ရမယ်။ ပါရမီတွေ ဘယ်နှစ်ကမ္ဘာ ဖြည့်ခဲ့ရမယ်လို့ သာဝကတွေအဖို့ ဟောထားချက်မရှိပါ။ ပဓာနိယင်္ဂပါရား (၅)ပါးနဲ့ပြည့်စုံရင် မည်သူမဆို ရက်တိုတိုနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါတယ်။

ပဓာနိယင်္ဂမှာ ပုဒ်(၂)ခု ရောစပ်ထားပါတယ်။ ပဓာနိယ တပုဒ်။ အင်္ဂတပုဒ်။ သစ္စာဉာဏ် ရရှိရေးအတွက် မဆုတ်မနစ် အားသစ်သော ပုဂ္ဂိုလ်သည် ပဓာနိယ။ အဲဒီ ပဓာနိယပုဂ္ဂိုလ် မှာ မရှိရင်မဖြစ်တဲ့ အင်္ဂါ၅-ရပ်က....

(၁) သဒ္ဓါလက်ကိုင် ခိုင်မြဲရမည်။
(၂) ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်။
(၃) မာယာမနှော ဟုတ်တိုင်းပြောရမည်။
(၄) မဆုပ်မနစ် အားသစ်ရမည်။
(၅) အရိယဉာဏ် အမြင်သန်ရမည်။

ဒီအင်္ဂါ(၅)ပါးနဲ့ ပြည့်စုံသူဖြစ်ပါရင် ဟိုဘဝ ဒီဘဝဆိုတာ တွေ ရှည်လွန်းဝေးလွန်းလို့ အသာထားပါစို့။ နည်းလမ်းတကျ နှလုံးမခွဘဲ ကျင့်သုံးပါရင် (၇)ရက်နဲ့ နိဗ္ဗာန် ရောက်နိုင်ပါ တယ်။ အဲလေ ခုနစ်ရက်ကမှ ကြာပါသေးတယ်။ တရားတကွင်း နားသွင်းနေရာက မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါက်ပေါက်သွားတဲ့ သာဓကတွေ ရေတွက်လို့ မကုန်နိုင်ဘူး ဆိုတာ ကျမ်းဂန်များက ပြခဲ့ပြီဘဲ။

အမှန်တရားရှာကြရာမှာ ရှေ့လောကြီးမှုဟာ အစွန်းတဖက် ရောက်ရသလို နောက်တွန့်နေမှုဟာလဲ လမ်းလွဲတခုပါဘဲ။တရား

ဘာဝနာ ပွားများကျင့်သုံးပါသော်လဲ ဒီဘဝမှာဖြင့် မင်္ဂစော် ဖိုလ်စော် မနံ့။ နောက်ဘဝ သံသရာ အတွက် ပါရမီမျိုးစေ့ ကလေးမှ ပါပါဆိုတဲ့ ပါပါလူတန်းစားတို့ အတွက် အားဆေး တခွက် တိုက်လိုက်ပါတယ်။

တနည်းအားဖြင့် အနာဂတ် အိပ်မက်ကမ္ဘာမှာ မရေမရာ ယောင်ချာချာ ဖြစ်နေသူများကို ရေခဲရေပက်ပြီး နှိုးလိုက်ရခြင်း ဖြစ်ပါတယ်။

ကဲ အိပ်ရာကနိုးလာတဲ့ အခိုက်ကလေး ပြန်ပြီးတော့ မအိပ် လိုက်ကြပါနဲ့။ မနောဒွါရ ရုံတော်ကြီးထဲမှာ ဇာတ်စုံ ခင်းကျင်း လို့ ပွဲခင်းနေတာကို ခဏတဖြုတ် ကြည့်ကြပါအုံးစို့ ။

## နိဗ္ဗာန်ဆိုတာ

နိဗ္ဗာန် ဆိုတာကို ဟိုမှာ ဒီမှာ
ဗျာများမနေကြနဲ့။
ဟိုကမ္ဘာ ဒီကမ္ဘာ ဘဝသံသရာ
တွေနဲ့ တိုင်းတာ မနေကြနဲ့။
ဟိုဆရာ ဒီဆရာ မျက်နှာပေါင်း
မြောက် မြား စွာ ကို လိုက်ပြီး
ကြည့်မနေကြနဲ့။

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| ကရုဏာရိပ်မှာ ခွေးသိပ်ပါ | ၁ |
| အတတ်ပညာနဲ့သာသနာ | ၃ |
| လက်ငင်း ဒိဋ္ဌ အကျိုးတရား | ၄ |
| အာသဝက္ခယရေကန် | ၅ |
| ကုသိုလ်ကံ ပါ မပါ | ၇ |
| ပါရမီ ပြည့်မပြည့် | ၈ |
| ပဓာနိယင်္ဂတရား ၅–ပါး | ၉ |
| **အခန်း ၁၊ စိတ်အာရုံ** | ၁၇ |
| အာရုံမှာလဲ စိတ်နှင့်မကင်း | ၁၈ |
| ဥာဏ်ကျက်စားဘို့ ဝိထိချ | ၂၀ |
| မနောစိတ်မှာ ထင်လာသမျှ | ၂၁ |
| အတိတ်ကို ဖမ်းကိုင်ခြင်း | ၂၂ |
| ဇာတ်လမ်း မှတ်တမ်းတင် | ၂၄ |
| အုန်းမှုတ်ခွက်နှင့် ငွေတဆယ် | ၂၅ |
| အနံ့ရှုဋ္ဌါရဲ့ မရှိမုံ့ | ၂၇ |

မနောဝိညာဉ် ဆေးကြိမ်လုံး ၂၉
သူဇာတ်ဆရာ သူဇာတ်လိုက် ၃၁
ကိုယ့်တိုင်းပြည် ကိုယ်ရှင်ဘုရင် ၃၂
မမှိုလိုက်တာ အာရုံမပြုနိုင် ၃၄
စိတ်ဖန်ဆင်းတဲ့ အာရုံ ၃၆
စိတ်ဖန်ဆင်းတဲ့လောက ၃၇
ဇာတ်ဆရာရူးနဲ့ ဘီလူးမင်းသား ၃၉
ကိုယ်တိုင်ယက်တဲ့ ပင့်ကူအိမ် ၄၀
ဝိပါက်အမှန် ဇောအပြန် ၄၂
တန်လုပ်နဲ့ ရွှေသမင် ၄၄
လုပ်ဇာတ်တို့ရဲ့ ဖြစ်ရပ်မှန် ၄၅
ဇာတ်သိမ်းချိန်မှာ နေရောင်ဖြာ ၄၇

အခန်း ၂။ မစွဲမငြိ ဝိမုတ္တိ ၄၉
သာသနာ့ ရောင်ဝါ နေသို့ထွန်း ၅၀
ဥဒါန်း ပါဠိတော် ၅၂
အဖွင့်များစွာ ကျမ်းများစွာ ၅၃
ဖြစ်သဘော မဖြစ်သဘော ၅၄
ခွေးမဟောင် မီးမလောင် ၅၅
အကြောင်းရှိလျှင် အကျိုးထင် ၅၆
အကြောင်းမထင် အကျိုးစင် ၅၇
အဖြစ်မငြိမ်း ဇာတ်မသိမ်း ၆၀
အဖြစ်ငြိမ်း ဇာတ်သိမ်း ပြည်နိဗ္ဗာန် ၆၂
အဖြစ်ဟူ မြူမျှမရှိ ၆၃
အဋ္ဌကထာ အာဘော် ၆၅
ဖြစ်လျှင်ဒုက္ခ မဖြစ်မှ ချမ်းသာ ၆၇
မဖြစ်သဘော မဖြစ်လက္ခဏာ ၆၉

လွှတ်ရာနဲ့ မလွှတ်တာ ၇၁
ကုန်ရာနဲ့ ကုန်တာ ၇၂
ကုန်ရခြင်း အကြောင်းရင်း ၇၃
နှစ်မျိုးမပြား တသားထဲ ၇၅
သဏ္ဌာန်နိမိတ် အရိပ်မထင် ၇၆
သံသရာစက် ဖြစ်ပျက်မဆုံး ၇၀
ရေထဲကကြာ ရေမှာမထိ ၇၉
ဖြစ်ပျက်မရ အနိမိတ္တ ၈၀
သုံးမည်ရ ပြည်နိဗ္ဗာန် ၈၂
နိဗ္ဗာန်တရား အပြားမရှိ ၈၃
မရှိနိဗ္ဗာန် ၃–မျိုး ၈၅
အရှင်ဒဗ္ဗပရိနိဗ္ဗာန် စုံပုံ ၈၇
အကြောင်းချုပ်သာ ပဓာန ၈၉
သန္ဒိဋ္ဌိက ဂုဏ်တော် ၉၁
အကာလိက ဂုဏ်တော် ၉၃
ဧဟိပဿိက ဂုဏ်တော် ၉၄
ဩပနေယျိက ဂုဏ်တော် ၉၅
ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော် ၉၆
စကျွံ့ ဥဒပါဒိ ၉၀
တန္တဝါယ နည်း ၁၀၀
မစွဲမငြိ ဝိမုတ္တိ ၁၀၂
ကိုယ့်စိတ်သိလျှင် ကျမ်းဂန်မြင် ၁၀၄
အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်း ၁၀၀
ပူဆွေးမဝင် စိတ်ကြည်လင် ၁၁၀
အိုနာသေဝဋ် သက်ငင်းလွှတ် ၁၁၁

| | |
|---|---|
| **အခန်း ၃။ သိက္ခာသုံးရပ်** | ၁၁၅ |
| ဗောဓိဉာဏ် ဘက်တော်သားများ | ၁၁၆ |
| သတိပဋ္ဌာန်ဉာဏ်၏ ရွေ့သွား | ၁၁၈ |
| သတိနဲ့ သမ္မာသတိ | ၁၁၉ |
| ကျွတ်တမ်းဝင် မယ်ခေမာ | ၁၂၁ |
| အလှဘယ်မှာ ရှိသလဲ | ၁၂၃ |
| စိတ်သာရှင်စေ ဘုရားဟော | ၁၂၅ |
| ဆရာ့အထင်နဲ့ တပည့်အမြင် | ၁၂၆ |
| ပုဗ္ဗဘာဂ မဂ်မှ မိဿကမဂ်သို့ | ၁၂၈ |
| မဆုတ်မနစ် အားသန်တဲ့သဘော | ၁၃၀ |
| အရှင်အာနန္ဒာ ဝီရိယလွန်မိလို့ | ၁၃၂ |
| အကျိုးသက်ရောက်မှ အလုပ်ပီသ | ၁၃၃ |
| ပယ်တာနဲ့ ဖယ်တာ | ၁၃၅ |
| ဖြစ်လာသမျှ အကြောင်းနဲ့မကင်း | ၁၃၇ |
| ရှိပြီးသားမို့ အကြောင်းမလို | ၁၄၀ |
| ဘယ့်နှယ်မှမလုပ်တဲ့ သမ္မာဝါယာမ | ၁၄၂ |
| အဓိစိတ္တ အဓိပညာ | ၁၄၃ |
| အသိပါမှ အဓိသီလ | ၁၄၅ |
| ဘက်တော်သားတို့ စွမ်းရည် | ၁၄၆ |
| **နိဂုံး** | ၁၄၉ |
| အရဟံ ဂုဏ်တော် | ၁၄၉ |
| လမ်းဖောက်သူနဲ့ လမ်းလျှောက်သူ | ၁၅၀ |
| အမြတ်ဆုံး ပူဇော်နည်း | ၁၅၁ |

## အခန်း - ၁

# စိတ်အာရုံ

## အာရုံမှာလဲ စိတ်နဲ့မကင်း

"အဆင်းအာရုံ ရှိသလား"မေးရင် "ရှိတယ်" ဖြေကြလိမ့်မယ်။ "ဘာလို့ ရှိတယ် ဖြေနိုင်သလဲ" ထပ် ဆင့် လိုက် တော့ "မျက်စိနဲ့မြင်ရလို့"ဟုတ်တာပေါ့။ မြင်ရလို့ ရှိတယ်။မမြင်ရတာကိုဘယ်အဆင်းဘယ်အရောင် ဘယ်အာရုံရယ်လို့ဆိုနိုင်ပါ့မလား။

ယခု လောကဓာတ် ခေတ်ကြီးထဲမှာသာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ဓာတ်ရောင်ခြည်တွေ တွေ့ရှိလာကြတယ်။ ဒါတွေထားပါတော့။ သာမန် မျက်စိနဲ့ လူတိုင်း မြင်နေရတဲ့ နေရောင်ခြည်ထဲမှာဘဲ သက်တန့်ရောင်စဉ်တွေ ပါဝင်နေတယ်။ဝင်းထိန်နေတဲ့ နေရောင်ခြည်ထဲမှာ သက်တန့်ရောင်စဉ်တွေ မမြင်နိုင်ကြလို့ရှိတယ်မဆိုကြဘူး(ဝါ)သက်တန့်ရောင်စဉ်ဆိုတဲ့ အာရုံမပေါ်လာဘူး။

သုံးမြှောင့် ဖန်တုံးနဲ့ဖြစ်ဖြစ်၊ တဖွဲဖွဲကျနေတဲ့ မိုးရေမိုးပေါက်မှာဘဲဖြစ်ဖြစ်၊နေရောင်ခြည် ထင်ဟပ်လာတဲ့အခါ ရောင်စဉ်များကွဲထွက်လာကြတယ်။ ဒီတော့မှ သက်တန့်ရောင်စုံ ဆိုတဲ့ အာရုံထင်လာတယ်။ သိနိုင် မြင်နိုင်အောင် (ဝါ) သိစိတ် မြင်စိတ်ဖြစ်ပေါ်လာအောင် ရောင်စဉ် ခွဲမပေးသမျှ သက်တန့် ရောင်စုံဆိုတဲ့ အာရုံ မထင်လာနိုင်ပါဘူး။

ဒီမှာစောဒနာ ဝင်စရာရှိပါတယ်၊"နေရောင်ခြည်ထဲမှာ သက်တန့် ရောင်ခြည်တွေဟာ မျက်စိနဲ့ မမြင်နိုင်လဲ ရှိနေတယ်၊ဒီ့အတူ အာရုံတွေဟာလဲ သိစိတ် ခံစားစိတ်ဖြစ်လဲရှိ၊ မဖြစ်လဲရှိနေတယ်"

အထက်က ဥပမာမှာ ဒီဧောဒနာရဲ့အဖြေ ပါဝင်ပြီး ဖြစ်နေပါပြီ။ နေရောင်ခြည်ထဲ သက်တန့် ရောင်စဉ်တွေ ပါနေတာ နေရောင်ခြည်သက်သက်ကို မျက်စိနဲ့ ကြည့်လို့ သိရတာမှ မဟုတ်တာ။ရောင်စဉ်ခွဲ ကိရိယာတခုခုကြောင့် ရောင်စဉ်များ ကွဲထွက်လာမှ သိကြရ မြင်ကြရတာဘဲမဟုတ်လား။ ဒီ့အတူ သူ့ဟာသူ အဆုံးမထင်နိုင်တဲ့ အနန္တ စကြဝဠာမှာ သိစိတ် မြင်စိတ် မကျက်စားရသေးတာ အသင်္ချေအနန္တ။ ဒါတွေ အာရုံ မဖြစ်လာကြသေးဘူး။ သိစိတ် မြင်စိတ်နဲ့ ဆက်မိစပ်မိခါမှ အာရုံရယ်လို့ဖြစ်လာနိုင်တယ်။

အသံ အနံ့ စတဲ့ အာရုံတွေအတွက်လဲ ဒီနည်းအတိုင်း ဆက်စပ်ပြီး သဘောပေါက်သင့်ပါပြီ။ ဒီသဘောကို လက်ခံနိုင်မယ်ဆိုရင် စိတ်ဆိုတာ အာရုံနဲ့မကင်းကောင်းဆိုတဲ့ အဆိုအပေါ်မှာ အာရုံမှာလဲ စိတ်နဲ့ မကင်းကြောင်း အဆိုတခု ထပ်ဆင့်ပေးရင် လက်ခံနိုင်စရာ အကြောင်းရှိပါတယ်။

အာရုံတခုခု မထင်လာရင် စိတ်တခုမှမဖြစ်သလို စိတ်တခုခုမှ မဖြစ်သေးရင်လဲ အာရုံက မထင်လာသေးပါဘူး။ အာရုံ အမျိုးအမည် ကွဲပြားခြင်းဆိုတာ သိမှုခြင်းရာ ကွဲပြားခြင်းသာ ဖြစ်ပါတယ်။

အဆင်းအာရုံနဲ့ မြင်တဲ့စိတ် စက္ခုဝိညာဉ်။
အသံအာရုံနဲ့ ကြားတဲ့စိတ် သောတဝိညာဉ်။
အနံ့အာရုံနဲ့ နံတဲ့စိတ် ဃာနဝိညာဉ်။
အရသာအာရုံနဲ့ လျက်တဲ့စိတ် ဇိဝှာဝိညာဉ်။
အတွေ့အာရုံနဲ့ တွေ့ထိတဲ့စိတ် ကာယဝိညာဉ်။
ဝိညာဉ်(၅)ဖြာ အာရုံ(၅)ခုနဲ့ တွဲလျက်ရှိပါတယ်။

အဆင်းအာရုံ မထင်လာရင် မြင်တဲ့စိတ် မဖြစ်ပေါ်ပါ။ မြင်တဲ့ စိတ်ကို ဖယ်ထားရင်လဲ အဆင်းအာရုံ သက်သက်ကို ရှာမရနိုင်ပါ။ အသံအာရုံနဲ့ ကြားတဲ့စိတ် စသည်မှာလဲ ဒီနည်း အတိုင်း ပထျာဖြန့်ပြီး သိကြပါတော့။

## ဉာဏ်ကျက်စားတို့ ဝီထိချ

ဒီနေရာမှာ ရူပါရုံတခုခု ထင်လာပြီး နောက် အတီတဘဝင် ဘဝင်စလန နှစ်ချက်လှုပ်။ ထိုနောက် ပဉ္စဒွါရာဝဇ္ဇန်း၊ ဒီ့နောက်မှ စက္ခုဝိညာဉ်စိတ်ဖြစ်။ စသည်ဖြင့် ဝီထိ လက်ရိုး ပုံစံ တွေ သွားကြည့်မနေနဲ့ ဒါတွေက ဉာဏ်ကြီးကျယ် ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဉာဏ်ကျက်စားရအောင် ထားခဲ့တဲ့ နည်းနာ နိဿယတွေ။ တရားမြင်ရေးနဲ့ ဒါတွေ ဘာမှမဆိုင်ဘူး။

တရားသိမြင်ရေးဆိုတာ သန္ဒိဋ္ဌိက ဂုဏ်တော်နဲ့ ညီညွတ်ရ မှာမို့ မိမိကိုယ်တိုင် သိနိုင် မြင်နိုင် သုံးသပ်နိုင်တာကို သိမြင် သုံးသပ်ရေးကို ဆိုလိုတယ်။ မျက်စိ တမှိတ် လျှပ် တပြက် စိတ္တက္ခဏ ကုဋေတသိန်း ချုပ်တယ်လို့ စာဆိုရှိပါတယ်။ စာ အဆိုကို မှားတယ်ဆိုပြီး ပစ်ပယ်စရာ လုံးဝ မလိုပါဘူး။သို့သော် သရေးရှာဖွေသူများ ဆင်ခြင်သုံးသပ်နိုင်တဲ့ သိစိတ် မြင်စိတ်တွေ ဒါလောက်များများ ဖြစ်နိုင် မဖြစ်နိုင် စမ်းသပ်ကြည့်ပါ။

ခုနက ဆိုခဲ့တဲ့ မျက်စိတမှိတ် လျှပ်တပြက် ကာလကို စက် နာရီအားဖြင့် တစက္ကန့် ဆိုပါစို့။ မွှတ်နေအောင် လည်နေတဲ့ ပန်ကာတခုဟာ တစက္ကန့်မှာ အပတ်တရာ လည်တယ် ဆိုပါစို့။ တစက္ကန့်မှာ အပတ်တရာလည်တာကိုမှ မိမိတို့ မြင်စိတ်က မိမိရရ

မဖမ်းနိုင်တာကို တွေ့ရပါလိမ့်မယ်။ အသံ အနံ့ စတဲ့ အာရုံကိုလဲ ဒါလောက် တိုတောင်းတဲ့ ကာလအတွင်းမှာ သိသိမှတ်မှတ် ဖြစ်ဖို့ မလွယ်ပါဘူး။ သိစိတ် ခံစားစိတ် ဖြစ်မလာနိုင်ပါဘူး။

ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ အနိစ္စသဘောအရ ဖြစ်ပြီးရင်း ပျက်နေကြမှာပေါ့။ ဖြစ်ကာနဲ့ ပျက်ဟာ ကြားကာလဟာလဲ လူတို့ အမှတ်အသားနဲ့ တိုင်းတာလို့ မရနိုင်အောင် တိုတောင်းကြမှာပေါ့။ သူတို့ ဖြစ်တိုင်း ပျက်တိုင်း ခရေစေ့တွင်းကျ သိဘို့ထက် သိနိုင်သမျှ မြင်နိုင်သမျှကို အမှန်အကန် သိဘို့ မြင်ဘို့က အရေးကြီးပါတယ်။

အဆင်း အသံစတဲ့ ပဉ္စာရုံများ စိတ်နဲ့မကင်းနိုင်ကြောင်းကို သဘောပေါက်ရင် မနောဒွါရမှာ ထင်လာကြတဲ့ ဓမ္မာရုံ အမျိုးမျိုးကိုလဲ စောကြောဝေဘန်နိုင်ရန် အခြေခံရပြီး ဖြစ်ပါလိမ့်မယ်။

## မနောစိတ်မှာ ထင်လာသမျှ

ပဉ္စာရုံများမှာ သူ့တံခါးပေါက်နဲ့သူ သူ့ဝိညာဉ်နဲ့သူ မူသေတွဲပြီးသား။ နောက်ပြီး ထင်လာသမျှ အာရုံတွေဟာလဲ ပဉ္စဝိညာဉ်များနဲ့ ထပ်တူထပ်မျှ ဖြစ်တုန်းဖြစ်ဆဲ။ ပဉ္စ ဝိညာဉ်နဲ့ ပဉ္စာရုံကို ဟသိးတသန့် ခွဲခြားလို့မရနိုင်မှတော့ ပဉ္စ ဝိညာဉ်ကလဲ ပစ္စုပ္ပန်၊ ပဉ္စာရုံကလဲ ပစ္စုပ္ပန် ဖြစ်ရတော့တယ်။

ဒါဖြင့် ဖြစ်တုန်းဖြစ်ဆဲ မနောဝိညာဉ်တို့ရဲ့ အာရုံတွေကိုလဲ ပစ္စုပ္ပန်ချည့်ဘဲ သိမ်းကျုံး ဆိုတော့မလား။

မနောဝိညာဉ်ရဲ့ အာရုံကျက်စားမှုက ပဉ္စဝိညာဉ်ထက် ပိုပြီး နယ်ကျယ်တယ်။ ရှုပ်လဲ ရှုပ်ထွေးနေတယ်။ မနော ဝိညာဉ်ရဲ့ အာရုံကျက်စား အလုပ်များပုံများ တင်ပြပြီးခါမှ ဒီပြဿနာကို ဖြေဆိုနိုင်ပါလိမ့်မယ်။

မနောဒွါရမှာ အာရုံတွေထင်လာရပုံ အမျိုးမျိုးကို ကျမ်းဂန်များမှာ ပြဆိုထားပါတယ်။ ဒီအထဲက ကံကြမ္မာကြောင့် သေခါနီး အာရုံထင်လာရပုံများ။

ဓာတ်လေးပါး ချောက်ချားလို့၊ ငန်းဖမ်းလို့၊ အရူးထလို့၊ ကယောင်ကတမ်း ထင်မြင် ပြောဆို ခံစားရခြင်းများ။

နတ်ကောင်း၊ နတ်မိစ္ဆာများ ပူးစားခြင်း၊ နှိုးဆော်ခြင်း ကြောင့် ထိုထိုအာရုံ နိမိတ်ပုံ ထင်လာခြင်းများ။

ဒါတွေဟာ ကာယကံရှင်က ပြုပြင်နိုင်တာ မဟုတ်ပါဘူး။ ဆင်ခြင်သုံးသပ် ဆုံးဖြတ်နိုင်စရာ မရှိပါဘူး။ ဒါကြောင့် ဒီလို ထင်ပုံ မြင်ပုံမျိုးတွေ အသာ ဘေးဖယ်။ မိမိက မဆင်ခြင် မသုံးသပ်လို့ ထပ်ကာထပ်ကာ မပြတ်တမ်းဖမ်းစားနေကြတဲ့ ဥပါဒါန် အာရုံတွေကို ဆွဲထုတ်ပြလိုက်ပါတယ်။

## အတိတ်ကို ဖမ်းကိုင်ခြင်း

အဆင်း အသံစတဲ့ ပဉ္စာရုံမှတပါး ရှိရှိသမျှ ရုပ်ဓမ္မ နာမ်ဓမ္မ များနဲ့တကွ နိဗ္ဗာန်နဲ့ ပညတ်များပါ ဓမ္မာရုံမှာ သိမ်းကျုံးပြီး ရေတွက်ထားရပါတယ်။ ဓမ္မာရုံများရော ပဉ္စာရုံများပါ မနော ဝိညာဉ်ရဲ့ ကျက်စားရာဖြစ်ပါတယ်။ မနောဝိညာဉ် ကျက်စားရာ ဌာနကြီးကတော့ မနော ဆိုတဲ့ တံခါးပေါက်မှာဘဲ ဖြစ်ပါတယ်။

လူတိုင်း လူတိုင်းမှာ ကိုယ်တိုင် ဒိဋ္ဌတွေ့ကြုံခံစားခဲ့ရတဲ့ အာရုံတွေ ရှိကြပါတယ်။ ဆင်းရဲချမ်းသာ ဝေဒနာများကို ကိုယ်ရောစိတ်ပါ ခံစားခဲ့ကြရပါတယ်။

မြင်ခဲ့ဘူးသမျှ၊ ကြားခဲ့ဘူးသမျှ၊ နမ်းခဲ့ဘူးသမျှ၊ လျက်ခဲ့ စားခဲ့ မျိုခဲ့ဘူးသမျှ အာရုံတွေဟာ အခု မရှိတော့ပါဘူး။ ဒီအာရုံတွေနဲ့ပတ်သက်ပြီး ပူပန်ခဲ့ရ ကြည်နူးခဲ့ရတာတွေလဲ အခု မရှိတော့ပါဘူး။ အာရုံများနဲ့ တကွ သိတတ် ခံစားတတ်တဲ့ စိတ်ဝိညာဉ် (၆)ပါးလုံးဟာ ဟိုတုန်းက ဖြစ်ပြီး ဟိုတုန်းက ပျက်ခဲ့ပြီ။ ဟိုနေရာ ဖြစ်ခဲ့တာတွေ ဟိုနေရာမှာဘဲ ချုပ်ကွယ်ခဲ့ကြရပါပြီ။

ဒါကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်မှာ အတီတာ ဓမ္မာဆိုတဲ့ ဥဒ္ဒေသကို —

ဥပ္ပဇ္ဇိတွာ၊ အကြောင်းအားလျော်စွာ ဖြစ်တုန်းက ဖြစ်ခဲ့ဘူး၍၊ ဝိဂတာ၊ အခုတော့ ကင်းပြီ၊ ရှင်းပြီ၊ စာရင်းပိတ်သွားပြီလို့ ဖွင့်ဆိုထားပါတယ်။

အတိတ်ဆိုတာ ဖြစ်ပြီးလို့ လွန်သွားတာ။ ချုပ်သွားတာ။ ကိုင်စမ်း ဖမ်းလို့ ရနိုင်တော့တာ မဟုတ်ဘူး။

ကဲ ဒီမှာ စာဒကဆရာကြီးများ ကြွခဲ့ကြပေရော့။

“အတိတ်ဆိုတာ ကိုင်စမ်း ဖမ်းလို့မရနိုင်တော့ဘူးလို့ ဆရာတော်ဘုရားက အမိန့်ရှိတော်မူပါတယ်၊ ဒါဖြင့် အရှင်ဘုရား မနေ့က ဘာဟင်းနဲ့ ဆွမ်းဘုဉ်းပေးတော်မူပါသလဲ”

ဒီတော့ ဦးဇင်းဘက်ကလဲ ဖြေဘို့ အရံသင့်ပါဘဲ။

“ပဲရေစိမ်ပွနဲ့ စားခဲ့ပါသဗျား”

## ဇာတ်လမ်း မှတ်တမ်းတင်

ပရမတ္ထ သဘောတရား ဆိုတာ နေရာအားဖြင့် ဆံခြည်တမျှင်မှ မရွေ့လျားဘူး။ ကာလအားဖြင့် နေ့ရက် နာရီတွေထား၊ စက္ကန့်ပိုင်းရဲ့အသေးဆုံး အစိတ်အပိုင်းထိ လိုက်ပါမလာကြဘူး။ မနေ့က အရှင်ဘုရားရယ်လို့ ခေါ်ဝေါ် သတ်မှတ်အပ်တဲ့ ပရမတ္ထ တရားတွေက ပျံ့တော်မူသွားကြပြီ။ ဆိုင်းမပါ ဗုံမပါ ပြာသာဒ်မပါအေးယာဉ် မကြူးရဘဲ ပြာကျသွားကြပြီ။ အဲဒီ ပရမတ္ထတရားတွေဟာ အခု စာရေးနေတဲ့ ဦးဇင်း မဟုတ်။ ဒီတော့ ဆက်မေးကြအုံးပေါ့။

"ဒါဖြင့် ဒီနေ့ ဒီအချိန်မှာရှိတဲ့ ဦးဇင်းက မနေ့က ချုပ်ခဲ့ပြီးတဲ့ ရုပ် နာမ် ခန္ဓာ(ဝါ)ဆွမ်းစားခြင်း ကြိယာနဲ့ ခေါ်ဝေါ် သတ်မှတ်အပ်တဲ့ အာရုံ အာရမ္မဏိက တရားများကို ဘယ်လို လုပ်ပြီး အဖြေ ပေးနိုင်ပါသလဲ၊ မိမိကိုယ်အဖြစ်နဲ့ အဖြေပေးသလား၊ တခြားစီ တပါးစီ သဘောနဲ့ အဖြေပေးသလား"

ဒါတွေ အားလုံးအတွက် အဖြေပေးရရင် သညာက္ခန္ဓာရဲ့ လုပ်ငန်းတခုသာ ဖြစ်ကြောင်း တင်ပြရပါလိမ့်မယ်။

မနေ့က ချုပ်ပျောက်ခဲ့တဲ့ ဦးဇင်းဟာ ဒီကနေ့ဦးဇင်းအတွက် သူ့ရုပ်လက္ခဏာနဲ့တကွ စိတ်နေသဘောထားပါမကျန် လက်လွှဲပေးလိုက်တယ်။ ဒီကနေ့ ဦးဇင်းကလဲ နောက်နောက်နေ့ ဦးဇင်းများအတွက် လက်လွှဲပေးလိုက်ရအုံးမှာဘဲ။ ဒါကြောင့် မို့ မနေ့က ဦးဇင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ သညာက္ခန္ဓာဟာ ဒီကနေ့ သညာက္ခန္ဓာကို သူ့ လုပ်ငန်းတွေ လွှဲပြောင်းပေးလိုက်ပါတယ်။

သညာက္ခန္ဓာရဲ့အလုပ်က မှတ်တမ်းတင်တဲ့အလုပ်။ သူ့ ဘုတ်အုပ်ကြီးထဲမှာ တွေ့ကရာမြင်ကရာတွေ မှတ်မှတ်ထားတာ အများကြီးပေါ့။ တချို့က ခပ်မှိန်မှိန် တချို့ကတော့ ထင်ထင်ရှားရှား။ ခဲတံနဲ့ တို့ကာ ပင့်ကာ ရေးထားတာလေးတွေက ကာလရှည်လျားတော့ ပျက်ပြယ် သွားကြတယ်။ ဖောင်တိန်နဲ့ မင်နဲ့ ကျကျနန ရေးခြယ် ထားတာတွေကတော့ ပျက်ဖို့ မလွယ်လှပါဘူး။

မှတ်တမ်း အရာမှာ ဇာတ်လမ်း ချချပြီး ကြည့်လိုက်တော့ မနေ့က ဦးဇင်း ပဲရေစိမ်ပွနဲ့ ဆွမ်းစားတယ်။ ဒီနေ့တော့ ဥပုသ်နေ့မို့ ပေါင်မုန့် ကိတ်မုန့်တွေ ကော်ဖီနဲ့ မြိုးနေတယ်။နက်ဖြန်ကျတော့ ဒီနေ့က လက်ကျန်လေးတွေနဲ့ ထုတ်ပြီး စားအုံးမှာ၊ ဒါ ဇာတ်လမ်းဘဲ။ အတိတ်နဲ့ ပစ္စုပ္ပန်ကနေ အနာဂတ် အထိ ဆက်စပ်ပြီးယူတာကို ဇာတ်လမ်း ခေါ်ရတယ်။ ဂီတသံစဉ်တွေ အရသာခံနိုင်ကြတာလဲ ဒီလို ကာလသုံးပါးနဲ့ ဆက်စပ်ထားလို့ဘဲ မဟုတ်ပါလား။

## အုန်းမှုတ်ခွက်နဲ့ ငွေတဆယ်

ဒီတော့ စောဒကဆရာက မေးလက်စနဲ့ ဆက်မေးစမ်းပါအုံး။

"သညာက္ခန္ဓာရဲ့ လုပ်ငန်းအရ မနေ့ကဟာကို ဒီကနေ့ပြန်ပြီး ဖြေရတယ်ဆိုရင် မနေ့ကစားခဲ့တဲ့ ပဲရေစိမ်ပွဟာ ယနေ့ထိ မရှိနိုင်တော့ဘူးလား။

အို ဒီလိုမဟုတ်ပါဘူး။ ရှိပါတယ်။ ဒီကနေ့အထိ ရှိလို့ကို ဒီအဖြေပေးနိုင်တာပေါ့။

ဒါဖြင့် ဘယ်လိုပေးနိုင်သလဲဆိုရင်တော့ ဦးသူတော်ရဲ့ အနုန်းမှတ်ခွက်နဲ့ ငွေတဆယ်ရှိသလို ရှိတယ်လို့ ဖြေရပါလိမ့်မယ်။

တခါက ဖိုးသူတော်ကြီးတပါးဟာ အလှူခံရခဲ့တဲ့ ဆန်တွေ ရောင်းချလို့ ငွေတဆယ်ရတယ်။ ရှေးခေတ်ကဆိုတော့ ငွေဒင်္ဂါးတွေပေါ့။ ငွေဒင်္ဂါး စစ်စစ် ဆယ်ပြားကို ဖိုးသူတော်ကြီးဟာ ကျောင်းနဘေးက ခြုံကောင်းကောင်းမှာ အနုန်းမှုတ်ခွက်တခုနဲ့ မြှုပ်ထားခဲ့တယ်။ နောက်ပြီး ရွာနီးချုပ်စပ်မှာ ထုံးစံအတိုင်း ဆန်အလှူခံ ထွက်ပြန်တယ်။

ရပ်ထဲရွာထဲမှာ ဆန်တပြည် တခွက်အတွက် အရေးမကြီးသူရှိသလို တပန်းကန်လောက်လေးကိုမှ မတတ်နိုင်သူကလဲ အများသား။ လက္ခဏာမပြည့်စုံတဲ့သူများက ဦးသူတော်ရယ် လောင်းစရာဆန်မရှိလို့ ကန်တော့ပါသေး ဆိုပြီး ကန်တော့ဆန် လောင်းကြတယ်။

ဒါကို ပစ္စည်းမာန် တက်နေတဲ့ ဖိုးသူတော်က မကျေနပ်ဖူး။ ဒါလောက် အသေးအဖွဲလေးကိုမှ မလှူမတန်းနိုင်တာကို ခွင့်မလွှတ်နိုင်ဘူး။ ဒါကြောင့် သူက ခပ်မာမာ ပြောလိုက်တယ် "ဟေ့ မရှိစကားတွေ နားခါးဘယ်၊ လှူမှန်ရင် အနုန်းမှုတ်ခွက်နဲ့ ငွေတဆယ်တော့ ရှိကြတာချည့်ဘဲ"။

သူကသာ ရှိနေတယ် သူ့ငွေတဆယ်ကတော့ မြှုပ်တဲ့နေ့ကထဲက မရှိတော့ဘူး။ နွားကျောင်းသား လက်ထဲ ပါသွားပြီ။ ဦးဇင်း့ရဲ့ ပဲရေစိမ်ပွရှိတာကလဲ ဖိုးသူတော်ကြီးရဲ့ ငွေတဆယ်လို ပါဘဲ။

ဖိုးသူတော်ကြီးဟာ ရွာစဉ်လျှောက်ရင်း အနုန်းမှုတ်ခွက်နဲ့ ငွေတဆယ်ကို စာရွတ်အုံးမှာဘဲ။ ဦးဇင်းကလဲ မေးသူရှိတိုင်း မနေ့က

မနေ့ကဟာတွေ ဖြေနေရမှာဘဲ။ ဒီပုဂ္ဂိုလ် နှစ်ဦးအနက် ဘယ်သူ ရှုံးတယ်လို့ ဆိုချင်သတုံး။ ဘယ်သူမှ မရှုံးပါဘူး။ နှစ်ဦးစလုံး ရှိတာပြောလို့ ရှိဟာ ဖြေနေကြ ာပါဘဲ။ ဘယ်မှာ ဘယ်လို ရှိသလဲဆိုတာ စာဖတ်သူတွေ ရိပ်မိလောက်ပါပြီ။

## အနုရုဒ္ဓါရဲ့ မရှိမှု

ဇိနတ္တပကာသနီဖတ်ခဲ့ဘူးတဲ့ ဦးကြီး အဒေါ်ကြီးတွေ မှတ်မိကြပါလိမ့်မယ်။ ဒိဗ္ဗစက္ခု အဘိညာဉ်အရာ ဧတဒဂ်ဂုဏ်ထူးရတဲ့ အရှင်အနုရုဒ္ဓါဟာ မင်းသားဘဝမှာကတည်းက ထူးချွန်သူဖြစ်ပါတယ်။ ဘဝအကျိုးပေးကောင်းသူ ဖြစ်တဲ့အတွက် မရှိ မဝ မရ ဆိုတာ လုံးဝ နားမလည်နိုင်အောင် ဖြစ်ခဲ့ရတယ်။ သူလိုချင်တာ အကုန်ရှိနေတယ်။ သူဝေါင့်တလေသမျှ အကုန် ပြည့်ဝတယ်။ သူတမ်းတာတာ ဘာမဆို ရနိုင်တယ်။

တနေ့သ၌ မင်းသား အဖော်များနဲ့ ကြွေအန် ကစားရာမှာ အနုရုဒ္ဓါမင်းသား ရှုံးတယ်။ မုန့်လောင်းတမ်းကစားကြတာမို့ နောက်တဝိုင်း ထိုင်နိုင်ဘို့ သူ့မိခင်ဆီ မုံ့တောင်း လွှတ်လိုက်ရတယ်။ သူ့မိခင်ကလဲ သူ့သားလိုရာ ဘာမဆို ပေးနေကျမို့ မင်းချင်း ယောကျ်ား လက်မှာ ရွှေအုပ်နဲ့တကွ မုံ့များပေးလိုက်တယ်။ အဲဒီနေ့ကတော့ အနုရုဒ္ဓါ ရှုံးဘက်ကချည်း၊ တခါက နှစ်ခါ သုံးခါတိုင်တိုင် ရှုံးလေတော့ မိခင်က ဆက်ကစားနေရင် မင်းသား စိတ်ဓာတ် ကျမှာစိုးလို့ မုံ့မရှိတော့ဘူးလို့ မင်းချင်း ယောကျ်ားကို ပြောလွှတ်လိုက်တယ်။

မင်းချင်းယောကျ်ားဆီက တဆင့် မိခင့်စကား ကြားလိုက်ရတော့ အနုရုဒ္ဓါမင်းသား နားမလည်ဘူး။ မရှိဆိုတာကိုဘဲ

မှုံတမျိုးထင်နေတယ်။ ဒါကြောင့် အဲဒီမရှိမှုံကိုဘဲ ပေးလိုက်ပါ ဆိုတာနဲ့ မိခင်က ရွှေအုပ်ကို ထဲရောပြင်ပါ ရေစင်စင် ဆေးပြီး တော့ ဟန်မပျက် အုပ်ပေးလိုက်တယ်။ ဒါကို မြို့စောင့်နတ်များက မနေသာလို့ နတ်တို့ရဲ့ အစားအစာ မှုံများ ထည့်ပေးလိုက်ရပါသတဲ့။

ဦးဇင်းကလဲ အရှင်အနုရုဒ္ဓါကို အားကျပြီး မရှိကို အရှိလုပ်ကြည့် သေးတာပေါ့။ အရှင်အနုရုဒ္ဓါကို အားကျပြီး အရှင်အနုရုဒ္ဓါ ဘုန်းတန်ခိုးကြီးသလို ဦးဇင်းကလဲ ဘုန်းတန်ခိုးကြီးတာပါဘဲ။ နဲနဲလေး ကွာခြားတာကတော့ အရှင်အနုရုဒ္ဓါက နတ်တို့အစားအစာ နတ်မုန့်များ ဘုဉ်းပေးရတယ်။ ဦးဇင်းကတော့ မိုးစိုစိုမှာ ပဲရေစိမ်ပွလေးတောင်မှ အခုမရှိတော့လို့ ဖြစ်တဲ့နည်းနဲ့ အရှိလုပ်ယူထားရတယ်။

ဦးဇင်း မနေ့ကစားခဲ့တဲ့ ပဲရေစိမ်ပွဟာ ညိုမဲနေသလား နီရဲနေသလား။ ဒီနေ့ကြည့်လို့ မမြင်နိုင်၊ သူ့ကိုဝါးလိုက်လို့ ကြိုးကြိုးကျဲကျဲ မြည်လာတာလဲမရှိ။ အနံ့အသက်လဲ ခံလို့မရ။ အရသာခံစားလို့ မပေါ်နိုင်။ ရေစိမ်များလို့ ပွစိစိနေမလား။ ရေစိမ်မဝလို့ မာဆတ်ဆတ်နေမလား။ ဒါလဲဘဲ စမ်းကြည့်လို့မရတော့။ သွားလေသူ ပဲရေစိမ်ပွကို မျက်စိ နား နှာ လျှာ ကိုယ် တို့နဲ့ သုံးသပ်ဆုပ်ကိုင်လို့မရတော့ပေမဲ့ ဦးဇင်းအခုနေနဲ့ မြင်နေရတယ်။ သူ့ကို ဝါးလိုက်လို့ ကြိုးကြိုးကျဲကျဲ မြည်သံကိုလဲ ကြားရတယ်။ အနံ့အသက်ခံလို့လဲရတယ်။ အရသာလဲရှိနေတယ်။ လက်မပါဘဲနဲ့လဲ စမ်းကိုင်လို့ ရတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာနဲ့ ကိုယ်လက်အင်္ဂါတွေ မပါဘဲ သူတို့အလုပ်တွေကို လုပ်ကိုင် ဆောင်ရွက်လို့

ရနေတယ်။ (တော်တော် ဘုန်းတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်နော်၊ မနော မဟိဒ္ဓိ ဆိုတာ ဒါမျိုးဘဲ ထင်ပါရဲ့။)

မျက်စိနဲ့မြင်ရတဲ့ ရုပ်ပါရုံဟာ ပစ္စုပ္ပန်ကာလ မချုပ်မပျောက်သေးမီ တိုက်ရိုက်ထင်ရှား ထင်ဟပ်နေတာ ဖြစ်ရမယ်။ ဦးဇင်းကတော့ မရှိတော့ပေမဲ့ ကြည့်လို့ မြင်နေရတယ်။ မရှိတော့တဲ့ အသံကိုလဲ ကြားနိုင်တယ်။ ညှော်သွေသွားတဲ့အနံ့ကိုလဲ ရှူကြည့်လို့သိတယ်။ ပျက်ပြယ်သွားတဲ့ အရသာကိုဘဲ ခံစားလို့ရတယ်။ လုံးဝမရှိတော့တာကိုလဲ ကိုင်လို့ရနေတယ်။ အနုရုဒ္ဓါမင်းသားနဲ့ တော့ တယ်မကွာလှဘူး။

အနုရုဒ္ဓါ မင်းသားရဲ့ မရှိမှုဟာ ရွှေအုပ်ထဲမှာ ရှိလာသလို ဦးဇင်းရဲ့ ပဲရေစိမ်ပွကလဲ မနောထဲမှာ ရှိပါတယ်။ အနုရုဒ္ဓါမင်းသားရဲ့ မုံ့ကို မြို့တော်စောင့် နတ်တွေက ထည့်ပေးလိုက်တယ်။ ဦးဇင်းရဲ့ ပဲရေစိမ်ပွကိုတော့ မနောဝိညာဉ်က ဖန်တီးလို့ပေးလိုက်ပါတယ်။

## မနောဝိညာဉ်ဆေးကြိမ်လုံး

မနောဝိညာဉ်ဆိုတဲ့ ဆေးကြိမ်းလုံးဟာ အင်မတန်မှ တန်ခိုးကြီးတယ်။ ဒီဆေးကြိမ်လုံးနဲ့ရိုက်လိုက်ရင် သေပြီးသူများသော်မှ အသက်ဝင်လှုပ်ရှားလို့ လာရပါတယ်။

ဆေးကြိမ်လုံးနဲ့ရိုက်ခေါ်တဲ့အခါ ကမ္ဘာဦးအစ မဟာသမ္မတမင်းကြီးလဲ သန်လျက်ကြီးဆွဲပြီး ထလာရတယ်။ ခြေဖဝါး ခားခွဲခံရတဲ့ဗိမ္ဗိသာရမင်းကြီးလဲ ကိုယ်ရောစိတ်ပါ အနာမရှိ ကျန်းမာပကတိနဲ့ ဘုရားကျောင်းတော် သွားနိုင်တော့တယ်။ ဝိသာခါ တကမကြီးမှာလဲ ဘားသမီးမြေးမြစ် တရာကျော် ခြံရံပြီး ပုဗ္ဗာရုံ

ကျောင်းပရဝုဏ်မှာ ဗိုက်ကိုစည်တီးလို့ လှည့်နေရတယ်။နောက်ဆုံးအချိန်မှာ အကျွတ်တရား ရသွားတဲ့ ဥပကရဟန်းကြီးမှာလဲ သက်န်းမပါ ဘလာကျောပြောင်ဖြင့် မဆာဝါဆီက ကလေးငယ်ကို ကပိုကရို လက်ပြောင်းယူလို့ နေရတယ်။

မနောဝိညာဉ် ဖန်တီးလေသမျှ ဇာတ်ကွက်ဇာတ်လမ်းတွေက ဘယ်ပေါ့မှ ကုန်သွားမှာ မဟုတ်ဖူး။ ဘယ်ခေတ် ဘယ်အခါ ဘယ်ရာစုနှစ် ရောက်ရောက် ဒီဇာတ်ကွက်တွေကတော့ အသက်ဝင်နေအုံးမှာဘဲ။

ဗုဒ္ဓမြတ်စွာ လက်ထက်က တခေတ်ပြီးတခေတ် လက်ဆင့်ကမ်း လာခဲ့တဲ့ ဒီဇာတ်ကွက်တွေကို အဋ္ဌကထာဆရာ ဋီကာဆရာကြီးများက မှတ်တမ်း တင်ထားခဲ့တယ်။ သူတို့ မှတ်တမ်းဟာ ပုရပိုက်ပေါ်မှာ ကန့်ကူဆံနဲ့ ရေးထားကာမျှ။ ပေပေါ်မှာ ကညစ်ရေးတင်ကာမျှသာ ဖြစ်ပါတယ်။ ဒီပေတွေ ဒီပုရပိုက်တွေက အသက်ဝင်လာအောင် မစွမ်းမဆောင်နိုင်ပါဘူး။ ပေပေါ်မှာ ပုရပိုက်ပေါ်မှာရှိတဲ့ စာလုံးတွေမှာ အသက်မဝင်လာသေးပါဘူး။

ဒါကိုမှတဖန် ပါဠိဘာသာ တတ်ကျွမ်းတဲ့ ရဟန်းပညာရှိများက မြန်မာဘာသာ ပြန်ဆိုကြတယ်။ တရားနာ ပရိသတ်ကို ကြောင်းကျိုးပြလို့ နားချကြတယ်။ သူတို့ ဟောပြောချက်မှာ ဝမ်းလေကြုတ်ကြုတ်နှုတ်ခမ်းလှုပ်ရုံမျှသာ။စကားကြိယာလေသံမျှသာ ဖြစ်ပါတယ်။ ဟောပြောကြ ရွတ်ဖတ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ဒီဇာတ်ကွက်တွေ အသက်ဝင်အောင် မစွမ်းဆောင်နိုင်ပါဘူး။ ဟောသံပြောသံ ရွတ်ဖတ်သံတွေ အသက် မဝင်လာသေးပါဘူး။

ကျမ်းပြုဆရာများရဲ့ စာလုံးတွေ၊ ဓမ္မကထိကများရဲ့ စကားသံတွေဟာ မနောဝိညာဉ်ဆေးကြိမ်လုံးနဲ့ တို့လိုက်ပါမှ အသက်ဝင် လှုပ်ရှားလို့ လာတော့တယ်။ မနောဝိညာဉ် ဆေးကြိမ်လုံးနဲ့ မတို့မထိရသေးရင်တော့ ကျမ်းစာတွေလဲ စာတိုက်ထဲမှာဘဲ ခြစားလို့ကုန်ကြမယ်။ စကားသံတွေဟာလဲ လေထဲမှာဘဲ လွင့်ပျောက်လို့ ကုန်ကြမယ်။ ဘယ်ဇာတ်ကွက် ဘယ်အသက်မှ ဝင်လာကြမှာ မဟုတ်ဖူး။

## သူ့ဇာတ်ဆရာ သူ့ဇာတ်လိုက်

အသက်ဝင်နေတဲ့ ဇာတ်ကွက်တွေ ပြန်ကြည့်ကြအုံးစို့။

ပထမဦးဆုံး မဟာသမ္မတ မင်းကြီးဟာ ရာဇပလ္လင်ထက်မှာ နေပြီး လူတွေကိုသာမက ကျေးငှက်သတ္တဝါ သားသမင် ပေါင်းစုံကိုပါ တရားသဖြင့် အုပ်ချုပ်မှုပေးနေတယ်။ သူတို့လုပ်လိုက်လို့ ရရှိသမျှထဲမှ ဆယ်ဘို့ တဘို့သော အခွန်ဘဏ္ဍာကို ယူပြီး တရားမှုခင်းများ ရှင်းလင်းဆုံးဖြတ်ပေးနေတယ်။ ဒါဖြင့် ဒီဇာတ်လမ်းမှာ မဟာသမ္မတမင်းကြီးဟာ ဇာတ်လိုက် ဖြစ်ပါသလား။ သူ့ဇာတ်လမ်းပေမဲ့ သူ့ဇာတ်လိုက် မဖြစ်နိုင်ပါဘူး။

ခြေဖဝါး ခေါ်ခွဲခံရတဲ့ဗိမ္ဗိသာရမင်းကြီးလဲ ဇာတ်လိုက်မဟုတ်သေးပါ။ သူမှမဟုတ်သေးရင် သားဖြစ်သူ အဇာတသတ်နဲ့ ရှင်ဒေဝဒတ်တို့ကို အသာထားလိုက်ပါတော့။

သားမြေးမြစ်တရာကျော်နဲ့ ပျော်ပျော်ကြီးနေခဲ့တဲ့ တကာမကြီး ဝိသာခါ။ ဒီထဲက ဟယောက်တလေ ပွဲထွက်သွားတဲ့အခါ အောင်ကြီးဟစ်ကျယ် ငိုလို့မပြီးနိုင်တဲ့ တကာမကြီး။ ထိုင်ရာထရာမှာ အနည်းငယ် လေးလံတာကလွဲရင် သမီးများနဲ့ ထပ်တူထပ်မျှ

အရွယ်တင်လှတဲ့ ဝိသာခါ ဟာကာမကြီးလဲ သူ့ဇာတ်လမ်းမှာ ဇာတ်လိုက်မဖြစ်ရှာရပါဘူး။

ဥပကအဖိုးအိုဟာ ကလေးကင်္ဂါ သေးကာစိ ပုဆိုးအိုပျောက်လို့ မယားအငေါက်ခံရတဲ့ ဇာတ်လမ်းမှာ ဇာတ်လိုက်ဖြစ်ခွင့် မရရှာပါဘူး။

ဒါဖြင့် ဒီဇာတ်လမ်းတွေထဲက ဇာတ်လိုက်ဘယ်သူလဲ။ ဒီစာဖတ်နေတဲ့ သာဝကတွေ စာအုပ်ကိုခဏချ မျက်စိကိုမှိတ်ပြီး ဇာတ်လမ်းကိုပြန်ပြီး သုံးသပ်ပါ။ ဘယ်သူဟာ အဓိကဇာတ်လိုက်ဖြစ်နိုင်မယ်ဆိုတာ ဝေဖန်ကြည့်ပါ။ ဇာတ်လမ်း ဇာတ်ကွက် သိန်းသန်းကုဋေ ဘယ်လောက်ပင် များစေကာမူ ဇာတ်လိုက်ကတော့ မိမိတို့ရဲ့ မနောဝိညာဉ်များသာ ဖြစ်ပါတယ်။ ဇာတ်ကွက်ဇာတ်လမ်း ဆန်းဆန်းပြားပြား ခမ်းနားအောင် တီထွင်တဲ့ ဇာတ်ဆရာမှာလဲ မနောဝိညာဉ်ပါဘဲ။

## ကိုယ့်တိုင်းပြည် ကိုယ်ရှင်ဘုရင်

ယခုခေတ် ရုပ်ရှင်လောကမှာ သရုပ်ဆောင် ဒါရိုက်တာဆိုပြီး ခေတ်စားနေတယ်။ ရိုးရိုးမင်းသား မင်းသမီးများထက် ဇာတ်ကားတခုလုံးကို ခြေသိမ်းခေါင်းပိုက် ရိုက်ကူးနိုင်တဲ့ ဒါရိုက်တာ မင်းသား မင်းသမီး များက ပိုပြီးမျက်နှာပန်းလှနေတယ်။ ဒီထက်ပိုပြီး ထူးချွန်သူများကတော့ ဇာတ်ကွက် ဇာတ်လမ်းများပါ ရေးထုတ်ကြသေးတယ်။

သူတို့လို ပိတ်ကားပေါ် အရိပ်မထင်လာရင်သာ ရှိရမယ်။ လူတိုင်း လူတိုင်းဟာလဲ မိမိဇာတ်လမ်းကို မိမိဘာသာ ဇာတ်

လိုက်လုပ် ကပြနေကြပါတယ်။ ကိုယ့်ဇာတ်ကို စိတ်တိုင်းကျ စီမံခန့်ခွဲနိုင်ကြတယ်။ အကြိမ်ကြိမ် အလီလီ ချိတင်နိုင်ကြတယ်။

သရုပ်ဆောင် ဒါရိုက်တာများရိုက်ကူးတဲ့ ဇာတ်ကားများမှာ အဓိကအနေနဲ့ နေရာကို သရုပ်ဆောင် ဒါရိုက်တာ ယူထားကြတယ်။ လူမသိတဲ့ သရုပ်ဆောင် ဒါရိုက်တာကြီးများ ကလဲ သူတို့နဲ့မခြားပါဘူး။ ဇာတ်လမ်းအရ ဇာတ်ရုံတွေကသာ အလဲအလှယ်ရှိမယ်။ အဓိက ဇာတ်လိုက်ကတော့ ဤကိုယ် ဤကိုယ်ချည့်ပါဘဲ။

ကိုယ့်ဘာသာ တီထွင်ထားတဲ့ ဇာတ်လမ်းဆိုတော့ ဘယ်ဆင်ဆာလူကြီးကမှ မဖြတ်နိုင်ဘူး။ ဇာတ်လမ်းရှည်လို့ မျှောချင်သလောက်မျှောပါစေ မမောတမ်း ကလို့ဖြစ်တယ်။ အမယ်အို အဖိုးအို ဖြစ်သွားလို့လဲ အငြိမ်းစား ယူစရာမလိုဘူး။ ရုပ်ဆိုး ကျည်းတန်အောက်ဂလီဆန်တဲ့ ရုပ်ရေနဲ့လဲ ဇာတ်လိုက်လုပ်လို့ ဖြစ်တာဘဲ။ ပြီးခဲ့တဲ့ ဇာတ်လမ်းတွေကို လိုတိုး ပိုလျှော့ လုပ်ချင်လုပ်။ နောင်လာမဲ့ဇာတ်လမ်းတွေကိုလဲ ကိုယ်ကြိုက်သလို ဇာတ်ကွက်ဆင်။ ဘယ်သူနဲ့မှ စကားမများရဘူး။ ဘယ်သူကမှလဲ မကန့်ကွက်နိုင်ပါဘူး။

လူတိုင်းလူတိုင်းမှာ မိခင် မွေးထုတ်ထားတာက တကြိမ်ထဲ ကိုယ့်ဘာသာ မွေးထုတ်နေကြတာကတော့အကြိမ်ကြိမ်အလီလီ။ မရေနိုင် မတွက်နိုင်။

လူတိုင်း လူတိုင်းဟာ
ကိုယ့်သောက်ရေ ကိုယ်ခပ်
ကိုယ့်ရုပ်ရှာ ကိုယ်တည်

ကိုယ့်တိုင်းပြည် ကိုယ့်ဘာသာ မင်းမူတတ်ကြတယ်မဟုတ်ပါလား။

ဒီတိုင်းပြည်ထဲမှာဘဲ ချမ်းသာကြည်နူး ရှင်မြူးခဲ့ကြရတယ်။ စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ကြရ တယ်။နောက်တော့ ဒီတိုင်းပြည်ထဲမှာဘဲ ခန္ဓာစဲလို့ သေပွဲဝင်ကြပေတော့။

## မမှီလိုက်တာ အာရုံမပြုနိုင်

မနောစိတ်မှာ ထင်လာသမျှ ရေးပြခဲ့တာ တော်တော်လဲ များပါပြီ။ ဒီထက် များရင် ဟုံသွားမှာ စိုးရသေးလေတော့ ဒီမှာဘဲ စဉ်းစားခန်း ဝင်ကြပါအုံးစို့။

ဟိုတနေရာမှာတုန်းက အဆင်း အသံ စတဲ့ အာရုံများ၊ ပစ္စုပ္ပန်ဖြစ်သလို မနောဒွါရက ဓမ္မာရုံများကိုလဲ ပစ္စုပ္ပန် သတ်မှတ်ရမလားလို့ မေးခွန်း ထုတ်ခဲ့ပါတယ်။ အမေး ရှိမှတော့ အဖြေရှိရတော့မှာပေါ့။

အဖြေသိဖို့ရန် အခြေကို ခဏ ပြန်ကြည့်ကြအုံးစို့။ မဟာသမ္မတမင်းနဲ့ ဘုရားလက်ထက်က ဇာတ်လမ်းတွေ၊ နောက်ပြီးတော့ ကိုယ်တိုင်ရေး၊ကိုယ်တိုင် ဒါရိုက်တာ လုပ်တဲ့ ဇာတ်လမ်းတွေ။

သိန်းသန်း ကုဋေ ဇာတ်လမ်းတွေ ဘယ်လောက် များများ၊ အဓိက ဇာတ်လိုက်ကတော့ မနောဝိညာဉ်ပါဘဲ။ တွေးတောတတ်၊ ကြံစည်တတ်၊ ခံစားတတ်တဲ့ ဒီမနောဝိညာဉ်ဟာ ဇာတ်လမ်းဟူသမျှရဲ့ ပင်မ လက်သယ်ကြီး ဖြစ်ပါတယ်။

မဟာ သမ္မတမင်းဟာ ကမ္ဘာ အစတုန်းက ရှိခဲ့မှာပေါ့။ ဗိမ္ဗိသာရ မင်းကြီး၊ ဝိသာခါ၊ ဥပက ရဟန်းကြီးတို့လဲ ဘုရား

လက်ထက်မှာ သက်ရှိထင်ရှား နေထိုင်သွားခဲ့ကြမှာပေါ့။ အခု စာဖတ်သူတွေထဲက အဲဒီပုဂ္ဂိုလ်တွေကို ဘယ်သူများ မှီလိုက်ပါ သလဲ။

မမှီသာ မမှီလိုက်ဟယ် အဲဒီ ပုဂ္ဂိုလ်တွေနဲ့ ဗုဒ္ဓဘာသာဝင် တိုင်းက ရင်းနှီးနေကြပြီ။ အသက်အန္တရာယ်ပြုမယ့် သားတော် ကလေး အဇာတသတ် အပေါ်မှာ အတိုင်းမသိ မေတ္တာရေ လောင်းခဲ့တဲ့ ဘုရင်ကြီး ဗိမ္ဗိသာရ။ နောက်တော့ သူ့ခမြာ မေတ္တာအကျိုး မခံစားရဘဲ ခြေဖဝါး ဓားခွဲခံရတော့ ကြားရ နာရတဲ့ ပရိသတ်တွေမှာ ရင်ထုမနာဖြစ်ကြရတယ်။

ပစ္စည်းချမ်းသာ လူကျန်းမာ ခြွေရံများစွာ တသိုက်တဝန်း ကြီးနဲ့ အသက်ရှည်ရှည် နေသွားရတဲ့ ဝိသာခါကို အမျိုးသမီး ပရိသတ်က အားကျခဲ့ရတယ်။ သူ့လိုဘဲ ကျောင်း အမ ကြီး ဖြစ်ချင်စိတ်တွေ ပေါ်ပေါက်လာရတယ်။

သေခါနီးခါမှ ငါ့နှယ် စန်းပွင့်ရန်ကောလို့ ရွှေဘောတော် ကျခဲ့တဲ့ ဥပကကြီးမှာ လူ့ဘဝထဲ လက်တွေ့သင်းခါမှ နှာခေါင်း ကျည်ပွေ့ တွေ့ရခန်းကို သံဝေဂ တဝက်နဲ့ ရယ်ပွဲ ဖွဲ့ကြရပါလိမ့် မယ်။

ကြားနာရသူ ပရိသတ်တွေကို ခံစားမှု အမျိုးမျိုးကို ပေးခဲ့ ကြတဲ့ ဒီပုဂ္ဂိုလ်တွေ သို့မဟုတ် ပရိသတ်တို့ရဲ့ မနောဒွါရမှာ ထင် ဟပ်လာကြတဲ့ ဒီအာရုံတွေဟာ ကမ္ဘာဦးက ဘုရားလက်ထက်က တကယ်ရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဟုတ်ပါ့မလား။ ကိုယ်ပိုင် ဥာဏ်နဲ့ စဉ်းစားဘို့ နေရာနော်။ ဘုရားလက်ထက်က ပုဂ္ဂိုလ်တွေ တကယ် မရှိဘူးလို့ စိတ်ရှုးပေါက်ပြီး ရေးနေတာ မဟုတ်ဖူး။ အခု ကြားနာ ဖတ်ရှုနေကြတဲ့ ပရိသတ်တို့ရဲ့ မနောဒွါရမှာ ထင်လာ

ကြတဲ့ အာရုံတွေဟာ တကယ့်အစစ် ဖြစ်နိုင် မဖြစ်နိုင် စဉ်းစား ခိုင်းတာ။ (ဈာန်အဘိဉာဉ် အရာမဟုတ်၊ တခြားစီဆိုတာ သတိ ထား။)

## စိတ်ဖန်ဆင်းတဲ့ အာရုံ

ဘုရားလက်ထက်တော်က ရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အတိတ် တရား ကေန်မှန်ပါတယ်။ အဲဒီပုဂ္ဂိုလ်များအကြောင်း ကြားနာ ဖတ်ရှုရတဲ့ ပရိသတ်တို့ရဲ့ အာရုံတွေကတော့ အတိတ်တရားစစ်စစ် မဟုတ်ကြပါဘူး။ တွေးတတ် တောတတ် ကြံစည်တတ် ခံစား တတ်တဲ့ မနောဝိညာဉ်ရဲ့ လက်ရာသာလျှင် ဖြစ်ပါတယ်။ မနော ဝိညာဉ် ဖန်ဆင်းလိုက်တဲ့အာရုံ၊ တနည်းအားဖြင့် စိတ်အာရုံတွေ သာလျှင် ဖြစ်ပါတယ်။

ဒါဖြင့် မနောဝိညာဉ်သက်သက်နဲ့ စွမ်းဆောင်နိုင်သလား ဆိုတော့ ဒီလိုလဲ မစွမ်းဆောင်နိုင်သေးဘူး။ မြင်ကြား နံသိ တွေ့ထိ လျက်စား ကိုက်ဝါးရတဲ့ အာရုံတွေကိုလဲ အကူအညီယူရ ပါသေးတယ်။

အတိတ်ရယ်လို့ ကေန် မဆိုနိုင်တဲ့ ဒီအာရုံတွေဟာ အနာ ဂတ်နဲ့လဲ မဆိုင်။ ဒါဖြင့် ပစ္စုပ္ပန်လား ဆိုတော့လဲ သိပ်ပြီး မရေရာ။ တကယ့်အရှိမှ မဟုတ်ကြတာကိုး။

စိတ်ဟူသမျှ အာရုံနဲ့ မကင်းကောင်းသလို၊ အာရုံတွေဟာလဲ စိတ်နဲ့ကင်းပြီး သူ့ဘာသာ ရပ်တည်နေနိုင်တာ မဟုတ်ပါဘူး။ ပစ္စုပ္ပန် ပေါ်ဆဲ ဖြစ်ဆဲ အဆင်း အသံ အာရုံများမှာပင် စိတ်နဲ့ မကင်းနိုင်ကြလေတော့ တကယ်အရှိ မဟုတ်တဲ့ ဒီအာရုံများကို ဘယ်မှာ သီးခြားရှာလို့ ရနိုင်ပါ့မလဲ။ ဒါကြောင့် သူတို့ကို

ကာလသုံးပါးနဲ့ ရေတွက်ရလို့ရှိရင် လောလောဆယ် ဖြစ်ပေါ်ဆဲ မနောဝိညာဉ်နဲ့အတူ ပစ္စုပ္ပန်ကာလမှာ ရေတွက်သင့်တယ် ထင်ပါတယ်။

အတိတ်ဖြစ်ရပ်များကို အကြောင်းပြုတဲ့ အာရုံတွေ သဘောပေါက်ရင် အနာဂတ်ရေးရာ စိတ်ကူး ယဉ်မှုတွေ အတွက်လဲ အမြင်ရှင်းပြီး ဖြစ်ကြပါလိမ့်မယ်။

ဒီတော့ တွေးချင် ကြံချင်ကြလို့ရှိရင်ဖြင့် ကမ္ဘာ အသခေ်ျ ဖြန့်လို့ဘဲ တွေးပါစေ။ လက်သယ်ကတော့ တွေးတတ်တဲ့စိတ်။ သူ့အကြောင်း ကိုယ့်အကြောင်းကို သောင်း ပြောင်း ထွေလာ တွေးချင်ရာတွေး တာကယ်ရှိတာက မနောဝိညာဉ်။ သူ့ကိုသာဘဲ လက္ခဏာသုံးတန်တင်လို့ရနိုင်မယ်။ သူက ဖန်ဆင်းထားတာတွေ လိုက်နေလို့ကတော့ သိန်း ဒေဝိန်း ကာမိန်း ပက္ကုသ်အမတ်ကြီး (၄)ဦးနဲ့ တူနေပါလိမ့်မယ်။

ဝိဒေဟရာဇ်မင်းကြီးရဲ့ ပတ္တမြား ရတနာဟာ ရေကန်နဘေး ထန်းပင်ပေါ်က ကျီးသိုက်ထဲ ရောက် နေ တယ်။ ပတ္တမြား ရတနာရဲ့ နီရဲတောက်ပတဲ့ အရောင်အသွေးဟာ ကန်ရေပြင်မှာ ထင်ဟပ်နေတယ်။ အရိပ်ကို အကောင်ထင်ရှာကြတဲ့ သိန်း ဒေဝိန်း စတဲ့ အမတ်ကြီး(၄)ဦးဟာ ပတ္တမြား ရပါမယ့်အရေး ခါးတောင်းတကြားကြားနဲ့ ရေတွေ ခပ်ထုတ်နေကြတယ်။

မဟောသဓာကတော့ အရင်းခံ အကြောင်းကို ချက်ကနဲ သိလိုက်တယ်။ ဒါကြောင့် ထန်းတက် ကျွမ်းကျင်သူ တဦးကို ထန်းပင်ပေါ်က ကျီးသိုက်ထဲက ပတ္တမြား ရတနာကို တက်ယူ ခိုင်းလိုက်တယ်။ မဟောသဓာ လက်ထဲမှာ ပတ္တမြားရတနာ

ရောက်သွားတာနဲ့ ကန်ထဲက အရိပ်ကလဲ တခါထဲ ပျောက်သွား ပါတော့တယ်။

## စိတ်ဖန်ဆင်းတဲ့ လောက

မနောစိတ်မှာ ထင်လာသမျှ အာရုံတွေမှာ တကယ်ရှိတာ ထက် မရှိတာက အတိုင်းမသိ များပြားနေပါတယ်။ ပဉ္စဒွါရမှာ ထင်ဟပ်လာတဲ့ အာရုံတွေကတော့ တကယ် အရှိ။ သို့သော် ရှိတိုင်း ထင်ဟပ်လာတာ မဟုတ်ပါဘူး။ ရှိသမျှ အဆင်းအသံ အနံ့အရသာနဲ့ တွေ့စရာ ဝတ္ထုတိုင်းက အာရုံ ဖြစ်မလာပါဘူး။ သက်ဆိုင်ရာ ဒွါရမှာ စိတ်နဲ့တကွနက် ဆက်စပ်မိခါမှ အာရုံ ရယ်လို့ ဖြစ်လာရပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ –

> "လောက သုံးဖြာကို စိတ်သည် ဆောင်ယူ၍ ထား အပ်၏။ စိတ်သည် သတ္တဝါအပေါင်းကို ထိုထိုအာရုံ ဇာတ်လမ်းစုံတို့သို့ ဆောင်ယူ၏။ ကြွင်းမဲ့ ဥဿုံ အလုံးစုံ သော အာရုံတို့သည် စိတ်၏နောက်မှာ အစဉ်လိုက်ပါ ကြလေ၏။"*

ဒီဒေသနာတော် အရ သတ္တ၊ သင်္ခါရ၊ ဩကာသ ဆိုတဲ့ လောကသုံးဖြာကို စိတ်ကဆောင်ယူ၍ထားပါတယ်။ မြင် ကြား နံ လျက် စတဲ့ ပဉ္စဝိညာဉ်တို့ဟာ သက်ဆိုင်ရာ ဒွါရအာရုံတို့

---

* စိတ္တေန နီယတိ လောကော၊
စိတ္တေန နီယတိ ပဇာ၊
စိတ္တဿ ဧက ဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူ။

( သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ),

ပေါင်းဆုံပြုပြင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သင်္ခါရလောက ဖြစ်ပါတယ်။ ဒီအပေါ်မှာ တခါထပ်ဆင့်ပြီး သတ္တဝါရယ် ပုဂ္ဂိုလ်ရယ် အယူတ်အလတ် အမြတ် ခွဲမှုကြောင့် သတ္တလောကရယ်လို့ ပေါ်လာရတယ်။နောက်ပြီးတော့ ဒီသတ္တဝါ ဒီပုဂ္ဂိုလ်တွေ နေရာချထားဘို့ သုံးဆယ့်တဘုံရယ်လို့လဲ ပညတ်လာရတယ်။ ဒါတွေဟာ မနောဝိညာဉ်ရဲ့လက်ရာ။ သူဆောင်လာလို့ ဖြစ်ပေါ်လာတဲ့ လောကနှစ်ပါး။ အမှိုက်ရှုပ်ပါတယ်ဆို ကောက်ရိုးပွေ့လာတဲ့ သဘောပါဘဲ။ သူကသာ ဒီလောကနှစ်ပါး ယူဆောင်မလာရင် သင်္ခါရလောက သန့်သန့်ဘဲ ရှိနေပါတယ်။

သင်္ခါရလောကကို သင်္ခါရလောကအတိုင်း မရှုမမြင်တတ်ကြလေတော့ လူတွေဟာ ဟိုတွေးဒီကြံ စီမံဖန်တီးမှုတွေ လုပ်ကြတော့တယ်။မိမိတို့စီမံဖန်တီးထားတဲ့ အာရုံနောက်မှာ မိမိတို့က အထိန်းအချုပ်မရှိဘဲ စွဲမိစွဲရာ လိုက်ပါ သွားကြတော့တယ်။

တကယ်တော့ဖြင့် စီမံဖန်တီးထားတဲ့ အာရုံတွေဟာ စိတ်ရဲ့ လက်ရာတွေပါ။ ဒီအာရုံတွေဟာ စိတ်အလိုလိုက် စိတ်ကြိုက်ရာ ပါနေရတဲ့ နောက်လိုက်တွေပါ။ ခုတော့ ဘယ်ဒင်းက ခေါင်းဆောင် ဘယ်ဒင်းက နောက်လိုက်မှန်း မသိနိုင်တော့ဘူး။ စိတ်နောက် အာရုံကပါ။ အာရုံနောက် စိတ်ကလိုက်။ ရွှေကြောင်ဘားမြီးဖျားလိုက်သလို ချာလပတ်လည်လို့ နေကြရတော့တယ်။

## ဇာတ်ဆရာရှုးနဲ့ ဘီလူးမင်းသား

သံသရာ ချာချာလည်နေတယ်ဆိုတာ ဒါမျိုးခေါ်တာဘဲ။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဆိုတာလဲဒီသဘောပါဘဲ။မြင်ရကြားရတဲ့ အာရုံတွေအပေါ်မှာ မြစ်ရုံကြားရုံနဲ့ မနေကြဘဲ မြင်ရကြားရတဲ့

သင်္ခါရလောကအပေါ်မှာ သတ္တလောကကြီးကို ထပ်ဆင့် လာကြတယ်။ ဩကာသလောကကြီးကို ထပ်ဆင့်လာကြတယ်။

သူငါ သတ္တဝါနေရာဌာနတွေ သတ်မှတ်လိုက်တာနဲ့ တပြိုင်နက် ဒုက္ခသစ္စာ ပေါ်လာတော့ တာပါဘဲ။ဝကယ်တော့ဖြင့် ဒီဒုက္ခ ဘယ်သူကမှဖန်တီးပေးတာ မဟုတ်ပါဘူး။ အနေမတတ်တဲ့ မနောဝိညာဉ်စိတ်ကလေးက ဖန်တီးပေးတာ။ ဒါဖြင့် ဒီမနောဝိညာဉ်ဆိုတဲ့ ဖန်တီးရှင်ဟာ သူခင်းတဲ့ဇာတ်ကိုကော သူနိုင်ပါရဲ့လား ။

သူများတွေအားကျလို့ ရှိပစ္စည်း ပေါင်ပြီး ဇာတ်ထောင်ထားတာ။ သဘင်ပညာ အခြေခံမရှိလေတော့ သူ့ဇာတ်ကို သူမစီးနိုင်။ မစီးတတ်။ ဒါပေမယ့် သူ့ပိုက်ဆံနဲ့သူ ထောင်ထားတာဆိုတော့ဇာတ်တဖွဲ့လုံး သူစီမံရာ နာခံရတယ်။ သူဆင်ပေးတဲ့ ဇာတ်လမ်းကိုဘဲ ကရတယ်။ ဒီလို ဇာတ်ဆရာရှူးရဲ့အဖွဲ့မှာ ဘီလူးမင်းသားဇာတ်ပဲ ခင်းနိုင်ပါလိမ့်မယ်။

## ကိုယ်တိုင်ယက်တဲ့ ပင့်ကူအိမ်

မနိုင်တဲ့ဇာတ်ကို ခင်းမိလို့ ဇာတ်ဆရာ မရှုနိုင် မကယ်နိုင် ဖြစ်နေရပုံကို မြတ်စွာဘုရားက တမျိုးဥပမာပေးပြီး ဟောကြားတော်မူပါတယ်။

> "ပင့်ကူငယ်သည် မိမိကိုယ်တိုင် ယက်လုပ်အပ်သော ပင့်ကူအိမ်မှာ အစဉ်ကျဘိ ဖမ်းမိတုပ်နှောင်ခံရဘိ သကဲ့သို့ ရာဂဖြင့် တပ်နှစ်သက်ကုန်သော သူတို့သည် မိမိတို့ကိုယ်တိုင် ဖန်တီးအပ်သော စိတ်နောက်ကိုယ်ပါ မရေ

ရာသော ဆင်းရဲခြင်း အယဉ်သို့ အစဉ်ကျဘိ ဖမ်းမိ
တုပ်နှောင် ခံရကြရလေ၏။

"ကြောင်းကျိုးမြင်သိ ပညာရှိတို့သည်ကား ဤရာဂ
ဟူသော အကြောင်းရင်းကို ဉာဏ်ဖြင့် သုံးသပ် ပိုင်ပိုင်
ဖြတ်ကြပြီး။ဘယ်သူ ဘယ်တွက် ငဲ့ကွက်ခြင်း မရှိကြမူ၍
စိတ်ဖန်ဆင်းရာ စိတ်ကပေါ်၍ ခါခါထပ်ထပ် ကျဉ်းကျပ်
တုပ်နှောင် ဒုက္ခဘောင်ကို ဖန်တီးမှုငြိမ်း၍ ဇာတ်သိမ်း
စေကြလေကုန်၏။"*

ပင့်ကူကလေးဟာ ပရိယေသန ဝမ်းစာအတွက် အိမ်ကလေး
ကို ယက်လုပ်ထားကယ်။ သူ့ရည်ရွယ်ချက်ကတော့ ပိုးကောင်
မွှားကောင်လေးတွေ ကပ်လာငြိလာတဲ့အခါ အသာဖမ်းစားဘို့။
ဒါပေမယ်လို့ သူကိုယ်တိုင်ယက်လုပ်ထားတဲ့ အိမ်ကလေးမှာ သူ
ကိုယ်တိုင်ဘဲ ပထမဆုံး ဖမ်းမိငြိတွယ်နေတာကို သိမှာ မဟုတ်
ပါဘူး။

အလို တဏှာရှေ့သွားပြုလို့ ဟိုဟာ ဒီဟာ ရှာကြံကြတဲ့ သူ
တွေမှာလဲ ကိုယ်ရှာထားတဲ့ ကိုယ်ကြံထားတဲ့ အာရုံတွေမှာဘဲ
ကပ်ငြိလို့နေကြပါတယ်။ ဒီအာရုံတွေကြားမှာဘဲ ဒုက္ခမျိုးစုံ
ကြုံကြရပါတယ်။ စိုးရိမ်ပူဆွေး ငိုကြွေးကြရပါတယ်။

---

* ယေ ရာဂရတ္တာ နုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ၊
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

( ဓမ္မပဒပါဠိတော် )

## ဝိပါက်အမှန် ဇောအပြန်

လူတိုင်း လူတိုင်း မွေးကတဲက မျက်စိပါလာတော့ မြင်စရာရှိ မြင်မှာဘဲ၊ ကြားစရာရှိ ကြားမှာဘဲ။ မြင်ရုံ ကြားရုံ ပဉ္စာရုံတွေက ဒုက္ခမပေးတတ်ပါဘူး။ ဖြစ်ပြီးလို့ပျက်တတ်တာကြောင့် သင်္ခါရ တရား မှန်တယ်။ သင်္ခါရ လောက မှန်တယ်။ ဒါပေမယ့် စိတ်ပူ စိတ်ယုတ် စိတ်အရှုပ်တွေတော့ မဟုတ်ဘူး။

မြင်တာ ကြားတာ စားတာ သောက်တာတို့က သက်ရှိ ပုဂ္ဂိုလ်တိုင်းနဲ့ သက်ဆိုင်တယ်။ ပုထုဇဉ် ပုဂ္ဂိုလ်များ မြင်သလို အရိယာ ပုဂ္ဂိုလ်များလဲ မြင်တာဘဲ။ ဘုရား ရဟန္တာများလဲ သူများနည်းတူ စားလို့ သွားလို့။ သောင်းသောင်းတဲ့အခါ ကျိန်း စက်ကြတယ်။ ခန္ဓာဝန် ရှိနေသမျှ ခန္ဓာကိစ္စတွေနဲ့ ဘယ်သူမှ မကင်းနိုင်ကြပါဘူး။

ရုပ်ခန္ဓာနဲ့ ပတ်သက်တဲ့ သိမှုဝိညာဉ်တို့ဟာ အကျိုးဝိပါက် တရားတွေသာ ဖြစ်ပါတယ်။ "အကျိုးဝိပါက်၊ ပစ္စည်းဆက်၍၊ မပျက်သေးစွာ၊ အ ပဟာတဗ္ဗ၊ဗျာကတဖြင့်၊ ဒုက္ခဟူဘိ၊ ထင်ရှားရှိသား၊ လောကီခန္ဓာ၊ဝဋ်မီးစာတည်း" လို့ မဃဒေဝ လင်္ကာမှာ မန်လည်ဆရာတော်ကြီး ဖွဲ့ဆိုခဲ့တဲ့အတိုင်း လောကီခန္ဓာ ဝဋ်မီးစာများသာ ဖြစ်ပါတယ်။

ဒီအကျိုးဝိပါက်တွေ မပျက်မစီးရလေအောင် နံနက်တကြိမ် ညနေ တကြိမ် ပစ္စည်း ဆက်ပေးခဲ့ကြရတယ်။ တချို့ကတော့ နေ့လယ်စာ ညလယ်စာတွေနဲ့ အချိန်ပို လုပ်အားပေးကြသေး တယ်။ ဒီ ပဉ္စ ဝိညာဉ်နဲ့တကွ ဝိပါက် ရုပ် နာမ် ခန္ဓာ တို့ဟာ ဒုက္ခသစ္စာ ဧကန်မှန်ပါတယ်။ ဒါပေမယ့် မငြိပယ်လို့ မရပါဘူး။

ပယ်စရာလဲ မဟုတ်ပါဘူး။ ကုသိုလ် အကုသိုလ်ရယ်လို့ မဆို အပ်တဲ့ အဗျာကတ တွေသာ ဖြစ်ပါတယ်။

ဝိပါက်အမှန် ဇောအပြန်လို့ ရှေးက ဆောင်ပုဒ်ရှိခဲ့ပါတယ်။ ဝိပါက်တွေကတော့ ကောင်းတာတွေ့ရင် ကောင်းတဲ့ ဝိပါက်။ မကောင်းတာ တွေ့ရရင် မကောင်းတဲ့ ဝိပါက်။ တွေ့ရာကို သူတို့က အသာ လက်ခံရုံ လက်ခံတယ်။ ကောင်းရင် ကောင်း သလို၊ မကောင်းရင် မကောင်းသလို သူတို့ကတော့ မှန်မှန်ဘဲ။ ဒါပေမယ့် ဇော ကျတော့ ပြန်တတ်တယ်။ ကောင်း တာ ကို အကောင်းထင်ချင်မှ ထင်။ မကောင်းတာကို ခံမင်ချင် ခံမင်နေ တတ်တယ်။ အကြိုက်နဲ့ တိုက်ဆိုင်ကြည့်ပြီး ကောင်း မကောင်း သတ်မှတ်တာဟာ ဇော ကိစ္စပါဘဲ။

မဂ် ပယ်ရမှာက ပင်ကိုယ် မူလက ကောင်းတာ မကောင်း တာကို ပယ်ရမှာ မဟုတ်ဖူး။ ဇောက လုပ်ယူထားတဲ့ (ဝါ) မနောဝိညာဉ် ဖန်တီးပေးတဲ့ ကောင်းမကောင်းကို ပယ်ကြရမှာ။ ဒီ မနောဝိညာဉ်ဟာ ပင်ကိုယ် မူလက ကောင်း မကောင်းကို တယ်ပြီး အလေးမူတာ မဟုတ်ဖူး။ သူ့အကြိုက်နဲ့တွေ့မှ ကောင်း တယ်။ သူ့အကြိုက်နဲ့မတွေ့ရင် မကောင်းတော့ဘူး။ အင်မတန် ဇီဇာကြောင်တတ်တာ။ အင်မတန် ကိန်းကြီး ခန့်ကြီး ချဲ့တတ် တယ်။ မဟုတ်မဟတ်တွေ လုပ်ဇာတ် ခင်းတတ်တယ်။

ရှေးက သမိုင်းပုံပြင်လဲ ရှိခဲ့သားဘဲ။ မုဆိုးမ တယောက်ရဲ့ စကော လေထဲပါသွားလို့ ငါ့စကော ငါ့စကော ဆိုပြီး လိုက် ဖမ်းတယ်။ ဒါကို သရေခေတ္တရာ တမြို့လုံးက စေကော ဆိုတဲ့ သူပုန်ကြီး ဝင်လာပြီ မှတ်လို့ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ကြရ တယ်။ ဒါနဲ့ဘဲ တပြည်လုံး ပျက်ပါရောတဲ့။ ဒီကိစ္စ စေကောနဲ့

ဘာမှ မဆိုင်ဘူး။ အသေးအဖွဲ့ကို အကျယ်ချဲ့တတ်တဲ့ မနောဝိညာဉ်၊ မဟုတ်ရာကို အဟုတ်ထင်တတ်တဲ့ မနောဝိညာဉ်၊ မရှိတာကို အရှိလုပ်တတ်တဲ့ မနောဝိညာဉ်၊ သူက လုပ်ဇာတ်ခင်းပြီး မဟုတ်မဟတ် သတင်းတွေ လွှင့်တာနဲ့ ဒုက္ခမျိုးစုံ စုပြုံလာကြရတယ်။

## တန်လှပ်နဲ့ ရွှေသမင်

ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း တသ နိုင်တာဟာ သညာရဲ့ ကျေးဇူးပါဘဲ။ မရှိလုံးလုံး ဆိတ်သုဉ်းခဲ့ပြီးတဲ့ တရားတွေဟာ သညာရဲ့ ကျေးဇူးကြောင့် တကယ်ရှိသလိုလို အာရုံထင်လာကြရတယ်။နောင်ခါ တွေ့ဘူးကြုံဘူးတာ အခြေခံပြီးတော့ ဟိုတွေး ဒီကြံ ဇာတ်ကွက် ဇာတ်လမ်း အမျိုးမျိုး ဖန်တီးတာကတော့ ဝိတက် ဝိစာရတို့ အလုပ်ပါဘဲ။

မရှိတော့တာကို အရှိလုပ်တာနဲ့ မရှိသေးတာကို ရှိဘိသကဲ့သို့ ခံယူနေတာဟာ အတူတူပါဘဲ။ ရှေးဟောင်း နှောင်းဖြစ်များ လွမ်းဆွတ်တာရယ်၊ ရွှေအလားအလာကို ကိုယ့်ဘာသာ စိတ်ကူးယဉ်တာရယ် တယ်မထူးလှပါဘူး။ ဒါကြောင့် သညာခန္ဓာကို တန်လှပ်နဲ့ ဥပမာပြုတော်မူရာမှာ မနောဝိညာဉ် ဖန်တီးလေသမျှ အာရုံအမျိုးမျိုးကို သိမ်းကျုံး ယူငင်ရပါလိမ့်မယ်။

ကန္တာရ ခရီးကြမ်းမှာ မောပန်းနေတဲ့ ရွှေသမင်ကလေးဟာ နေပူရှိန်နဲ့ လေထုတို့သဘာဝကြောင့် အဝေးတနေရာမှာ ရေကန်လိုလို ရေပြင်လိုလို မြင်ကွင်းများ မြင်လိုက်ရတယ်။ ဒါဟာ ဘာကယ်တော့ တန်လှပ်ပါဘဲ။တန်လှပ်ကိုရေထင်တဲ့ရွှေသမင်ဟာ ရေပြင်ဆီ သွားပေမဲ့ ရေတပေါက်မှ မသောက်ရဘူး။ဒါပေမယ့်

တနေရာ လှမ်းကြည့်လိုက်တော့ ရေကန်လိုလို ဘာလိုလို မြင်ရပြန်တယ်။ ဒီတော့ တခါထပ်ပြီး ပြေးပေအုံး။ ကမ္ဘာကမ္ဘာက ပြေးလွှားနေခဲ့တဲ့ ရွှေသမင်လေးဟာ ခုထက်ထိ မရပ်နိုင်သေးပါဘူး။

ပုထုဇဉ်တို့မှာလဲ သညာကန္ဒာ အထောက်အကူနဲ့ မနောဝိညာဉ် ဖန်တီးထားလေသမျှကို အဟုတ်တကယ်ရှိတယ် ထင်နေကြရတယ်။ တွေ့ရရင် ကြုံရရင် သိမ်းပိုက်ရရင် ခံစားရရင် ကောင်းလိမ့်နိုးနိုး မြှော်ကိုးကြရတယ်။ နဖူးတွေ ဒူးတွေတွေ့ရလို့ မကောင်းမှန်း သိပေမယ့်လဲ ဒါတွေအပေါ်မှာ အာသာ မကုန်နိုင်ကြဘူး။ ဒါတွေ မကောင်းပေမယ့် နောက်တမျိုး ဆိုရင် ကောင်းလိမ့်နိုးနိုး။

အရိယာ သူတော်စင်များအနေနဲ့ ဒီလိုအကောင်းထင်တာကို အပြစ်မြင်ကောင်း မြင်နေကြပါလိမ့်မယ်။ ဒါပေမယ့် ပုထုဇဉ်များဘက်က ကြည့်လိုက်တော့လဲ ထင်ထိုက်လို့ ထင်တယ်လို့ဘဲ အဖြေရပါတယ်။

တန်လုပ်ရဲ့ အသွင်ကိုက ရေကန် ရေပြင်နဲ့ အင်မတန် တူနေတယ် မဟုတ်ပါလား။ အမှန်ကို မသိသရွေ့တော့ မနားတမ်း ပြေးလွှားနေကြရမှာဘဲ။ သမုဒယနဲ့ ဒုက္ခသစ္စာတို့ဟာ ဒီလိုဘဲ ဝိုင်းကြီးပတ်ပတ် လှည့်နေကြပါတယ်။

## လုပ်ဇာတ်တို့ရဲ့ ဖြစ်ရပ်မှန်

မနားတမ်းပြေးလို့ ဘေးတွေ့နေရတာချင်းတူတူ ဝေနေယျတို့က ရွှေသမင်ထက် တပန်းသာပါတယ်။ ဟိုဝေးဝေးက ရေပြင်

ကို ရွှေသမင်ဟာ လှမ်းပြီးမြင်ရတယ်၊ အနားရောက်သွားတော့ ဒီရေပြင်က ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတယ်။ အဟိတ် တိရစ္ဆာန် သမင်ကလေးအဖို့ အပြင်အပ ဟိုအဝေးက ကြောင်းခြင်းရာကို အမှန်သိဘို့ မလွယ်ရှာပါဘူး။

ဝေနေယျဘို့ရဲ့ တန်လုပ်များကတော့ မိမိ မိမိတို့ရဲ့ မနော ဝိညာဉ်မှာဘဲ ရှိနေပါတယ်။ လုပ်ဇာတ်ဟူသမျှရဲ့ ဖြစ်ရပ်မှန်ဟာ လောလောဆယ်ဖြစ်ပေါ်နေကြတဲ့ မနောဝိညာဉ်များသာဖြစ်ပါတယ်။ ဒီမနောဝိညာဉ်ဆိုတာကလဲ ဘယ်ဗြဟ္မာ ဘယ်သိကြားမင်းကမှ နကင်းကြီးနဲ့ဆင်းပြီး ဖန်ဆင်းပေးတာမဟုတ်ပါဘူး။ ကာယကံရှင်များ ကိုယ်တိုင်က ထုတ်လုပ်နေကြတာ။ မသိမှုအဝိဇ္ဇာ ခြံရံထားတဲ့ အလိုတဏှာကသာ ဖန်တီးပေးနေတာ။

ရွှေသမင်လေးမှာ ဖြစ်ရပ်မှန်ကိုပြောပေးမယ့်သူ မရှိ။ ရှိပါသော်လဲ နားလည်ဘို့မလွယ်။ မိမိတို့မှာတော့ ပြောပြပေးမယ့် သာသနာတော်ကြီးကရှိနေ။ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်လျှင် ဘာမဆို သိနိုင်စွမ်းရှိတဲ့ လူသားစင်စစ် ဧကန်ဖြစ်တယ်။ နောက်ပြီးတော့ တန်လုပ်လို ဟိုအဝေးမှာ သီးသန့် တည်ရှိနေတာ မဟုတ်ပဲ မိမိ မိမိတို့ရဲ့ မနော ဆိုတဲ့ တံခါးပေါက်မှာ ဖြစ်နေကြတာ။ ဒါကြောင့် ရွှေသမင်ထက် အများကြီးအခွင့်သာပါတယ်။

ဒီလို အခွင့်သာမှန်းသိလိုက်တဲ့ အချိန်ဟာဖြင့် ရွှေသမင်လေး အရိုန်သတ်လိုက်တဲ့ အချိန်ပါဘဲ။ အာရုံကျက်စားလို့ ပြေးလွှားနေရင် ဘယ်လိုမှ မသိနိုင်တဲ့ ဖြစ်ရပ်မှန်ကို အာရုံကို ထွင်းဖောက်ပြီး ရပ်နားကြည့်မှ သိနိုင်ပါတယ်။

## ဇာတ်သိမ်းချိန်မှာ နေရောင်ဖြာ

မနောဝိညာဉ် ဖန်တီးပေးလေသမျှ ဘယ်ဟာမှ အမှန်တရား မဟုတ်ဖူး။ မဟုတ်တရုပ် လုပ်ဇာတ်တွေသာ ဖြစ်ကြတယ်။ လုပ်ဇာတ်တွေကိုဘဲ ထပ်ကာတလဲလဲ ဆက်ဆက်ပြီး ကလာခဲ့ကြတာကြောင့် တကယ်အရှိ အမှန်တရားနဲ့ လွဲကြရပါတယ်။

လုပ်ဇာတ် အာရုံတွေဟာ အစက ရှိပြီးသား မဟုတ်ကြလေတော့ မိမိ မိမိတို့က မရှိ ရှိအောင် ထူထောင် ပေးကြရတယ်။ အရှိအမှန် အာရုံကတော့ သူ့ဟာသူ ရှိပြီးသားဆိုတော့ ဘယ်သူကမှ ထူထောင်ပေးဘို့ ဖန်တီးပေးဘို့မလိုဘူး။ သူ့သဘောအားဖြင့် မှန်ပြီးသားဖြစ်တာကြောင့် မဟုတ်မဟတ် လုပ်ဇာတ်ခင်းလို့လဲမဖြစ်ကောင်းဘူး။

လုပ်ဇာတ်တွေကို မရပ်မနား ကလာခဲ့ကြတာ အချိန်တွေကုန်ဆုံးခဲ့ပါပြီ။ အိုပြီးတော့နာ၊ နာပြီးတော့သေ၊ အခြေမကျ၊ အနေမလှ၊ ကွဲရ၊ကွာရ၊ လွမ်းဘွယ်ရတဲ့ ဇာတ်လမ်းတွေကိုဘဲ ထည်လဲ ကလာကြရတယ်။ကိုယ်သဘောကျတဲ့ ဇာတ်လမ်းလေး ကစမ်းမယ် ဆိုပြန်ပါတော့လဲ ကိုယ့်စိတ်ကြိုက်မဖြစ်လာ ဘီလူးမင်းသားတွေ ကြမ်းလေ ရမ်းလေသမျှ ဇာတ်ဆရာ အနုညာတကဘာမှ မတတ်နိုင်။

ကိုယ်ထောင်တဲ့ဇာတ်မှာမှ ကိုယ့်စိတ်ကြိုက် ကလို့ပြလို့မရနိုင်လေတော့ ဒီဝဋ္ဋက ကျွတ်ချင်ပါပြီ။ ကျွတ်ချင်တော့ ဘာလုပ်ရပါ့မလဲ။လိုရင်းကတော့ ဒီဇာတ်ကြီး ရုပ်သိမ်းပစ်လိုက်ရုံပါဘဲ။ ဖြစ်ပျက်မပြတ် လုပ်ဇာတ်မျိုးစုံ ရုပ်သိမ်းလိုက်တဲ့ အချိန်မှာဖြင့် နေမင်းရောင်ဝါ ထွန်းလင်းဖြာနေတာကို တွေ့ကြရပါလိမ့်မယ်။

အခန်း - ၂

# မခွဲမခြား ဝိဓူတ်

## သာသနာ့ ရောင်ဝါနေသို့ထွန်း

တကယ်တော့ဖြင့် လူတွေက နေ့ကြောင်တောင် မှောင်ချပြီး ဇာတ်ကနေကြလို့ပါ။ နေမင်းကြီးကတော့ အစဉ်ထာဝရ ထွန်း မြဲထွန်း၊ လင်းမြဲလင်းလျက် ရှိနေပါတယ်။

ရောင်ခြည်တထောင် အလင်းဆောင်တဲ့ နေမင်းကြီးကို ဘယ် တုန်းအခါ ဘယ်ရာစုနှစ်က စတင်ပေါ် ပေါက်လာတယ်လို့ သက္ကရာဇ်ရှာလို့မရနိုင်ပါဘူး။ ဘယ်နေရာဘယ်ဌာနမှာ ရှိလေရဲ့လို့ လက်ညှိုးထိုးပြလို့လဲ မရနိုင်ပါဘူး။ ကာလဝိမုတ်၊ ဌာနဝိမုတ် ဖြစ်တဲ့ နေမင်းကြီးဟာ ကာလနဲ့ဌာန နှစ်ခုလုံးကို ကျော်လွန်ပြီး တည်ရှိနေတယ်။

နေမင်းကြီးက ကာလဝိမုတ် ဖြစ်တယ်ဆိုရင် သူ့ကို ဘယ် အချိန်မှာ မြင်လို့ရနိုင်ပါ့မလဲ။ အမြင်ခံ နေမင်းကြီးကို အချိန် ကာလ သတ်မှတ်ပိုင်းခြားလို့ မရနိုင်ပေမယ့် အမြင်မှန်ဖြစ်ပေါ် ရာကာလကိုတော့ သက္ကရာဇ်ရှာလို့ ရနိုင်ပါတယ်။ ယခုကြည့်ရင် ယခုမြင်နိုင်ပါတယ်။

ကြည့်တဲ့ အချိန်ကတော့ ဟုတ်ပါပြီ။ ကြည့်ရမယ့် နေရာဌာနကတော့ ဘယ်မှာပါလဲ။ ဌာနဝိမုတ်ဖြစ်တဲ့ နေမင်းကြီးကို ဘယ်နေရာဌာနမှာ သွားရှာလို့ရနိုင်ပါ့မလဲ။ အမြင်ခံ နေမင်းကြီးကို နေရာဌာန သတ်မှတ်ပိုင်းခြားလို့ မရနိုင်ပေမယ့် အမြင်မှန် ရပ်နားရာ ဌာနကိုတော့ လက်ညှိုးညွှန်လို့ ပြနိုင်ပါတယ်။ ရှေ့ပိုင်းက ပြောခဲ့သလို နတ်သားကို ဟောကြားခဲ့တဲ့ အတိုင်း ရပ်ရှော နှာမ်ပါ နှစ်ဖြာ တွဲလျက်ရှိတဲ့ ဒီခန္ဓာကြီးမှာဘဲ ကြည့်ရပါလိမ့်မယ်။

ကြည့်ဆိုသော်လဲ ဟိုဟိုဒီဒီ လေ်လီခတ်တဲ့စိတ်နဲ့ ကြည့်ရမှာ မဟုတ်ဖူး။ ဋ္ဌန္ဓေရရ ရပ်နားပြီးကြည့်။ စိတ်ပူ စိတ်ယုတ် စိတ်အရှုပ်တွေ ကြားမှာ ဗျာများမနေဘဲ စိတ်ရော ကိုယ်ပါ အနားယူပြီးကော့ ကြည့်။

"ကြည့်သော သူသည် မြင်၏" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း နည်းလမ်းတကျကြည့်တတ်သူတိုင်း မြင်နိုင်စွမ်းရှိကြပါတယ်။

ဒီခန္ဓာကြီးမှာ ရပ်နားပြီးကြည့်လိုက်တဲ့အခါ အမြင်ခံတရားဟာလဲ အမြင်မှန်နဲ့တစပ်ထဲတည် ရှိလာပါတယ်။ သူက မယိမ်းမယိုင် မြဲခိုင်တဲ့ သဘောရှိတာမို့ သူ့ကိုမြင်တဲ့ အမြင်မှန်ကလဲ ယိမ်းယိုင်မရှိ ပကတိ တည်ငြိမ်ရပါတယ်။ တည်တည်ငြိမ်ငြိမ် လေးကြည့်လိုက်လို့လဲ တည်ငြိမ်တဲ့သဘောကို တွေ့လိုက်ရခြင်းဖြစ်ပါတယ်။

တည်တန့်ခိုင်မြဲစွာ ငြိမ်းချမ်းလှတဲ့ အမြင်ခံနေမင်းကြီးဟာ အမြင်မှန် ရှေ့မှောက်မှာ တောက်ပ နေပါတယ်။ ဒီ အမြင်ခံ နေမင်းကြီးရဲ့ အရှိန်အဝါကို ခံယူရတာကြောင့်လဲ အမြင်မှန်မှာ ညစ်ကျေးမတင် သန့်ရှင်းကြည်လင်လို့ နေပါတယ်။

## ဥဒါန်း ပါဠိတော်

အမြင်မှန်ထဲမှာ ထင်ရှားနေတဲ့ အမြင်ခံတရား။ အမြင်မှန်ရှေ့မှောက်မှာ တောက်ပနေတဲ့ အမြင်ခံတရား။

အမြင်မှန်ရှိရာ အစဉ်ထာဝရ လိုက်ပါေးနေတဲ့ အမြင်ခံတရား။

အမြင်ခံ ဓမ္မ မှန်မြတ်လှတဲ့ တရားကို ဥဒါန်း ပါဠိတော် တတိယ နိဗ္ဗာနပတိ သံယုတ္တ သုတ်မှာ မြတ်စွာဗုဒ္ဓ ထုတ်ဟတော်မူပါတယ်။

အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။

နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿသရဏံ ပညာယေထ။

ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။

ဥဒါန်း ပါဠိတော်မှာ အားလုံး ၃–ဝါကျ ရှိလေတော့၊ ပထမ ဝါကျကို စတင် အနက်ပေးပြီး သဘောအဓိပ္ပါယ် ရှင်းလင်း တင်ပြသွားပါမယ်။ ပထမ ဝါကျ အနက် ပေးရာမှာ ရှေးက ဆရာ့ဆရာကြီးများရဲ့ နည်းနာနိဿယအတိုင်း ပါဌ်သေသ ဖြည့်စွက်ပြီး အနက်ပေးပါတယ်။ ပါဌ်သေသ ဆိုသော်လဲ ဟိုက ဒီက ပေါက်တတ်ကရ စိတ်ထင်ရာ ဆွဲထဲ့ထားတာ မဟုတ်ပါဘူး။ ဒီ ဥဒါန်း ပါဠိတော် နောက် ၂–ဝါကျထဲက ပုဒ်များကို ယထာယောဂနည်းနဲ့ ယှဉ်တွဲပေးခြင်းဖြင့် ပထမ ဝါကျမှာ ဝါကျတို ၄–ခု ထွက်လာပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတဿ၊ ဖြစ်သောတရား၏။ အဇာတံ၊ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဘူတဿ၊ ပေါ်သောတရား၏။ အဘူတံ၊ အပေါ် ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။

ကတဿ၊ ပြုအပ်သော တရား၏။ အကတံ၊ အပြု ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။

သင်္ခတဿ၊ ဖန်တီးအပ်သော တရား၏။ အသင်္ခတံ၊ ဖန်တီးမှုငြိမ်း ဇာတ်သိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။

## အဖွင့်များစွာ ကျမ်းများစွာ

ဝိမုတ္တိ သာသနာတော်ကြီး တခုလုံးမှာ ဒီ ဥဒါန်း ပါဠိတော်ဟာ အသိခံမှု မှန်မြတ်လှတဲ့ တရားကို အပေါ်လွင်ဆုံး အထိရောက်ဆုံး ဖော်ပြတဲ့ သုတ္တန်တခုပါဘဲ။ ဒီ သုတ္တန်ဟာ အသိခံမှု ညွှန်ပြရာမှာ အရေးအပါဆုံးဖြစ်တာမို့ ရှေးက ဆရာ့ဆရာကြီးများလဲ အကိုးအကား မြောက်မြားစွာ ပြုခဲ့ကြပါပြီ။ အဖွင့် သံဝဏ္ဏနာတွေလဲ အနည်းနည်း အဖုံဖုံ စုံခဲ့လှပါပြီ။

ဒီစာအုပ်ထဲက အနက်ယောဇနာ ထားပုံများမှာ သန္ဒိဋ္ဌိက ဂုဏ်တော်ကို ဖော်ကျူးသောအားဖြင့် လက်ငင်း လက်တွေ့ လေ့လာသုံးသပ်နိုင်ရန်၊ သဘောအဓိပ္ပါယ် မှတ်လွယ် ဆောင်လွယ်စေရန် ဖြစ်ပါတယ်။ အစိတ် ဝါကျတို့ ၄-ခုကို ပါဠိ အနက် နှုတ်ရကျက်ပြီး အပြန်အလှန်သုံးသပ်ကြည့်ရင် သဘောအဓိပ္ပါယ် ထိမိ ပေါ်လွင်လာပါလိမ့်မယ်။

ဥဒါန်း ပါဠိတော် ၃-ဝါကျအနက် နောက် နှစ်ဝါကျမှာ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းတဲ့တရားဟူ၍ ကေန်မုချ ရှိနေကြောင်း အပြန်အလှန် သက်သေထူထားတဲ့ ဝါကျများ ဖြစ်ပါတယ်။ ပထမ ဝါကျအတွက် အဓိပ္ပါယ်ရှင်းလင်းချက်များ ပြီးရင် သူတို့ အလှည့် ရောက်လာပါလိမ့်မယ်။

## ဖြစ်သဘော မဖြစ်သဘော

ဥဒါန်း ပါဠိတော်ရဲ့ သဘောအဓိပ္ပါယ် ထိမိပိုင်နိုင်ရေး အတွက် ပါဠိတော်ဒေသနာအသွားကို မြန်မာစကား သက်သက်နဲ့ ထပ်ဆင့် ဖော်ပြရပါအုံးမယ်။

ဖြစ်တဲ့တရားမှာ ဖြစ်သဘောရှိသလို မဖြစ်သဘောလဲရှိပါတယ်။

ပေါ်တဲ့ တရားမှာ ပေါ်သဘောရှိသလို မပေါ်သဘောလဲ ရှိပါတယ်။

ပြုအပ်တဲ့တရားမှာ ပြုသဘောရှိသလို အပြုငြိမ်းတဲ့သဘောလဲ ရှိပါတယ်။

ဖန်တီးအပ်တဲ့ တရားမှာ ဖန်တီးသဘောရှိသလို ဖန်တီးမှု ငြိမ်းတဲ့ သဘောလဲ ရှိပါတယ်။

ဖြစ်တဲ့ တရားမှာ ဖြစ်သဘောရှိတာ အထူး ဟောနေစရာ မလိုပါ။ ဖြစ်တယ် ဆိုထဲက ဖြစ်သဘော ဖြစ်လက္ခဏာ ပေါ်လွင်ပြီးသား။ ဒါကြောင့် ဖြစ်သဘော ရှိတာကို အထူးတလည် ထုတ်ဖော်မနေတော့ဘဲ မဖြစ်သဘောကိုသာ အဇာတ၊ အဘူတ၊ အကတ၊ အသခ်တ ဆိုတဲ့ ပရိယာယ်ပုဒ် ၄-ပုဒ်နဲ့ အထူးပြု ဟောကြားတော်မူပါတယ်။

လောကကြီးမှာ ဖြစ်လာတဲ့တရားကိုဘဲ ဖြစ်လာပါကလား ရယ်လို့ မသိတဲ့သူတွေ အများကြီး။ ဖြစ်တာနဲ့ရှိတာ သရုပ်မကွဲတဲ့ သူတွေ တပုံကြီး။ ဒီအထဲက တချို့တလေမှာ ဖြစ်လာတာကို သိကြပါရဲ့။ ဖြစ်တာနဲ့ ရှိတာ သရုပ်ကွဲကြပါရဲ့။ မဖြစ်သဘောကို အရှိဟောလိုက်တဲ့ နေရာမှာတော့ သဘောမပေါက်နိုင်အောင် ဖြစ်ကုန်ကြရတယ်။

## ခွေးမဟောင် မီးမလောင်

လောက လူသားတွေ နားလည်ထားတာက –

ခွေးဆို ဟောင်။

မီးဆို လောင်။

ခွေးဆိုမှတော့ ထီးထီး မမ၊ ဝဝ ပိန်ပိန်၊ ကြောင်ကြောင် ကျားကျား၊ ဘာ အမျိုးအစားဘဲဖြစ်ဖြစ် ဟောင်တတ်တာ ချည့်ဘဲ။ မဟောင်တဲ့ ခွေးရယ်လို့ မရှိဘူးတဲ့။

မီးဆိုမှတော့ မီးခဲ၊ မီးလျှံ၊ မီးတောက်၊ မီးပွား၊ လျှပ်စစ် ဓာတ်အားမှစ၍ ဘယ်အမျိုးအစားဖြစ်ဖြစ် လောင်တတ်တာ ချည့်ဘဲ။ မလောင်တဲ့ မီးရယ်လို့ မရှိဘူးတဲ့။

လောကလူသားတွေရဲ့ လူ့ဘောင်လောကမှာ တွေ့ရကြုံရတဲ့ အတိုင်း ပြောထားတာမို့ လောက စကားအနေနဲ့ မှန်ကန်ပါ တယ်။ ဒါပေမယ့် ဟာခုဆိုစရာရှိသေးတာက –

မဟောင်တဲ့ခွေး မရှိတော့ဘူးလား။

မလောင်တဲ့မီး မရှိတော့ဘူးလား။

မသိသေးတာသာ ဖြစ်ပါလိမ့်မယ်။ မရှိတာတော့ မဟုတ် တန်ပါဘူး။ မဟောင်တဲ့ခွေး ရှိနိုင်သလို မလောင်တဲ့မီးလဲ ရှိနိုင် လောက်ပါတယ်။

ဒါဖြင့် –
မဟောင်တဲ့ ခွေးက ဘယ်လိုလဲ။
မလောင်တဲ့ မီးက ဘယ်လိုလဲ။
ဒီလို မေးလာကြရင်တော့ အရှင်အဿဇိ မထေရ်မြတ် မိန့်တော်မူခဲ့တဲ့ စကားသွားအတိုင်း ဖြေဆိုရပါလိမ့်မယ်။

## အကြောင်းရှိရင် အကျိုးထင်

အရှင်သာရိပုတ္တရာ အလောင်းလျာ ဥပတိဿပရိဗိုဇ် မေးလျှောက်ချက်အရ အရှင်အဿဇိ ဖြေဆိုတော်မူခဲ့တဲ့ ယေဓမ္မာ ဟေတုပ္ပဘဝါ စတဲ့ ဂါထာဟာ ထင်ရှားတဲ့ ဒေသနာတော်တပုဒ်ပါတဲ့။

"ဖြစ်လာသမျှ တရားတို့သည် အကြောင်းတရားလျှင် အမှန် အစရှိကုန်၏။ ထိုအကြောင်းတို့ ချုပ်ငြိမ်းလေသောကြောင့် အကျိုးတရား ဖြစ်လာစရာ မရှိတော့ပေ။ ငါတို့ဆရာ မဟာသမဏသည် ဤသို့ ဟောကြားလေ့ ရှိတော်မူပါသည်"*

ကြောင်းကျိုးဆက် ထရေးကို အရှင်အဿဇိက အကျဉ်းချုပ်သဘော ဟောပြလိုက်တာနဲ့ ဥပတိဿပရိဗိုဇ်ဟာလဲ တထိုင်ထဲနဲ့ တရားပေါက်သွားခဲ့တယ်။ အရှင်အဿဇိရဲ့ တရားထဲမှာ သစ္စာလေးပါးလဲ အကုန်ပါသွားတယ်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးလဲ အပြည့်အစုံ ပါပြီးဖြစ်သွားပါတယ်။

---

* ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

ပဋိစ္စသမုပ္ပါဒ် ဆိုလိုက်ရင်ဘဲ အင်္ဂါ (၁၂)ပါးတို့၊ အဓွန့် (၃)ဖြာတို့၊ အလှာ (၄)ထပ်၊ အစပ် (၃)ခု ဆိုတာတွေက ရှေးဆုံးက ပြေးပြေး ဝင်လာ တတ်ကြ တယ်။ ပဋိစ္စသမုပ္ပါဒ် ဆိုလေတိုင်း ဒီလို ပုံစံချည့်၊ အင်္ဂါ (၁၂)ပါးချည့် ထာဝစဉ် ရှိကြတာ မဟုတ်ပါဘူး။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တိုင်းဟာ သင်္ဂြိုဟ်ထဲက အတိုင်း ပုံသေ ကားချ တထစ်ချ ရှိနေကြတာ မဟုတ်ပါဘူး။ ဒါကြောင့် အင်္ဂါတွေ အထပ်တွေ အလှာတွေ ထက် ပိုပြီးအရေးကြီးဟာက ကြောင်းကျိုးဆက်နွယ်မှု သဘော သာ ဖြစ်ပါတယ်။

အကြောင်းရှိရင် အကျိုး ထင်တာဟာ ဝိမုတ္တိ သာသနာ တော်ရဲ့ အဓိက သွန်သင်ချက် ဖြစ်ပါတယ်။ ဒါကို ပရိယတ် နယ်ပယ်က ပဋိစ္စသမုပ္ပါဒ်လို့လဲ ခေါ်ကြရတယ်။ သစ္စာတရား ရယ်လို့လဲ ဘွဲ့နာမံ တပ်ဆင်ပေးကြရတယ်။ (၄၅)ဝါ ကာလ ပတ်လုံး ဒီလို ကြောင်းကျိုးဆက်တရားတွေကိုဘဲ အဓိကထားပြီး ဟောကြားတော်မူခဲ့ပါတယ်။

အကြောင်းရှိရင် အကျိုးထင်လို့ ဆိုလိုက်တာနဲ့တပြိုင်နက် အကြောင်းမထင် အကျိုးစင်တာလဲ တခါထဲ ပါသွားပါတယ်။ ပဋိစ္စသမုပ္ပါဒ် တရားတော်များမှာ အကြောင်းရှိရင် အကျိုး ထင်တာကို ဟောသလို အကြောင်းမထင် အကျိုးစင်တာကိုလဲ ဟောပြထားပါတယ်။ အနုလောမ နည်းအားဖြင့် ဖြစ်သဘော ကို ဟောသလို ပဋိလောမ နည်းအားဖြင့် မဖြစ်သဘောကိုလဲ ဟောကြားတော်မူပါတယ်။

သစ္စာ(၄)ပါး အရာမှာ ဖြစ်သဘောဟာ လောကီသစ္စာနှယ်ကဖြစ်ပြီး မဖြစ်သဘောကတော့ လောကုတ္တရာဘက်မှာ ရောက်နေပါတယ်။

ဒီဒေသနာများကို လက်ခံနိုင်ကြပါရင် အောက်ပါ ဖြေကြားချက်များကိုလဲ လက်ခံကြရပါလိမ့်မယ်။

မဟောင်တဲ့ခွေးလဲ ရှိပါသေးတယ်။ ဘယ်လို ခွေးလဲဆိုတော့ ခွေးမကြီးဗိုက်ထဲ မရောက်လာတဲ့ ခွေး။

မလောင်တဲ့ မီးလဲ ရှိပါသေးတယ်။ ဘယ်လို မီးလဲ ဆိုတော့ မီးအဖြစ်ကို ရောက်မလာတဲ့ မီး။

## အကြောင်းမထင် အကျိုးစင်

မဖြစ်သဘော ကေန်ရှိနေပုံကလဲ မဟောင်တဲ့ခွေး၊ မလောင်တဲ့မီး ဥပမာလိုပါဘဲ။ သက်ဆိုင်ရာ အကြောင်းတရားများက ပြုပြင်ဖန်တီးပေးလိုက်လို့ တစုံတခုဖြစ်လာတော့မှ ဖြစ်သဘောရယ်လို့ ပေါ်လာရတယ်။ ဖြစ်လာပါကလားရယ်လို့ သိလာမြင်လာကြရတယ်။

ပြုပြင်ပေးစရာ ဖန်တီးပေးစရာ အကြောင်းရယ်လို့မှ မရှိလေတော့(ဝါ)အကြောင်းများက ပြုပြင်၍ ဖန်တီး၍ မပေးကြလေတော့ တစုံတရာ ဘာတခုမှ ဖြစ်၍ ပေါ်၍ မလာနိုင်တော့ဘူး။

ဒါကြောင့် ဖြစ်တဲ့တရားတွေဟာ ဖြစ်လာအောင်အကြောင်း ပြုပေးလို့ ဖြစ်လာကြတယ်။ ပြုပေးတဲ့ အကြောင်းရယ်လို့မှ မရှိလေတော့ ဖြစ်တဲ့ တရားတွေဟာ ဖြစ်မလာ နိုင်တော့ဘဲ အဖြစ်ငြိမ်း၍ ဓာတ်သိမ်းလျက်သာ နေကြရတယ်။

ပေါ်တဲ့ တရားတွေဟာ ပေါ်လာအောင် အကြောင်းပြု ပေးလို့ ပေါ်လာကြတယ်။ ပြုပေးတဲ့ အကြောင်းရယ်လို့မှ မရှိလေတော့ ပေါ်တဲ့ တရားတွေဟာ ပေါ်မလာနိုင်တော့ဘဲ အပေါ်ငြိမ်း၍ ဇာတ်သိမ်းလျက်သာ နေကြရတယ်။

ပြုအပ်တဲ့ တရားတွေဟာ အကြောင်းက ပြုပေးလိုက်မှ ပြုသဘောတွေ ပေါ်လာရတယ်။ အကြောင်းက ပြုမပေးလေတော့ ပြုသဘော မထင်ရှားတော့ဘဲ အပြုငြိမ်း၍ ဇာတ်သိမ်း လျက်သာ နေကြရတယ်။

ဖန်တီးအပ်တဲ့ တရားတွေဟာ အကြောင်းက ဖန်တီးပေး လိုက်မှ ဖန်တီးမှုသဘောတွေ ပေါ်လာရတယ်။ အကြောင်းက ပြုမပေးလေတော့ ဖန်တီးမှုသဘောမထင်ရှားတော့ဘဲ ဖန်တီးမှု ငြိမ်း၍ ဇာတ်သိမ်းလျက်သာ နေကြရတယ်။

ရှေ့ နှစ်ဝါကျက အကြောင်းပြုပေးရင် ဖြစ်၍ ပေါ်၍ လာ တတ်တဲ့ တရားတွေ မဖြစ်လာ မပေါ်လာပုံကို ပဓာနထားပြီး ပြဆိုပါတယ်။ နောက် နှစ်ဝါကျကတော့ ပြုပြင်မှု ဖန်တီးမှု အကြောင်း တရားများနဲ့တကွ အကြောင်း နောက်မှာ ဆက် သွယ်၍ ပါလာကြမယ့် အကျိုးတရားများ ကင်းစင် ချုပ်ငြိမ်းမှု ကိုပါ တပါတည်း ဟောပြထားပါတယ်။

ဒါဟာ အကြောင်းမထင် အကျိုးစင်တဲ့သဘော။

ပဋိစ္စသမုပ္ပါဒ် နည်း(၂)နည်းတွင် ပဋိလောမ နည်းမှာပါတဲ့ မဖြစ်သဘော ချုပ်သဘော။

သစ္စာ(၄)ပါးအရာတွင် နိရောဓသစ္စာ အမှန်တရား။ ဒီ သစ္စာ တရားသည်ပင်လျှင် အသိဉာဏ်ထဲမှာ ထင်ရှား နေပါတယ်။ အသိဉာဏ် ရှေ့မျောက်မှာ တောက်ပနေပါတယ်။ ဖြစ်ဖြစ်သမျှ

ပေါ်လာသမျှ ပြုအပ်သမျှ ဖန်တီးအပ်သမျှ တရားတို့ရဲ့ လွတ်မြောက်ရာ ဖြစ်ပါတယ်။

## အဖြစ်မငြိမ်း ဇာတ်မသိမ်း

အထက်ပါ အဓိပ္ပါယ်ရှင်းလင်းချက်များအရ ဥဒါန်း ပါဠိတော် ပထမ ဝါကျထဲက ဝါကျတို(၄)ခုကို ပြန်ပြီး သုံးသပ်ကြည့်ပါရင် —

အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည် ဖြစ်တရားတို့၏ လွတ်မြောက်ရာ။

အပေါ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည် ပေါ်တရားတို့၏ လွတ်မြောက်ရာ။

အပြု ငြိမ်း၍ ဇာတ်သိမ်းခြင်းသည် ပြုအပ်သောတရားတို့၏ လွတ်မြောက်ရာ။

ဖန်တီးမှုငြိမ်း၍ ဇာတ်သိမ်းခြင်းသည် ဖန်တီးအပ်သော တရားတို့၏ လွတ်မြောက်ရာ။

ဖြစ်ပေါ်ပြုဖန်ဟူ၍ ပရိယာယ်ပုဒ် (၄)မျိုးနဲ့ ဖြစ်လေသမျှသောတရားတို့ရဲ့ လွတ်မြောက်ရာ (ဝါ)ဖြစ်သဘောတို့ရဲ့ လွတ်မြောက်ရာဟာ မဖြစ်သဘော ဖြစ်ပါတယ် (ဝါ)အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်း ဖြစ်ပါတယ်။

အကယ်၍သာ

မဖြစ်သဘောရယ်လို့ မရှိဘဲ ဖြစ်သဘောတခုသာ ရှိနေပြီး တဖြစ်ထဲ ဖြစ်ဖြစ်နေခဲ့ပါရင်

ရာဂဇာရေးတွေလဲ အမြဲတမ်းဖြစ်နေ။ ဒေါသတရားတွေလဲ အမြဲတမ်းဖြစ်နေ။ မဖြစ်တဲ့အခိုက် မဖြစ်တဲ့အခါဟူ၍ လုံးဝမရှိ။ မပြတ်မစဲ ဝါစပ်ထဲ ဖြစ်လို့သာ နေကြပါလိမ့်မယ်။

ဒီလိုဖြစ်နေရင်လဲ အဝိဇ္ဇာသင်္ခါရစတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ကြီးထဲမှာဘဲ တဝဲလည်လည်။ သံသရာ ရှည်သမျှမှာလဲ သုဂတိဘုံသွားရယ်လို့ မရှိတော့ဘဲ အစဉ်အမြဲ တစပ်ထဲ ဖြစ်ပြီးရင်းဖြစ်နေကြတဲ့ အကုသိုလ်မှု ဒုစရိုက်တွေကြောင့် အပါယ်လေးပါးက တက်လမ်းမမြင်ပေဘူး။

ဖြစ်သဘောတခုဟုသည်းသာ ရှိနေမယ်ဆိုပါရင် သုံးလူ့ထွတ်ထား မြတ်ဘုရားရယ်လို့ ပွင့်လာစရာ မရှိတော့ဘူး။ ဝိမုတ္တိသာသနာ ဆိုတာဟာလဲ လက္ခယ်ညသန်ကောင်ယံမှာ မှောင်နဲ့မဲမဲသာ ရှိနေပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက မဖြစ်သဘော ကေန်မုချရှိရပုံ ပဋိလောမနည်းအားဖြင့် ပြဆိုတော်မူလို၍(နော စေ တံ ဘိက္ခဝေ)စတဲ့ ဒုတိယဝါကျကို မိန့်ဆိုတော်မူပါတယ်။

ပါဠိဟော်ရှေ့နားမှာပါခဲ့ပြီမို့ အနက်ပေးကိုသာ ရေးလိုက်ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ တေံ ဒ႕ဇာတံ၊ ဤအဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ တေံ အဘူတံ၊ ဤအပေါ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ တေံ အကတံ၊ ဤအပြုငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ တေံ အသင်္ခတံ၊ ဤဖန်တီးမှုငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ သစေ အဘဝိဿ၊ အကယ်၍များ မရှိခဲ့ငြားအံ့။ (ဧံ သန္တေ၊ ဤသို့ မရှိခဲ့သည်ရှိသော်) ဣဓ၊ ဤ လောက၌။ (ဝါ) ဤ သာသနာတော်၌။

ဇာတသာ၊ ဖြစ်သောတရား၏။ ဘူတသာ၊ ပေါ်သော တရား၏။ ကတသာ၊ ပြုအပ်သောတရား၏။ သင်္ခတသာ၊ ဖန်တီးအပ်သော တရား၏။ နိဿရဏံ၊ လွတ်မြောက်ရာ သည်။ န ပညာယေထ၊ မထင်ရှားပေရာ။

## အဖြစ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်

နိဿရဏ ဆိုတဲ့ ပါဠိစကားဟာ လွတ်မြောက်ရာ အနက်ကို တိုက်ရိုက်ဟောပါတယ်။ နိဿရဏတွေရင် နိဗ္ဗာန်ကို ကောက်ယူ ရပါတယ်။နိဿရဏဓာတ် သုံးပါးကို ဟောကြားတဲ့ ဒေသနာ တော်မှာ ကာမဂုဏ်တို့မှ ထွက်မြောက်တဲ့ ပထမစျာန်၊ ရုပ်တရား တို့မှထွက်မြောက်တဲ့ အရူပစျာန်တို့ကို ကာမာနံ၊ ရူပါနံ၊ ဆိုတဲ့ အပါဒါန်ပုဒ်များနဲ့ယှဉ်လျက် ဟောတော်မူထားတာရှိပါတယ်။ ဒီလို နေရာအနည်းအကျဉ်းကလွဲလို့ နိဿရဏသဒ္ဒါဟာ နိဗ္ဗာန် ကိုချည့် ဟောပါတယ်။

ပထမဝါကျမှာ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းတဲ့တရားကို ပြဆို ထားပါတယ်။ ပြဆိုတဲ့နေရာမှာလဲ အသိကပ်စရာ အသိကျပ်စရာ ဥပစာစကားလုံးတွေ မပါမရှိပါဘူး။ သိသာပေါ်လွင်လှသော စကားလုံး၊ ရှင်းလင်းလွယ်ကူလှသော ဝါကျဖြင့်သာ ပြဆိုထား ပါတယ်။ ဖြစ်တရားတို့မှာ ဖြစ်သဘောရှိသလို မဖြစ်သဘောလဲ ရှိကြောင်း ဖြောင့်ဖြောင့်ရှင်းရှင်း အလင်းပြထားပါတယ်။

ဖြစ်တရားတွေဟာ အကြောင်းနဲ့ ပြုပြင်ပေးရင်တော့ ကေန် ဖြစ်လာမှာဘဲ။ အကြောင်း တရားနဲ့ ဖန်တီး မပေးလေတော့ ဖြစ်စရာ မရှိတော့ဘူး။ အဖြစ်ငြိမ်း၍ ဇာတ်သိမ်း လျက်သာ

နေကြရတယ်။ ဒီလို အဖြစ်ငြိမ်း၍ ဇာတ်သိမ်းတရားသာ မရှိပါရင် ဖြစ်တရားတို့ရဲ့ လွတ်မြောက်ရာ မရှိပေဘူး။

ဥဒါန်းပါဠိတော် ဒုတိယဝါကျဟာ ဒီလို အမြန်နည်း အားဖြင့် အထောက်အထား ပြပြီးသော့ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းကို နိဿရဏ ခေါ် နိဗ္ဗာန်နဲ့ ထပ်တူထပ်မျှ ပြဆိုထားပါတယ်။

(ဝါ)နိဗ္ဗာန်ဆိုတာကို ဟိုမှာ ဒီမှာ ဗျာများမနေကြနဲ့။
ဟိုကမ္ဘာ ဒီကမ္ဘာ ဘဝသံသရာတွေနဲ့ တိုင်းတာမနေကြနဲ့။
ဟိုဆရာ ဒီဆရာ မျက်နှာပေါင်း မြောက်များစွာကို လိုက်ပြီးကြည့်မနေကြနဲ့။
အပူပြင်မရှိ ဖန်တီးမှုမရှိသဖြင့် ပကတိသဘော အားဖြင့် အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသာလျှင် နိဗ္ဗာန်ဖြစ်ကြောင်း ဂဃဏန ပြဆိုထားပါတယ်။

## အဖြစ်ဟူ မြူမျှမရှိ

အဘိဓမ္မာနည်းအရ၊ ဤကား ရုပ်၊ ဤကား နာမ် ဟူ၍ သရုပ်ခွဲရာမှာ နိဗ္ဗာန်ကို နာမ်စာရင်းထဲ ထည့်ရပါတယ်။ နာမ်ဆိုတာ အာရုံသို့ညွတ်သော (ဝါ)အာရုံကိုသိတတ်သော (ဝါ)အာရုံကို ဖန်တီးပါတ်သော တရားလို့ ဆိုပါတယ်။ (စိတ်အာရုံအခန်းမှာ ဒီအကြောင်း အကျယ်တဝင့် ပြဆိုခဲ့ပါပြီ)။

နိဗ္ဗာန် နာမ်စာရင်း ဝင်ရတာကတော့ စိတ် စေတသိက်များလို အာရုံသို့ ညွတ်တတ်လို့ မဟုတ်ပါဘူး။

မိမိတည်းဟူသော အာရုံပေါ်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ညွတ်လာစေတတ်လို့ နာမ်စာရင်းဝင်ရပါတယ်။ သူသဘော သူ

လက္ခဏာအားဖြင့် ထင်ရှားပြီးဖြစ်နေတဲ့အတွက် နိဗ္ဗာန်အာရုံကို မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က ဖန်တီးတာ မဟုတ်ပါ။ ရှိပြီးသား အာရုံအပေါ်မှာ အလိုက်သင့် ညွတ်ရုံ (ဝါ)သိကာမျှသိလိုက်ရုံ ဖြစ်ပါတယ်။

ဒါကြောင့် နိဗ္ဗာန် နာမ်စာရင်း ဝင်သော်လဲ နာမ်စာရင်းဝင် စိတ် စေတသိက်များနဲ့ မတူ။ စိတ် စေတသိက်များကဲ့သို့ ဉပါဒ် စွန်း ဘင်စွန်း မရှိပါဘူး။ အကြောင်းရှိ၍ အကျိုးထင်သော တရားမဟုတ်ပဲ အကြောင်းမထင် အကျိုးစင်သော တရားသာ ဖြစ်ပါတယ်။

တဖန် အဘိဓမ္မာမှာ အကျုံးဝင်တဲ့ အာယတန (၁၂)ပါး သရုပ်ခွဲရာမှာလဲ မူလဋီကာဆရာက (သုခုမရူပဂတိက) "နိဗ္ဗာန် ဟာ သုခုမရုပ်နဲ့ အလားတူတယ်"လို့ ဖွင့်ဆိုထားပါတယ်။

သုခုမရုပ်နဲ့ အလားတူတယ်ဆိုတာ ဓမ္မာယတနထဲမှာ အတူတူ သိမ်းကျုံး ရေတွက်ရလို့သာ ဖြစ်ပါတယ်။ ဓမ္မာယတနချင်း တူကာမျှကိုသာပြဆိုပါတယ်။

စက္ခု သောတ ဃာန ဇိဝှာ ကာယဆိုတဲ့ အခံရုပ်(၅)ပါး၊ရူပ သဒ္ဒ ဂန္ဓ ရသနဲ့ ဖောဋ္ဌဗ္ဗမှာပါတဲ့ ဘူတရုပ်(၃)ပါးတို့ဟာ ကိုယ့် နာမည်နဲ့ကိုယ် သီးခြား အာယတန (၁၀)ခု စာရင်းထွက်ခဲ့ တယ်။

ဒါကြောင့် ကျန်နေသေးတဲ့ သုခုမရုပ်များကို ဓမ္မာယတန ထဲမှာဘဲ အားလုံးစုပြုံပြီး စာရင်းသွင်းရတော့တယ်။

သီးသန့် ဆွမ်းတကာ မပေါ်ကြတဲ့ ကိုယ်တော်လေးတွေ ရွာဘုံဆွမ်းထဲရောပြီး ကပ်လိုက်ရသလိုပါဘဲ။ ဆွမ်းစားပြီးတော့ လဲ ကိုယ့်ကျောင်း ကိုယ် ပြန်ခဲ့ကြတာပေါ့။

ဒီမှာလဲ နိဗ္ဗာန်ကို သုခုမရုပ်နဲ့ အလားတူ ဓမ္မာယတနထဲ ထဲ့လိုက်ရပေမဲ့ သဘောလက္ခဏာ တခြားစီသာ ဖြစ်ပါတယ်။ နာမ်စာရင်းဝင်လို့ နာမ်မဖြစ်သလို ရုပ်နဲ့အတူ ရောလိုက်လို့လဲ ရုပ် ဖြစ်မသွားနိုင်ပါဘူး။

နိဗ္ဗာန်မှာ ရုပ်ရယ် နာမ်ရယ်လို့ ဖမ်းဆွဲထားစရာ လုံးဝမရှိပါဘူး။ ကြမ်းတမ်းတဲ့ရုပ်နာမ် မရှိသလို နူးညံ့တဲ့ရုပ်နာမ်လဲ မရှိပါဘူး။ ရုပ်သဘော နာမ်သဘော ထင်ထင်ရှားရှား ဖြစ်မလာသလို မထင်မရှားဖြစ်လာတာလဲ မရှိပါဘူး။ အဖြစ်ဟူ မြူမျှ မရှိခြင်းသာ နိဗ္ဗာန်ဖြစ်ပါတယ်။

## အဋ္ဌကထာ အာဘော်

အထက်ပါဥဒါန်းပါဠိတော်ကို ဖွင့်ဆိုတော်မူတဲ့ အဋ္ဌကထာဆရာကလဲ အဇာတံ အဘူတံ ပုဒ်တို့ကို ပြတဲ့နေရာမှာ–

"အဇာတံ၊ ဝေဒနာစသောတရားတို့သည် အကြောင်းတရားတို့ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သို့အကြောင်းနှင့် တကွ မဖြစ်ခြင်း သဘောသည်။

အဘူတံ၊ အကြောင်းနှင့်ကင်းလျက် လျောက်လျားဘာသာပေါ်မလာခြင်း သဘောသည်"လို့ ဖွင့်ဆိုတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ ဝိမုတ္တိသာသနာတော်မှာ ဖြစ်ပေါ်လာသမျှ တရားတို့မှာ အကြောင်းရှိရပါတယ်။အကြောင်းကြောင်းဖြစ်လို့ အကြောင်းကြောင့် ပျက်ရပါတယ်။ အကြောင်းနှင့် ကင်းရှိ

(ဝံါ) အကြောင်းမပါ ဘာသာလဝါ သူဖြစ်ချင်ရာ ဖြစ်တယ် ဆိုတာကတော့ တခြားပြင်ပက အယူပါဘဲ။

သာသနာတော်အနေနဲ့လဲ နိဗ္ဗာန်ဆိုတာ ဖြစ်သဘော လုံးဝ မရှိတာမို့ ဖြစ်ပေါ်ရန်အကြောင်းရယ်လို့ မရှိနိုင်။ သာသနာ ပက အယူအဆ အတွက်လဲ ထောက်တည်နိုင်စရာ လုံးဝမရှိ။ ဒါကြောင့် အဖြစ်ငြိမ်း၍ ဇာတ်သိမ်းတာကလဲ့လို့ ဘာဆို ဘာ တခုမှ သူ့အနေငါ့အနေနဲ့ လုပ်ပေးနေစရာ မရှိဘူးဆိုတဲ့ ပါဠိ တော် မိန့်ဆိုချက်ကို ခိုင်ရာသံစွဲ မြဲရာသံပတ် ဆိုဘိသို့ မြဲသထက် မြဲ ခိုင်သထက် ခိုင်အောင် အဋ္ဌကထာဆရာ ဖွင့်ဆိုထားပါတယ်။

အဇာတံ၊ အဘူတံပုဒ်များနဲ့တကွ ပဌမ ဒုတိယ ဝါကျများ ကို အစိတ်စိတ် အမွှာမွှာ အပြန်အလှန် ဖွင့်ဆိုပြီးနောက်–

> "မဖြစ်သဘောဟူ၍မရှိ။ဖြစ်သဘောတခုသာ ရှိပါမူ ဤသာသနာတော်ဝယ် လွတ်မြောက်ရာဟူ၍ မထင်ရှား ပေရာ ဟူသော ဒုတိယဝါကျဖြင့် နိဗ္ဗာန် ထင်ရှားရှိပုံကို ပဋိလောမနည်းဖြင့် ပြဆိုတော်မူပြီး၍ ယခုအခါ ဖြစ် သဘောရှိသကဲ့သို့ မဖြစ်သဘောလဲ ကေန်မုချရှိနေသဖြင့် နိဗ္ဗာန် ထင်ရှားရှိပုံကို အနုလောမနည်းအားဖြင့် ပြဆို တော်မူလိုသော ဗုဒ္ဓ မြတ်စွာသည် (ယသ္မာစ ခေါ) စသော ဝါကျကိုမိန့်ဆိုတော် မူသတည်း။"

အဋ္ဌကထာဆရာက ဉဒါန်းပါဠိတော် တတိယဝါကျအတွက် အနုသန္ဓေ စပ်ပေးတော် မူပါတယ်။ ကျန်သေးတဲ့ ယင်းဝါကျ ကို လက်စသတ်သွားအောင် အနက်ပေးလိုက်ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ အကြင့်ကြောင့်၊ အဇာတံ၊ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အဘူတံ၊ အပေါ်ငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အကတံ၊ အပြုငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အသင်္ခတံ၊ဖန်တီးမှုငြိမ်း၍ ဇာတ်သိမ်းခြင်းသည်။ အတ္ထိ၊ ထင်ရှားရှိ၏။ တသ္မာ၊ တို့ကြောင့်။ ဇာတဿ၊ ဖြစ်သောတရား၏။ ဘူတဿ၊ ပေါ်သောတရား၏။ ကတဿ၊ ပြုအပ်သောတရား၏။ သင်္ခတဿ၊ ဖန်တီးအပ်သောတရား၏။ နိဿရဏံ၊ လွတ်မြောက်ရာသည်။ ပညာယတိ၊ ထင်ရှားပေ၏။

## ဖြစ်ရင်ဒုက္ခ မဖြစ်မှချမ်းသာ

လောကလူသားများအနေနဲ့ မဖြစ်သေးတာတွေ ဖြစ်ဖြစ်လာခါမှ ဟုတ်တယ်ထင်ကြတယ်။ဒီအဖြစ်ကို မကောင်းဘူးလို့ကေန်သိပြီးပါသော်လဲ နောက်တမျိုးဖြစ်လာရင် ကောင်းလိမ့်နိုးနိုး။ စိတ်အကြိုက်နဲ့ အခိုက်အတန့် တွေ့ရဘယ် ဆိုပါသော်လဲဒီအာရုံမျိုးက ကြာရှည်ကြာများ ရပ်တည်နေနိုင်တာ မဟုတ်ပါဘူး။ ဖြစ်ပြီးတဲ့နောက် အပျက်က ရောက်လာတယ်။ သူ့သဘောကို မလွန်ဆန်နိုင်လို့ ကပြောင်းကပြန် သူလုပ်တိုင်း ခံနေရဟာကိုဘဲ မြတ်စွာဗုဒ္ဓက ဒုက္ခလို့ ဟောတော်မူပါတယ်။

သူ့သဘောသို့ မလိုက်မပါ ကိုယ့်သဘောနဲ့ ကိုယ့်ဘာသာ ချမ်းချမ်းသာသာ နေနိုင်ဘို့ကတော့ ဖြစ်သဘောနဲ့ မရောနှောဘို့ဘဲ ရှိပါတယ်။ ဖြစ်သဘောနဲ့ ရောနှောမိပါရင် ဖြစ်ပြီးတဲ့နောက် ပျက်ခြင်းသို့ရောက်ရမှာ မလွဲဘူး။ဒါကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ....

ဥပ္ပါဒေါ သင်္ခါရော။ ဖြစ်ရင်သင်္ခါရသဘော။
အနုပ္ပါဒေါ နိဗ္ဗာနံ။ မဖြစ်မှနိဗ္ဗာန်တဲ့။
တခါ အဲဒီပါဠိတော်မှာဘဲ
ဥပ္ပါဒေါ ဒုက္ခံ။ ဖြစ်ရင်ဆင်းရဲတယ်။
အနုပ္ပါဒေါ သုခံ။ မဖြစ်မှချမ်းသာတယ်။

ချမ်းသာတယ် ဆိုသော်လဲ ဒီချမ်းသာမျိုးက အပူကင်းတဲ့ ချမ်းသာမျိုး။ အနာမရှိတဲ့ချမ်းသာမျိုး။

အနာတွေ ဗလပွ၊ ရောဂါတွေအမျိုးမျိုးနဲ့ တပိန်ပိန် တလိမ်လိမ်နေရတုန်းမှာ ဆင်းရဲတာ မှန်တယ်။ နာကျဉ်မှု၊ ကိုက်ခဲမှု၊ ဟိုနေရာ ဒီနေရာက မသက်မသာ ဖြစ်ရတာတွေ ကိုယ်တိုင် ခံစားရလို့သိနိုင်ပါတယ်။ ဒီရောဂါဝေဒနာတွေ ပျောက်သွားတဲ့ အခါကျတော့ ဘာတွေများ အထူးအထွေ ခံစားရပါသလဲ။

အနာကင်းလို့ လူနေလူထိုင် သန့်သန့်ရှင်းရှင်း ဖြစ်လာတာက လွဲလို့ အထူးအထွေ ခံစားမှုရယ်လို့ မရှိပါ။ စိတ်သွားတိုင်း ကိုယ်ပါလာနိုင်တာကို ဝမ်းသာရတာဟာ ကျမ်းမာခြင်း သုခ ခံစားရတာ မဟုတ်ပါဘူး။ စိတ်ရော ကိုယ်ပါ ညှိုးနွမ်းခဲ့ရလေ သမျှပင်ပန်းခဲ့ရလေသမျှ ယခု ဒါတွေမရှိတော့ လို့တွေးပြီး ဝမ်းသာခြင်းမျှသာ ဖြစ်ပါတယ်။ တဆင့်ခံ အကျိုးတရားမျှသာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွတ်တမ်းဝင် အရှင်မြတ်တပါး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ဒုက္ခမလိမ်း အပူငြိမ်းတဲ့ ချမ်းသာကြီးကို ကြိမ်ဖန်များစွာ ခံစားပြီး–

"နိဗ္ဗာန်ချမ်းသာ မှန်မြတ်လှပါကလား"
"နိဗ္ဗာန်ချမ်းသာ မှန်မြတ်လှပါကလား"

မကြာခဏ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူပါတယ်။

တနေ့မှာတော့ ပဋိသမ္ဘိဒါ(၄)ပါးနဲ့ ပြည့်စုံရာမှာ တေဒဂ်ရတော်မူတဲ့ အရှင်ကောဋ္ဌိက က အရှင်သာရိပုတ္တရာကို ဝင်ပြီး မေးလျှောက်တယ်။

"အရှင်ဘုရား နိဗ္ဗာန်ချမ်းသာ မှန်မြတ်လှတယ်သာ ဆိုရတယ်။ ဝေဒနာခံစားမှုလဲ မရှိပါလား ဘုရား"

ဒီတော့ အရှင်သာရိပုတ္တရာက—

"ငါ့ရှင် ကောဋ္ဌိက၊ ဝေဒနာရယ်လို့ တစုံတရာ ခံစားစရာ မရှိတာကိုဘဲ မှန်မြတ်တဲ့ ချမ်းသာ ဆိုရပေတယ်"

အရှင်သာရိပုတ္တရာ ဖြေဆိုချက် မှန်လှပါပေတယ်။ ဝေဒနာခံစားမှု လုံးဝမရှိပါမှသာ မှန်မြတ်လှစွာ ချမ်းသာသုခ ဖြစ်နိုင်ပါတယ်။ ဝေဒနာတခုခု ခံစားနေရရင်တော့ ချမ်းသာရယ်လို့ မခေါ်နိုင်ပါဘူး။ ဝေဒနာအားလုံးမှာ သုခ ချမ်းသာရယ်လို့ မရှိ။ ဒုက္ခအတိသာ ဖြစ်ပါတယ်။ သုခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာဆိုတာတွေက ခံစားပုံ အခြင်းအရာ ကွာခြားချက်မျှသာ ဖြစ်ပါတယ်။

## မဖြစ်သဘော မဖြစ်လက္ခဏာ

(လဒ္ဓါ မုခါနိဗ္ဗုတိ ဘုဥ္ဇမာနာ)= "အချည်းနှီးသော ငြိမ်းအေးခြင်း ချမ်းသာကို ခံစားကုန်သည်" ဆိုတဲ့ ရတနသုတ်ဒေသနာတော်မှာလဲ အရှင်သာရိပုတ္တရာ မိန့်ဆိုချက် အတိုင်း

ပါဘဲ။ မရွေ့ မလျော သဘောအားဖြင့်ယာ တည်ရှိနေတဲ့ နိဗ္ဗာန်အာရုံဟာ ဝေဒနာခံစားဘို့ မဖြစ်နိုင်ပါဘူး။ နာမ်တရားတိုင်းမှာ ဝေဒနာ စေတသိက်ရယ်လို့ မကွဲမကွာ ဖြစ်ပါလာမြဲ ဖြစ်သော်လဲ မဂ်ဉာဏ် ဖိုဉာဏ်သာလျှင် ပဓာနဖြစ်ပါတယ်။

ခံစားစရာ အာရုံအဖြစ် မထင်ရှားသော်လဲ အသိဉာဏ် ရှေ့မှောက်မှာတော့ နိဗ္ဗာန်ဟာ သူ့သဘော သူ့လက္ခဏာအားဖြင့် ထင်ရှားလျက် ရှိနေပါတယ်။

နိဗ္ဗာန်သဘောမှာ မဖြစ်သဘောဖြစ်ကြောင်း သိခဲ့ကြပါပြီ။ နိဗ္ဗာန်ရဲ့လက္ခဏာမှာလဲ မဖြစ်သဘောအပေါ်မှာ အခြေခံလျက် ရှိပါတယ်။

နိဗ္ဗာန်ဆိုတဲ့ အသင်္ခတ တရားကြီးမှာ —

(၁) ဖြစ်ခြင်း လက္ခဏာ မထင်ရှားဘူး။ (ဝါ) မဖြစ်ခြင်း လက္ခဏာအားဖြင့် ထင်ရှားတယ်။

(၂) ပျက်ခြင်းလက္ခဏာ မထင်ရှားဘူး။ (ဝါ) မပျက်ခြင်း လက္ခဏာအားဖြင့် ထင် ရှား တယ်။ (ဟုတ်တာပေါ့။ ဖြစ်မှ မဖြစ်လာတာ၊ ပျက်စရာ ဘယ်ရှိပါ့မလဲ)

(၃) အမြဲတစေ တည်နေတဲ့ နိဗ္ဗာန်မှာ ဖောက်ပြန်ပြောင်းလဲတဲ့ လက္ခဏာ မထင်ရှားဘူး။ (ဝါ) မဖောက်ပြန် မပြောင်းလဲခြင်း လက္ခဏာ အားဖြင့် အမြဲတစေ တည်ရှိနေပါတယ်။

သင်္ခတ တရားများက ဖြစ်ပျက် ဖောက်ပြန်ဆိုတဲ့ လက္ခဏာ သုံးမျိုးနဲ့ ထင်ရှားသလို သင်္ခတ တရားတို့ရဲ့ဆန့်ကျင်ဘက် နိဗ္ဗာန်

ဟာလဲ ဆန့်ကျင်ဘက် လက္ခဏာသုံးပါးဖြင့် အသိဉာဏ်ပေါ်မှာ အရောင်ဟပ်လျက် ရှိနေပါတယ်။

## လွတ်ရာနဲ့ မလွတ်တာ

သူ့သဘော သူ့အမိပ္ပါယ်အားဖြင့် ရှင်းပြီးသား လင်းပြီးသား ဖြစ်ပါသော်ငြားလဲ ဝေနေယျတို့ မနေ့ထဲမှာ ရုတ်တရက်အားဖြင့် ရှင်းကြ လင်းကြအုံးမယ် မဟုတ်ပေဘူး။ ဘာပြုလို့လဲ ဆိုတော့ သူတို့ ကိုယ်တိုင်က လွတ်ရာ ငြိမ်းရာနဲ့ မနေခဲ့ကြဘဲ မလွတ်တာ မငြိမ်းတာတွေနဲ့သာ အစဉ်ထာဝရ နေလာခဲ့ကြလို့ ပါဘဲ။

မလွတ်တာမငြိမ်းတာတွေနဲ့နေသားကျလာကြတဲ့ နေဝေယျတွေဟာ သူတို့နဲ့ အတူနေလာခဲ့ကြတာကိုဘဲ ရှိတယ်လို့ ထင်လာခဲ့ကြပါတယ်။ ဥပမာအားဖြင့် ရေထဲက ငါးတွေဟာ ရေထဲမှာ အသက်ရှင်နေကြရလေတော့ ရေက လွတ်ရာမှာ သတ္တဝါတွေ အသက်ရှင်နေကြတာကို သဘောပေါက်ကြမှာ မဟုတ်သလို ပါဘဲ။

ဒီမှာလဲ မလွတ်တာ မငြိမ်းတာတွေနဲ့ နေသားကျလာခဲ့လေတော့ ယခု ပစ္စက္ခဘဝမှာဘဲ လွတ်ရာငြိမ်းရာ ရစကောင်းတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်ရှိတယ်ဆိုတာ သဘောပေါက်ဖို့ မလွယ်ဘူး။ ဒါကြောင့် လွတ်ရာ ငြိမ်းရာကို အလွယ်တကူ သဘောပေါက်နိုင်စေရန် မလွတ်တာ မငြိမ်းတာတွေ အငှားထဲ့ပြီး ပြကြရပါတယ်။

"ငါ့ရှင် ဇမ္ဗုခါဒက။ အကြင် ရာဂ ကုန်ရာ၊ ဒေါသ ကုန်ရာ၊ မောဟ ကုန်ရာ တရားသည် ရှိ၏။ ဤတရားကို ပင်လျှင် နိဗ္ဗာန်ဟု ဆိုအပ်၏။"*

ဇမ္ဗုခါဒက ပရိဗိုဇ် မေးလျှောက်တာလဲ နိဗ္ဗာန်။ အရှင်သာရိပုတ္တရာ ဖြေတော်မူတာလဲ နိဗ္ဗာန်။ ဒီ နိဗ္ဗာန်ကို ဖြေကြားရာမှာ ရာဂ ဒေါသ မောဟ တွေကို အငြားထဲ့ပြီး ဖြေကြားလိုက်ပါတယ်။

## ကုန်ရာနဲ့ ကုန်တာ

ရာဂ ကုန်ရာ နိဗ္ဗာန်လို့ဆိုတယ်။
ကုန်တာက ရာဂ။
ကုန်ရာက နိဗ္ဗာန်။
ကုန်တာနဲ့ ကုန်ရာ ဘာဆိုင်သလဲ။
ဒေါသ ကုန်ရာ နိဗ္ဗာန်လို့ ဆိုတယ်။
ကုန်တာက ဒေါသ။
ကုန်ရာက နိဗ္ဗာန်။
ကုန်တာနဲ့ ကုန်ရာ ဘာဆိုင်သလဲ။
မောဟ ကုန်ရာ နိဗ္ဗာန်လို့ ဆိုတယ်။
ကုန်တာက မောဟ။
ကုန်ရာက နိဗ္ဗာန်။

---

* ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ။
(သဠာယတန ဝဂ်၊ ဇမ္ဗုခါဒက သံယုတ်၊ နိဗ္ဗာန ပဉှာသုတ်)

ကုန်တာနဲ့ ကုန်ရာ ဘာဆိုင်သလဲ။ ဘယ်လိုများ ပတ်သက် ဆက်နွယ်နေပါသလဲ။

ကုန်တာကတော့ ကုန်တတ်တဲ့ သဘောအရ မကုန်ဘဲ မနေ နိုင်လို့ ကုန်တာပါဘဲ။ ဖြစ်လာကထဲကိုက ကုန်ဘို့ရန် ယာခါထဲ ရှေးရှုလာပြီးသား တရား။ ဒေသနာ ဝေါဟာရနဲ့ ရေးရရင် တော့ —

ဖြစ်ပြီး ကုန်တတ်တဲ့ သဘောမို့ ....ခယမွာ။
ဖြစ်ပြီးတော့ ချုပ်ပျောက်သွားလို့....ဝယမွာ။
ဖြစ်လေသမျှ အမြဲမရှိလို့မို့....အနိစ္စာ။

ရာဂ ဒေါသ မောဟ တရားတွေက အကြောင်းပြုပေးရင် ဖြစ်လာတတ်တယ်။ ဖြစ်ပြီးတော့ ကုန်သွားကြတယ်။ ချုပ် ပျောက်သွားကြတယ်။ အမြဲတစေ တည်ရှိကြတာ မဟုတ်ဘူး။

## ကုန်ရခြင်း အကြောင်းရင်း

ရာဂ ဒေါသ မောဟ တရားတွေဟာ ကုန်တတ်တဲ့ တရား တွေ။ ဒါဖြင့် ဒီတရားတွေ ဘာဖြစ်လို့ မတည် မမြဲဘဲ ကုန်ကုန် သွားရပါသလဲ။ ကုန်ရခြင်း၏ အကြောင်းရင်းက ဘာလဲ။

တရားဆိုတာ တရားအတိုင်း တိုင်းကြည့်တတ်ရတယ်။ ဝေး ဝေး လံလံ မတန်မရာတွေ လျှောက်မတွေးရဘူး။ ကုန်ရခြင်း အကြောင်းရင်းကို သိချင်ရင် ကုန်တတ်တဲ့ တရားကိုဘဲ ကြည့် ပေါ့။ ဒီတော့ သူတို့ကုန်သွားရတာဟာ ဖြစ်လို့ကုန်ရတယ်ဆိုတာ ကိုယ့်ဘာသာ သဘောပေါက်လာပါလိမ့်မယ်။

ကဲ ကုန်ရခြင်းအကြောင်းရင်းဟာ ဖြစ်လာလို့ ကုန်ရတယ် ဆိုတာ ဟုတ်ပါပြီ။ ဖြစ်လာလို့သာ ကုန်ရတယ်။ အစက ဖြစ်မလာဘဲ နေခဲ့ရင် ကုန်တာရယ်လို့ ရှိမှာကိုမဟုတ်ဖူး။ ဒါဖြင့် ဘာကြောင့်ဖြစ်ရသလဲလို့ မေးရင်ဖော့ ဘယ့်နှယ်ဖြေမလဲ။

ဒါလဲဘဲ တခြားသာ ရှောင်ကွေ့မသွားရင် ဘွားကနဲ တွေ့နိုင်လောက်ပါတယ်။ ဖြစ်လာတယ် ဆိုကထဲက ပြုပေးလို့ပေါ့။ တခါ ဘာဖြစ်လို့ပြုပေးရပါသလဲလို့ ထပ်ဆင့်လိုက်တော့ မပြုရင် ဖြစ်ကိုမဖြစ်သေးလို့။

ဒီအဖြေအတွက် စိတ်ထဲမှာ မတင်မကျ ဖြစ်နေကြသေးရင်ဖြင့် ရုပ်ထဲရှာထဲက ဖြစ်ရပ်များကိုဘဲ ကပ်ကြည့်ကြပေါ့။

ဇနီးမောင်နှံနှစ်ယောက် ရှိတဲ့အနက် ယောကျ်ားဘက်ကလဲ လယ်ခြေယာခြေ ဘာမှပါမလာခဲ့။ မိန်းမဘက်ကလဲ ရွှေတို ငွေစ ဗလာနတ္ထိ။ လက်လုပ်လက်စား ဘဝနဲ့ သူတို့အိမ်ထောင် စတင်လာခဲ့ရတယ်။ နှစ်ယောက်စလုံး တက်ညီလက်ညီ လုပ်ကိုင် လာကြရာမှာ လုပ်သလောက်လဲ အရာထင်တယ်။ ရိုးသားမှု ကြိုးစားမှု အခြေခံပေါ်မှာ စံနစ်တကျ ခေတ်သုံးစွဲမှု ထပ်လောင်းထားလေတော့–

မကြာမီမှာဘဲ လယ်နဲ့ယာနဲ့ ဖြစ်လာကြတယ်။ လူချင်းတူတူ သူချင်းမျှမျှ ဝတ်လိုစားလို့ နေထိုင်လာကြတယ်။ ဒီတော့မှ အရပ်ထဲက ပြောလာကြရတယ် မဟုတ်လား။

"ဒီကောင်ကလေး ပစ္စည်းဖြစ်လာသတဲ့"

ဒါ အရပ်စကား။ အရပ်ထဲမှာ ပြောတဲ့စကားကို အရင်နားနဲ့ဘဲ သေသေချာချာ ခေတ်ကြည့်ကြ။ မိဘ အမွေအနှစ် ဒူးနန့်စားသုံးလာခဲ့ရသူများကို ပစ္စည်းဖြစ်လာတယ်လို့ ဘယ်သူ

မပြောမဆို။ စကထဲက ရှိနေပြီးသားကိုး။ နဂိုမူလအစက မရှိခဲ့ဘဲ ယနေ့လောလောဆယ်ဆယ်မှာမှ အကြောင်းပြုပေးလို့ ဖြစ်ထွန်း လာတာကို ပစ္စည်းဖြစ်တယ်လို့ ခေါ်ရပါတယ်။

## နှစ်မျိုးမပြား တသားထဲ

လောဘ စတဲ့ တရားတွေကလဲ အစကဖြစ်ပြီးသားရှိမနေခဲ့ပါဘူး။ ကမ္ဘာကမ္ဘာ သင်္ချေသင်္ချေက မပြတ်မစဲ တစပ်ထဲ အမြဲတန်း ရှိနေခဲ့ကြတဲ့ တရားတွေ မဟုတ်ပါဘူး။ သင်္ခတ နယ်ပယ်မှာ အမြဲတန်း တည်နေနိုင်တဲ့ တရားရယ်လို့ မရှိပါဘူး။

အစက မရှိခဲ့တဲ့ တရားတွေဟာ အကြောင်းတရားတို့က ပြုပြင်ဖန်တီးပေးခါမှ ဘဝ္ဘာကနဲ ဖြစ်ပေါ်လာကြရပါတယ်။ ဒါကြောင့်။

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတတ်တဲ့ တရားတွေဟာ....။

ကုန်တတ်တဲ့သဘောမို့ ကုန်ကြရတယ်။
ချုပ်တတ်တဲ့သဘောမို့ ချုပ်ကြရတယ်။
အမြဲမတည်နိုင်လို့မို့ ရွေ့လျားကြရတယ်။

ဒီတရားတွေဟာ ကုန်တဲ့ တရားတွေသာ ဖြစ်တာကြောင့် ကုန်ရာနိဗ္ဗာန်နဲ့ ဘာဆိုင်သလဲ။

မလွတ်တဲ့ မငြိမ်းတဲ့တရားတွေသာ ဖြစ်တာကြောင့် လွတ်ရာငြိမ်းရာတရားနဲ့ ဘာဆိုင်သလဲ။

ကုန်တာက ဖြစ်ပျက်နှစ်ဝ နိမိတ္တာ။
ကုန်ရာက ဖြစ်ပျက်မရ အနိမိတ္တာ။

မလှတ်တာမငြိမ်းတာက ဤမှာဘက်ကမ်းသံသရာလမ်း။
လွှတ်ရာငြိမ်းရာက ဟိုမှာဘက်ကမ်း နိဗ္ဗာန်လမ်း။

နှစ်မျိုးနှစ်စားသော တရားတွေဟာ နှစ်မျိုးနှစ်စားသော လက္ခဏာအားဖြင့် မတွဲမကပ်၊ မစပ်မဆက်၊ ဆန့်ကျင်ဘက်တွေ ဖြစ်ကြပါတယ်။ သဘောလက္ခဏာ ခွဲခြမ်းလို့ ကြည့်ကြည့်။ ဝရားကိုယ် ကောက်ယူလို့ကြည့်ကြည့်။ တမျိုးစီ ဟကန့်စီ။

ဒါပေမယ့် အရှင်သာရိပုတ္တရာ ဟောတော်မူတဲ့ ရာဂဝဂ္ဂယ စတဲ့ အရာမှာ ဒီတရားနှစ်မျိုးလုံးဟာ အကန့်အသတ် မခြားဘဲ ဟသားထဲသာလျှင် ဖြစ်နေပါတယ်။

## သင်္ခါရနိမိတ် အရိပ်မထင်

လူတိုင်း လိုလို အနာပေါက်ဖူးကြသားဘဲ။ တခါတလေ တလုံးထဲ။ တခါတလေကျတော့ တပ်တောင်တာ ဗိုလ်ထုနဲ့ ကုလို့မနိုင်အောင် ပေါက်လာကြတယ်။ သေးသေး တာတာ ဝက်ခြံလိုဟာလေးများက အစ ခြေရောလက်ပါ စားသွားတဲ့ အနာကြီးတွေအထိ နေရာမျိုးစုံ အသွင်မျိုးစုံ ပေါက်တတ်ကြ ပါတယ်။

ပေါက်နေတဲ့ အနာတွေမှာ ဘယ်အလုံးက သေးလို့ ဘယ် ဟာကကြီးတယ် နှိုင်းလို့ယှဉ်လို့ရတယ်။ စောစောပေါက်ထားတဲ့ အနာ၊ နောက်တိုးအနာ။ ကာလအားဖြင့် ပိုင်းခြားလို့ရတယ်။ ခြေမှာ လက်မှာ ခေါင်းမှာ စသဖြင့် နေရာတကျ ချပြလို့လဲ ရတယ်။ တစ်ကနေ ရှိရှိသမျှ ဂဏန်းချပြလို့လဲ ရနိုင်တယ်။

အနာဆိုတာ ပေါက်တဲ့သဘောရှိသလို ပျောက်တဲ့သဘောလဲ ရှိပါတယ်။ ရာသီဥတုပြင်းထန်လို့ဖြစ်ဖြစ်၊ မသင့်မတင့်တဲ့ အစားအစာကြောင့် ဖြစ်ဖြစ်၊ အတွင်း သဏ္ဍာန်က အသွေးအသားဖောက်ပြန်လို့ဘဲဖြစ်ဖြစ်၊ မိမိဘာသာ တိုက်မိခိုက်မိလို့ဘဲ ဖြစ်ဖြစ်။ အနာ ပေါက်လာ၊ အနာရလာတတ် ပါတယ်။ ဒီအကြောင်းတွေသာ မရှိရင် အနာတွေကတော့ ပျောက်လျက် ပျောက်လျက်ပါဘဲ။

ပေါက်နေတဲ့ အနာမှာသာ ကြီးတယ် သေးတယ် နှိုင်းယှဉ်လို့ရတယ်။ ပျောက်နေတဲ့အနာကိုတော့ အကြီးအသေးရွေးချယ်လို့မရစကောင်းပါဘူး။ ခြေမှာလက်မှာ နေရာချလို့လဲ မရနိုင်ပါဘူး။

ပေါက်နေတဲ့အနာမှာ သဏ္ဌာန်နိမိတ် အရိပ်အယောင် တွေ့ရှိပါတယ်။ ပျောက်နေတဲ့ အနာကတော့ သဏ္ဌာန်မရှိ။ အရိပ်အယောင်မရှိ။ ကာလဌာန ပိုင်းခြားလို့ မရ။ သတ်မှတ်လို့ မရတဲ့ အနိမိတ္တ ဖြစ်ပါတယ်။

အနာပျောက်ဆိုတဲ့ ဝေါဟာရထဲမှာ ထဲ့စွက်ပြီး သုံးလိုက်ရတဲ့ ဒီအနာဟာ ဘာဆိုဘာမှမဟုတ်၊ ဘယ်နေရာမှာမှ စမ်းတမ်းရှာဖွေလို့ မရနိုင်။ စကားအရာ အချင်းချင်း နားလည်ရေးအတွက် သုံးရုံသုံးလိုက်ရတဲ့ အနာဖြစ်ပါတယ်။ ပကတိသဘောအားဖြင့် ကေန်ထင်ရှား ရှိနေတာကတော့ 'ပျောက်'တခုပါဘဲ။ ဒီပျောက်တဲ့ထဲမှာ ဘယ်အနာမှ ပါမနေပါဘူး။ သေးတာကြီးတာ၊ ပြီးမှည့်သေးတာ ပြီးပေါက်တာ ဘာမှရှာမရပါဘူး။ အနာသဏ္ဌာန် အနာနိမိတ် အရိပ်အယောင် လုံးဝကင်းစင်လျက် ရှိနေပါတယ်။

## သံသရာစက် ဖြစ်ပျက်မဆုံး

အနာတွေပေါက်တဲ့အခါ ပေါက်သလို ရာဂ ဒေါသ မောဟ တွေလဲ အကြောင်းအားလျော်စွာ ပေါ်လာတတ်ကြပါတယ်။ ပေါ်လာပြီးတော့လဲ မကြာခင် ချုပ်ပျောက်ခဲ့ကြရပြန်တယ်။ ရှေ့ကဟာတွေ ချုပ်ပျောက်သွားတဲ့နေရာမှာ နောက်တမျိုးပြီး တမျိုး ဖြစ်လာကြပြန်တယ်။အကြောင်းတရားတွေ မဆိတ်သုဉ်း သရွေ့တော့ အကျိုးတရားတွေက ဆက်ကာ ဆက်ကာ ဖြစ်လာ ရအုံးမှာပါဘဲ။

ဒီ အကြောင်းကျိုးဆက် တရားတွေက ဘုရားပွင့်မှ ဖြစ်လာ ဟာ မဟုတ်ဖူး။ ဘုရား မပွင့်တဲ့ သာသနာပ ကာလ၊ ဘုရားပွင့် သော်လဲ သာသနာပ နေတဲ့ဌာနတွေမှာ ဖြစ်မြဲ ဖြစ်နေလျက်ပဲ။ ကမ္ဘေကမ္ဘာ ဘယ့်လောက်ပဲ ကြာကြာ ဒီ စက်ကြီးကတော့ ရပ်မှာ မဟုတ်ဖူး။ ဒီစက်ကြီးက သူ့ကို ရပ်အောင် သွားပြီးလုပ် လိုက်ရင် ပိုပြီး အရှိန်ပြင်းလာတတ်သေးတယ်။

ဒီတော့ မိမိက ငါစွမ်း ကိုယ်စွမ်းထုတ်ပြီး ရပ်အောင် သွား မလုပ်လေနဲ့။ သံသရာစက် ဖြစ်ပျက်မဆုံးသလို မဖြစ် မပျက်တဲ့ စက်ကြီးကလဲ သူ့နဂိုအတိုင်း ရပ်လျက်သား ရှိနေပါတယ်။ မိမိအသိဉာဏ်ကသာ ဖြစ်တာပျက်တာနောက် ကောက်ကောက် ပါအောင် လိုက်မနေဘဲ အသာ ရပ်နားပြီး ကြည့်လိုက်ရင် ရပ်နားလျက်ရှိနေတဲ့ စက်ကြီးကို တွေ့ရပါလိမ့်မယ်။

ဒီတော့ သံသရာစက်ကြီး ရပ်တယ်ဆိုတာ မိမိ အသိဉာဏ်မှာ ရပ်တာပါဘဲ။ အဇ္ဈတ္တ သန္တာန်မှာ ရပ်တာပါဘဲ။ အပြင်အပ ဗဟိဒ္ဓ လောကထဲက ဖြစ်ပျက် စက်ကြီး ဘယ့်လောက် အရှိန်

ပြင်းပြင်းနဲ့ လည်နေနေ။မိမိ အသိဉာဏ်ရပ်ရင် သံသရာစက်ကြီး ရပ်ပြီး ဖြစ်သွားပါတယ်။

## ရေထဲကကြာ ရေမှာမထိ

ပဒုမ္မာကြာဟာ မြေတာအလျှောက် ရေမှာ ပေါက်ပါတယ်။ ရေထဲမှာပေါက် ရေကိုသောက်ပြီး ရေထဲမှာဘဲ ကြီးထွားလာခဲ့တယ်။ ကားကားစွင့်စွင့် ဖူးရာမှ ပွင့်ကားလာခဲ့တယ်။

ပွင့်လာတယ်ဆိုရင်ဘဲ ပဒုမ္မာကြာဟာ ရေနဲ့ မရောတော့ပြီ။ ရေနဲ့ မထိစပ်တော့ပြီ။ ရေနဲ့ လုံးဝမလိမ်းကျံဘဲ ရေအထက်မှာ လွတ်လွတ် ကွာကွာ တင့်တင့် တယ်တယ် ထယ် ထယ် ဝါလို့ နေလေပြီ။

လောကဆိုတာ ဖြစ်ပြီးရင်း ပျက်၊ တပျက်ထဲ ပျက်ပျက်နေတာကို ဆိုလိုပါတယ်။ပျက်တယ်ဆိုကတဲက သူ့အကြောင်းရင်းခံဖြစ်တဲ့ ဖြစ်သဘောလဲ ပါပြီးသား။ ဖြစ်ပျက်မနား ရဟတ်ခြားသံသရာကြီးမှာဘဲ မြတ်စွာဘုရား အလောင်းတော် ဖွားမြင်သန္ဓေစင် လာရတယ်။ ဒီ လောကကြီးထဲမှာဘဲ ကာယ ဉာဏ နှစ်ဌာနသော စွမ်းအားတို့ တိုးတက် ဖွံ့ဖြိုးလာရတယ်။ ရွှေဉာဏ်တော် ပွင့်လင်းလို့ ဘုရားအဖြစ် ရောက်တော်မူခဲ့တယ်။

ဘုရားအဖြစ် ရောက်တော်မူတယ်ဆိုရင်ဘဲ ကိုယ်တော်မြတ်သည် လောကနဲ့ မရောတော့ပြီ။ လောကနဲ့ မထိစပ်တော့ပြီ။ လောကနဲ့ လုံးဝ မလိမ်းကျံတော့ဘဲ လောကရဲ့ အထက်မှာ လွတ်လွတ် ကွာကွာ တင့်တယ် စမွယ်လို့ နေတော်မူလေပြီ။

ကိုယ်တော်မြတ်ရဲ့ ရူပ ကာယ နာမ ကာယတို့ ဖြစ်ပျက်လောကထဲမှာ ရှိနေကြသေးသော်လဲ ဒီဖြစ်ပျက် လောကကို

အကြောင်းပြုပြီး ကိလေသာ ဖြစ်စရာမရှိတော့ (ဝါ) ဖြစ်လာစရာ ကိလေသာရယ်လို့ လုံးဝ မရှိတော့။ ဘာပြုလို့လဲဆိုတော့ မဖြစ်မပျက် ငြိမ်ငြိမ်သက်သက်ကလေး ရပ်ပြနေတဲ့ စက်ကြီးမှာ အသိဉာဏ်နဲ့ ရပ်နားထားလို့ပါဘဲ။

## ဖြစ်ပျက်မရ အနိမိတ္တ

အသိဉာဏ်နဲ့ ရပ်နားတယ်ဆိုရာမှာလဲ အသိခံတရားရဲ့ အရှိန်အဝါကြောင့် ဖြစ်ပါတယ်။ အသိဉာဏ် တရားဆိုတာ လောကထွတ်ထား ဘုရားမြတ်စွာရဲ့ အသိဉာဏ်ပင် ဖြစ်စေအုံးတော့ ဝါရေးကိုယ် အရမှာ ဖြစ်ပျက် စက်ထဲက မလွတ်သေးပါဘူး။ ဒုက္ခသစ္စာ မဖွဲ့ထိုက်လို့ ဒုက္ခ အသိုက်အဝန်းမှာ မပါသော်လဲ သင်္ခါရလမ်း ဖြစ်ပျက်တမ်းမှာဘဲ ရှိနေပါသေးတယ်။

ဖြစ်ပျက်နိမိတ် မကင်းဆိတ်တဲ့ အသိဉာဏ်ဟာ ဖြစ်ပျက်မရ အနိမိတ္တ အာရုံကို အမှီအတွယ်ပြုပြီး ဖြစ်ရတာကြောင့် ဖြစ်ပျက်မရ အနိမိတ္တ တရားနဲ့တကွ ဆက်စပ်နေတာကြောင့် ရပ်နားတယ်လို့ ဆိုရပါတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ရဲ့ အသိခံ အာရုံကို ဖော်ပြရာမှာ သိလွယ် မြင်လွယ်ရေးအတွက် —

ရာဂ ကုန်ရာ နိဗ္ဗာန်။
ဒေါသ ကုန်ရာ နိဗ္ဗာန်။
မောဟ ကုန်ရာ နိဗ္ဗာန်။

ကုန်ရာ ဖော်ပြတဲ့ နေရာမှာ ကုန်တာတွေ ပါလာခဲ့တယ်။ ဒါပေမယ့် နိဗ္ဗာန်ထဲမှာ ကုန်တာတွေ ပါမလာခဲ့ပါဘူး။ ကုန်တဲ့

အရိပ် ကုန်တဲ့နိမိတ် လုံးဝ မပါလာဘူး။ အနာတွေ သဲလဲစင် ပျောက်ကင်းသွားတဲ့အခါ နေရာဌာန အရွယ်ပမာဏနဲ့အသွင် သဏ္ဌာန်များ လုံးဝ မရှိတော့သလိုပါဘဲ။

ရာဂ ဒေါသ မောဟတို့ဟာ အကြောင်းပြုပေးရင် ဖြစ်မယ်။ ဖြစ်ရင် ပျက်မယ်။ ကုန်မယ်။ ကုန်တတ်တဲ့ သဘော ရှိတယ်။ ဒါကြောင့် သူတို့ကို(ကုန်တာ) လို့ နာမည်တပ်ထားရတယ်။

ဒီတရားတွေ မိမိမိမိတို့စိတ်ထဲမှာ ကပ်လျက် ယှဉ်လျက်ပါနေ မနေတော့ ကာယကံရှင်များမှ သိနိုင်ပါလိမ့်မယ်။ မိမိ စိတ်တွင်း သန္တာန်ကို သတိစိုက်ပြီးကြည့်လိုက်ပါရင် အကြောင်းပြုထားရင် ဖြစ်နေတာ တွေ့ရမယ်။ ဖြစ်တဲ့တရားဟာ မကြာခင် ပျက်သွား တာ တွေ့ရမယ်။

ရာဂ ဒေါသ မောဟ တရားတွေဟာ ဖြစ်စရာ အကြောင်း မလုံလောက်ရင် မဖြစ်ပဲ နေတာကိုသာ တွေ့ရပါလိမ့်မယ်(ဝါ) မဖြစ်သဘောကိုသာ တွေ့ကြရပါလိမ့်မယ်။

မဖြစ်သဘောထဲမှာ ကုန်စရာရယ်လို့ တတိုတစမှ မရှိလေ တော့ ကုန်တာတွေ ပါမလာဘူး။ ကုန်တာတွေ လုံးဝ မရှိဘူး။ ဒီတော့ ကုန်ပာတွေကို စကားအရာ ဒေသနာ နည်းအရ ဖန်တီး၍ပြောကြရသော်လဲ ဒီရာဂ ဒေါသ မောဟ တရားတွေက တကယ်ဖြစ်ပြီး တကယ်ပျက်နေတဲ့ တရားတွေ မဟုတ်ပါဘူး။ ဥပါဒ် ဌီ ဘင် ခဏငယ် သုံးပါးမှ ကင်းလွတ်ပြီးတော့ နိဗ္ဗာန်နဲ့ တထပ်ထဲ တသားထဲသာ ဖြစ်နေပါတော့ဟယ်။

## သုံးမည်ရ ပြည်နိဗ္ဗာန်

ရာဂ ဒေါသ မောဟ တရားတို့ဟာ ဖြစ်တဲ့အခိုက်မှာ ဥပါဒ်စွန်း(ဝါ)ဖြစ်နိမိတ်။ ပျက်တဲ့အခါ ဘင်စွန်း(ဝါ) ပျက်နိမိတ်။ အစွန်း အစ နိမိတ်နဲ့ယှဉ်ကွ ဖြစ်ကြရပါယ်။ ပျက်ကြရတယ်။ နိဗ္ဗာန်မှာတော့ ဒီလို အစွန်းအစ အရိပ်နိမိတ်တွေ လုံးဝမရှိတာကြောင့် အနိမိတ္တ ခေါ်ရပါတယ်။

ဖြစ်ပျက်နိမိတ် အရိပ်အရောင် လုံးဝမရှိတာကြောင့် ငါရယ်လို့ စွဲလမ်းစရာမရှိ။ ငါ့ဟာရယ်လို့လဲ ငြိတွယ်စရာမပါ။ လဟာပြင်ပမာ အငြိအတွယ် အစွဲအလမ်းတွေ ကင်းဆိတ် နေတာကြောင့် သုညတ လို့လဲ ခေါ်ရပြန်ပါတယ်။

ငြိစရာ တွယ်စရာ ဘလာနတ္ထိ။ လဟာပြင်အတိ ရှိနေရာမှာ မက်မောစရာနဲ့ မက်မောတာ ဘာမျှမရှိတာကြောင့် အပ္ပဏိဟိတ ခေါ်ရပြန်တယ်။

(အာကာရဘေဒ) ကြောင်းခြင်းရာ သုံးပါးပြားတဲ့အတိုင်း နိဗ္ဗာန်သုံးမျိုးစာရင်း ထွက်ခဲ့ပါတယ်။ ကြောင်း ခြင်းရာ ပြားတယ်ဆိုတာမှာ ရှုမြင်သုံးသပ်သူများရဲ့ ရှုဒေါင့်အရဖြစ်ပါတယ်။ နိဗ္ဗာန်ကတော့ တမျိုးတည်းသာပါ။

ဒါကြောင့် အနိမိတ္တနိဗ္ဗာန် ဆိုလိုက်ရင် ကျန်နှစ်မျိုးက ကပ်လျက်ထပ်လျက် ပါလာပြီးသား။ ဘာကို ခေါင်းတပ်ဆိုဆို အကုန်ပါပြီးသား။ အနိမိတ္တသာ ဖြစ်၍ သုညတ မဖြစ်သော နိဗ္ဗာန်၊ အပ္ပဏိဟိတမဖြစ်သော နိဗ္ဗာန်ဆိုပြီး ညပါစနစ်နဲ့ သရုပ်ခွဲလို့ မရပါဘူး။

ဒီမှာလဲ အစွန်းအစတို့ ငြိတာတွယ်တာတို့ မက်မောတာတို့ ပါလာကြပြန်တယ်။ ဒါတွေလဲဘဲ ဖြစ်ပျက်မပါ၊ စကားအရာ ပြောရုံဆိုရုံမျှသာမို့ သုံးမည်ရ နိဗ္ဗာန်နဲ့ အတူတူပါဘဲ။ နိဗ္ဗာန် ဆိုရင်ဘဲ ဖြစ်ဝါရား၊ ပျက်တရားတွေ လုံးဝမပါ။ ဘလာစင် နေပြီးသား ဖြစ်ပါတယ်။

တချို့က ဒါတွေ သဘောမပေါက်ကြလေတော့ (ရာဂက္ခယော) "ရာဂကုန်ရာ နိဗ္ဗာန်ဆိုရင် ဒေါသဖြစ်နေတော့ မခက်ပါလား"တဲ့။ မဖြစ်သဘော နှိုးနှောပြောဆိုရာမှာ ဖြစ်တာ ပျက်တာတွေ ဝင်စွက်လာရင် "နိမိတ်မစင်သေးဘူး"လို့ ဆိုလိုက်ပါရစေ။

နိမိတ်မစင်သေးသရွေ့တော့ အရိပ်ကို အကောင်ထင်နေကြရ အုံးမှာပါဘဲ။ ဒါကြောင့်လဲ သဉပါဒိသေသ၊ အနုပါဒိသေသ နိဗ္ဗာန်ခွဲရာမှာ ယောင်ယောင်လည်လည် ဖြစ်ကုန်ကြရတာပေါ့။

## နိဗ္ဗာန်တရား အပြားမရှိ

နိဗ္ဗာန် တရားရဲ့ ဂုဏ်ပုဒ် မြောက်များစွာ ရှိနေပါတယ်။ နိဗ္ဗာန်ဂုဏ်ကို ဖော်ကျူးထားတဲ့ အမည်တွေ သုံးလေးဆယ် ရှိနေပါတယ်။ အမည်တွေ ဘယ်လောက်ပဲများများ၊ အားလုံး သော အမည်များဟာ ချုပ်ရာ ငြိမ်းရာကိုသာ ညွှန်းဆိုထားပါ တယ်။ ဒါကြောင့် နိဗ္ဗာန်ဓာတ်သား ပရမတ်တရားကတော့ တမျိုးတစားထဲသာ ရှိနေပါတယ်။

ဒီအကြောင်းကို ရည်ညွှန်းပြီး အရှင်အနုရုဒ္ဓါက—

"တမျိုးတစား တပါးဟည်းသာရှိသော ထိုနိဗ္ဗာန်ကို နှစ်ပါးဆိုချင်လျှင် ဆိုနိုင်သည့် အကြောင်းအမြွက် (ဝါ) အမြွက်မျှသာရှိသော အကြောင်းကလေးဖြင့် နှစ်ပါး ဆိုချင်လျှင်ဆိုပါ"*

လို့ မိန့်တော်မူပါတယ်။

ဆိုချင်လို့ဆိုကြတဲ့ ဒီနိဗ္ဗာန် နှစ်မျိုးနဲ့ ပတ်သက်လို့ အများစု လက်ခံထားတဲ့အဓိပ္ပါယ်ကတော့ ခပ်ရှင်းရှင်းပါဘဲ။

အရိယာပုဂ္ဂိုလ်တို့ သက်ရှိထင်ရှား ရှိနေစဉ်မှာရရှိတဲ့ နိဗ္ဗာန် ဟာ သဉပါဒိသေသ။ ပရိနိဗ္ဗာန်စံပြီးတော့ အနုပါဒိသေသ။

ဥပါဒိ ဆိုတာ အရိယာပုဂ္ဂိုလ်တို့ရဲ့ ရုပ် နာမ် ခန္ဓာ ကို ဆိုလို ပါတယ်။ ရဟန္တာပုဂ္ဂိုလ်များမှာ တဏှာ မာန စတဲ့ ကိလေသာ တွေ မရှိတော့သော်လဲ သူတို့ခန္ဓာကိုယ်များမှာတော့ တခြားက တဏှာပေမ ကိလေသာတို့ စက်ကွင်းက မလွတ်ကင်းကြသေး ပါဘူး။ အရှင်မဟာကဿပမထေရ်ကို သားစိတ် မယားစိတ် ကူးခဲ့တဲ့ သောရေယျ သူဌေးသားတို့၊ အရှင်ဥပ္ပလဝဏ်ထေရီမကို ပြစ်မှားတဲ့ နန္ဒသူဌေးသား ဝတ္ထုတို့ ကြားဘူးကြမှာပေါ့။

ဒီလို တဏှာ မာန ကိလေသာတွေက စွဲလမ်း၍ ယူအပ်တဲ့ အတွက် အရိယာပုဂ္ဂိုလ်တို့ရဲ့ ခန္ဓာ နာမ် ရုပ်ဟာ ဥပါဒိ မည်ပါ တယ်။ ဥပါဒိဟာ ဥပါဒိမျှသာ ရှိပါတယ်။ အကြွင်းအကျန်မရှိ ချုပ်ပျောက် ကုန်ဆုံးလေကြသော ကိလေသာတို့ နောက်မှာ

---

* တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိသေသနိဗ္ဗာနဓာတူတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။
(အဘိဓမ္မတ္ထသင်္ဂဟ)

သူတို့ဘဲ ကျန်ရစ်ကြတယ်။ ဒါကြောင့် စွဲလမ်းယူအပ်တာရယ် ကျန်ရစ်တာရယ် နှစ်ခုပေါင်းပြီး ဥပါဒိသေသ။

ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံတော်မမူမီ (၀၁)စုတိကမ္မဇရုပ် မချုပ်မီ ရရှိတဲ့ နိဗ္ဗာန်ဟာ ၎င်းဥပါဒိသေသတို့နဲ့တကွ ဖြစ်တာကြောင့် သဥပါဒိသေသနိဗ္ဗာန်။

ပရိနိဗ္ဗာန် စံပြီးနောက်မှာ (၀၁)စုတိကမ္မဇရုပ် ချုပ်ပြီးနောက်မှာတော့ ဥပါဒိသေသရယ်လို့ မရှိတော့တဲ့အတွက် အနုပါဒိသေသနိဗ္ဗာန်။

နိဗ္ဗာန် နှစ်မျိုးစလုံးမှာဘဲ အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို တိုက်ရိုက်မညွှန်ပြဘဲ ခန္ဓာကို ရှေ့တန်းတင်ထားတာ တွေ့ကြပါလိမ့်မယ်။ ခန္ဓာကို ရှေ့တန်းတင်ထားလေတော့ နိဗ္ဗာန်မှာ နောက်တန်းရောက်ပြီး မပြီမသာ ဝိုးတဝါးဖြစ်သွားရတော့တယ်။ ဒါကြောင့်လဲ နိဗ္ဗာန်ချမ်းသာ ဟာကယ်တန်း ခံစားရတာဟာ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံပြီးမှလိုလို ယောင်ဝါးဝါး အယူအဆတွေ ထွက်ပေါ်လာခဲ့ရပါတယ်။

## ပရိနိဗ္ဗာန် (၃)မျိုး

ဗုဒ္ဓမြတ်စွာနဲ့ပတ်သက်ပြီး သုတ်ပါထေယျ အဋ္ဌကထာဆရာက ပရိနိဗ္ဗာန်(၃)မျိုး တင်ပြထားပါတယ်။

(၁) ကိလေသပရိနိဗ္ဗာန်။

(၂) ခန္ဓပရိနိဗ္ဗာန်။

(၃) ဓာတုပရိနိဗ္ဗာန်အားဖြင့်(၃)မျိုးဖြစ်ပါတယ်။

ပရိနိဗ္ဗာန် (၃)မျိုးအနက် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာ ကိလေသပရိနိဗ္ဗာန်စံခဲ့ပါပြီ။ မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်မှာ

ခန္ဓပရိနိဗ္ဗာန် စံခဲ့ပါပြီ။ ကိလေသ ပရိနိဗ္ဗာန်စံခဲ့တဲ့ ဗောဓိပင်မှာ ဓာတုပရိနိဗ္ဗာန် စံပါလိမ့်မယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံများမှာ ပျံ့နှံ့ကိန်းဝပ်တော်မူနေကြတဲ့ ဓာတ်တော် မွေတော် ရှိရှိသမျှ တစမကျန် ဗောဓိပင်မှာ ကြွရောက် စုဝေးလာကြပါလိမ့်မယ်။ ဓာတ်တော်မွေတော်များ အကြွင်းအကျန် မရှိ တခဲနက် စုဝေးမိကြတာနဲ့ တပြိုင်နက် တခါထဲ တေဇောဓာတ် လောင်ကျွမ်းပြီး ပရိနိဗ္ဗာန် စံကြပါ လိမ့်မယ်။

ဝမ်းနည်း ကျေကွဲစရာ နောက်ဆုံးပူဇော်ပွဲကြီး ကတော့ နောက်အချိန်များမှ ကျင်းပရပါလိမ့်မယ်။ သာသနာတော်ကြီး လုံးဝဥဿုံ မကွယ်မပျောက်သေးသရွေ့ ဒီပူဇော်ပွဲကြီးနဲ့ ကြုံကြ ရမှာ မဟုတ်ပါဘူး။

ပရိနိဗ္ဗာန်(၃)မျိုးထဲက ကိလေသပရိနိဗ္ဗာန်သာလျှင် နိဗ္ဗာန် နဲ့ တကယ်တန်း ဆက်စပ်လျက်ရှိပါတယ်။ အရဟတ္တမဂ် ဉာဏ် သံလျက်ကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်မိလိုက်တဲ့အခါမှာ ကြွေး ဟောင်းများစွာ ကိလေသာ အနန္တတို့ဟာ နောက်ထပ်တဖန် နလံမထူနိုင်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်၍ ငြိမ်း၍ သွားကြ ရပါတယ်။ မဖြစ်လာ မပေါ်လာ အရိပ်နိမိတ်မျှ မထင်လာနိုင် တော့ပါဘူး။

ဒါကြောင့် အရဟတ္တမဂ်နဲ့ တကွ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကိုပါ ကိလေသပရိနိဗ္ဗာန်လို့ ဆိုရပါတယ်။

ခန္ဓနိဗ္ဗာန်မှာ ကိလေသပရိနိဗ္ဗာန်ရဲ့ နောက်ဆက်တွဲ ဖြစ်ပါ တယ်။ ရုပ်နာမ်ခန္ဓာတို့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးနောက်

အသစ်တဖန် ဆက်ရန်မရှိတော့တဲ့အတွက် ခန္ဓပရိနိဗ္ဗာန်လို့ ဆိုရပါတယ်။

ကိလေသ ပရိနိဗ္ဗာန်စံယာယ်ဆိုရင်ဘဲ ဒီအကျိုးဆက်က တာကနက်ပါလာပြီး ဖြစ်ပါတယ်။ မုံလုံးရေပေါ် ဝယ်စားတဲ့အခါ ထန်းလျက်ဖိုး ပေးနေစရာ မလိုတော့သလိုပါဘဲ။

ဓာတုပရိနိဗ္ဗာန်ဆိုတာကတော့ ရုပ်ဓမ္မတို့ရဲ့ သင်္ခါရသဘောမျှသာ ဖြစ်ပါတယ်။

## အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်စံပုံ

ခန္ဓပရိနိဗ္ဗာန်ဟာ ကိလေသ ပရိနိဗ္ဗာန်မှာ အခြေခံခဲ့လေတော့ နောက်ထပ် တဖန် ခန္ဓာစားမရနိုင်တော့တဲ့ (၀၁) ရစရာခန္ဓာရယ်လို့ မစွဲမယူတော့တဲ့ ရဟန္တာပုဂ္ဂိုလ်များရဲ့ နောက်ဆုံးစုတိစိတ် ဘင်ခဏရောက်ဆဲ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ပါတယ်။

ပရိနိဗ္ဗာန် ဝင်စံတော်မူပြီလို့ စကားအဖြစ် သုံးစွဲလိုက်ရသော်လဲ ဒီရုပ်နာမ်ခန္ဓာကြီးက နိဗ္ဗာန်ပေါ်ထိ လိုက်ပါဝင်စံရတာ တခုမှမရှိပါဘူး။ နိဗ္ဗာန်ကြီးထဲရောက်ခါမှ ရုပ်ထူးနာမ်ထူး ဖြစ်လာစရာလဲ မရှိပါဘူး။

အရှင်ဒဗ္ဗပရိနိဗ္ဗာန် ဝင်စံရာမှာ ဗုဒ္ဓမြတ်စွာ ကျူးရင့်တော်မူခဲ့တဲ့ ဥဒါန်းပါဠိတော်အရ ဒီအကြောင်း ထင်ရှားလှပါတယ်။

မလ္လာမင်းသားဘဝက ရဟန်းပြုလာခဲ့တဲ့ အရှင်ဒဗ္ဗဟာ (၇) နှစ်သားအရွယ်မှာ ရဟန္တာဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးတပါး ဖြစ်ပါတယ်။ ရဟန္တာဖြစ်ပြီးနောက် ဘဝသက်တာ တလျှောက်လုံးကို သံဃဝေယျာဝစ္စပြုစုရေးမှာ လုံးဝဥဿုံ အသုံးချခဲ့ ပါတယ်။ သံဃာတော်များ ကြိုက်နှစ်သက်ရာ နေရာတိုင်းမှာ အိပ်ရာနေရာ

ခင်းပေးခဲ့ပါတယ်။ သံဃိကဆွမ်းဝတ်စသည်များကို စာရေးတန်ချပြီး မျှတအောင် စီမံဆောင်ရွက်ပေးခဲ့ ပါတယ်။

သံဃဝေယျာဝစ္စကို တလျှောက်လုံး ဆောင်ရွက်ခဲ့ပါသော်လဲ သူ့ခမြာ ရဟန်းဆိုးအချို့ရဲ့ စွပ်စွဲပုတ်ခတ်မှုများ ခံခဲ့ရပါသေးတယ်။ အရှင်ဒဗ္ဗကတော့ မည်သူမည်ဝါ သာစေ နာစေ လုံးဝသဘောမထား။ သံဃာ့လက်သို့ ရောက်လာတဲ့ ပစ္စည်းလေးပါးကို ထေရ်စဉ်ဝါလိုက် စာရေးတံချလို့ ဝေမျှပေးတယ်။ အိပ်ရာနေရာ ခင်းပေးခဲ့တယ်။ သို့ပါသော်လဲ ရဟန်းဆိုးများမှာ ထေရ်ကြီးဝါကြီးများလို ဦးဦးဖျားဖျား မစားသုံးကြရဘဲ အကျန်မှရရှိသဖြင့် အရှင်ဒဗ္ဗကို ရန်ငြိုးထားပြီး မတော်မလျော် စွပ်စွဲကြတော့တယ်။ ဒီအခါမှာ မြတ်စွာဘုရားက သိက္ခာပုဒ်များ ပညတ်ပြီးတော့အရှင်ဒဗ္ဗနဲ့ တကွ သီလဝန္တ ပုဂ္ဂိုလ်များကို ကာကွယ်ပေးတော် မူခဲ့ရပါတယ်။

ပရိနိဗ္ဗာန်စံဝင်တော့မယ့်နေ့မှာ အရှင်ဒဗ္ဗဟာ မြတ်စွာဘုရားကို ဦးခိုက် ပူဇော်ပြီး ပရိနိဗ္ဗာန် စံတော့မယ့် အကြောင်းလျှောက်ထားတယ်။ ပရိနိဗ္ဗာန်စံတယ်ဆိုတာ အဘိဓမ္မာသဘောအရ သေဟာဘဲဖြစ်ပါတယ်။ သေခြင်းသဘောကို တိုက်တွန်းအားပေးမှု မပြုရလို့ ပညတ်တော်မူခဲ့တဲ့ မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် စံပေတော့လို့ မမြွက်ကြားဘဲ "ဒဗ္ဗ၊ သင့်အချိန် အခါကို သင်သာ သိပေတယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

ဒါကြောင့် အရှင်ဒဗ္ဗလဲ မြတ်စွာဘုရားကို လကျ်ာရစ်သုံးပတ်လှည့်ပြီးရှိခိုးပူဇော်။ ထို့နောက်မှာတော့ ဈာန်အဘိဉာဉ် တန်ခိုးနဲ့ ကောင်းကင်ထက် ကြွချီတော် မူပါတယ်။ ကောင်းကင်ထက်မှာဘဲ ပရိနိဗ္ဗာန်စံပြီး ကြွင်းကျန်ရစ်တဲ့ အလောင်းတော်ဟာလဲ

ကောင်းကင်ထက်မှာဘဲ တေဇောခတ် လောင်ကျွမ်း သွား ပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားက–
"ရူပကာယ ပျက်စီးခဲ့လေပြီ။
အမှတ်သညာ ချုပ်ပျောက်ခဲ့လေပြီ။
ဝေဒနာ အားလုံး အေးငြိမ်းကြလေပြီ။
သင်္ခါရတို့ ငြိမ်သက်ကြလေပြီ။
ဝိညာဉ်သိမှုမှ ကွယ်ပျောက်ခဲ့လေပြီ။"

ဝဋ်စခမ်းသိမ်း၍ အငြိမ်းခတ် ရလေပြီးသော တပည့်တဦး အား နောက်ဆုံးချီးကျူးခြင်းဖြင့် ဥဒါန်းစကား မြွက်ကြား တော်မူလိုက်ပါတယ်။

## အကြောင်းချုပ်သာ ပဓာန

ဗုဒ္ဓမြတ်စွာဥဒါန်းတော်အရ ခန္ဓာပရိနိဗ္ဗာန်ဟာ ဝိပါက်ခန္ဓာ လက်စသတ် ချုပ်ငြိမ်းခြင်းသာဖြစ်ကြောင်း ထင်ရှားပါတယ်။ သက်သက်မဲ့ ဝဋ်ခံရအောင် ရရှိထားတဲ့ ခန္ဓာဝန်ထုပ်ကြီးကို ချပစ်ခြင်းသာဖြစ်ပါတယ်။

---

* အဘေဒိကာယော နိရောဓိသညာ။
ဝေဒနာသီတိ ဘဝိံသုသဗ္ဗာ။
ရူပသမိံသု သင်္ခါရာ
ဝိညာဏံ အတ္တမာဂမာ။
(ဥဒါန်းပါဠိတော်၊ ပထမဒဗ္ဗသုတ်)

မလှတ်သာ ဝဋ်ပါလို့ ခံနေရတဲ့ ဒီခန္ဓာကြီးဟာလဲ ပုရိမ တဏှာရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် တဏှာအစ ကိလေသာ ထောင့်ငါးရာစလုံးကို ပယ်ဖျက်သုတ်သင်လိုက်တဲ့ အခါမှာ ဒီခန္ဓာကြီးဟာလဲ အသီးမသီးနိုင်တော့တဲ့ သစ်ပင်ကြီးဖြစ်သွားရပါတော့တယ်။ အသီးမသီးခြင်းဟာ မျိုးပွားနိုင်တဲ့သတ္တိ မရှိတော့လို့ပေါ့။

သစ်ပင်ကြီးမှာမျိုးပွားနိုင်တဲ့သတ္တိ ဆိတ်သုဉ်းသွားရတာဟာ သစ်ပင်ကြီးခြောက်ပြီး သေသွားမှ မဟုတ်ပါဘူး။ မသေခင် အကိုင်းအခက် ရွက်လက် ဝေဆာနေတုန်းမှာဘဲ ဆိတ်သုဉ်းပြီး ဖြစ်နေပါတယ်။

နောက်ထပ်တဖန် ခန္ဓာအသစ်ဖြစ်စရာမရှိခြင်းမှာလဲ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံမှ မဟုတ်ပါဘူး။ လျှောင်းထိုင်ရပ်သွား လေးပါးသော ဣရိယာပုဒ်များ ဆောင်လျက်ရှိစဉ်မှာဘဲ နောက်ထပ်ဖြစ်စရာ ခန္ဓာတွေ ဆိတ်သုဉ်းသွားပြီး ဖြစ်နေပါတယ်။

အကြောင်းတဏှာကြောင့် အကျိုးခန္ဓာ ဖြစ်ပေါ်လာရတယ်။ အကြောင်းတဏှာကို အပေါင်းပါများနဲ့တကွ မြုံလိုက်ချိုပြီး ပယ်လိုက်လေတော့ အကျိုးခန္ဓာ ဖြစ်ပေါ်မလာနိုင်တော့ဘူး။ ဒါကြောင့် ခန္ဓာအသစ်ဖြစ်လာစရာမရှိတော့တဲ့နောက်ဆုံး စုတိစိတ်ရဲ့ ဘင်ခဏကို ခန္ဓ ပရိနိဗ္ဗာန် ရယ်လို့ စကားအဖြစ် ဆိုကြရတယ်။ လိုရင်းကတော့ အကြောင်းမထင်လို့ အကျိုးစင်တာသာ ဖြစ်ပါတယ်။

ဒါကို သဘောပေါက်ထားရင် သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာန် ခွဲခြားရာမှာ အမည်သာပြားပြီး သဘာဝ မခြားတာကို နားလည်ပါလိမ့်မယ်။

သဘာဝမခြား အမည်နာမသာ နှစ်မျိုး ပြားနေတဲ့အတွက် နိဗ္ဗာန်နှစ်ပါးထားပြီး သရုပ်ခွဲလို့ မရပါဘူး။ သဉပါဒိသေသ သာ ဖြစ်၍ အနုပါဒိသေသ မဖြစ်တာ၊ အနုပါဒိသေသ သာ ဖြစ်၍ သဉပါဒိသေသ မဖြစ်တာ မရှိပါဘူး။ ညဝါစနှစ်နဲ့ ဒီလို သရုပ်ခွဲလို့ မရစကောင်းပါဘူး။

သဉပါဒိသေသ ဆိုရင် အနုပါဒိသေသ ပါပြီးသား။ အနုပါဒိသေသ ဆိုရင်လဲ ထိုနည်းငင်းပါဘဲ။

တကယ်လို့ အနုပါဒိသေသ နိဗ္ဗာန်ဟာ သဉပါဒိသေသ နိဗ္ဗာန်နဲ့ တခြားစီဖြစ်၍ ပရိနိဗ္ဗာန်စံပြီးခါမှသာ ရနိုင်မည် ခံစားနိုင်မည်ဆိုပါရင် တရားဂုဏ်တော်များနဲ့ အံချော်ကုန်ကြပါလိမ့်မယ်။

## သန္ဒိဋ္ဌိက ဂုဏ်တော်

သွာက္ခာတော ဘဂဝတာဓမ္မော စသဖြင့် တရားဂုဏ်တော်ပြ ပါဠိတော်များမှာ သွာက္ခာတောကို ဓမ္မောရဲ့ ဝိသေသန အရာ ထားပြီး သန္ဒိဋ္ဌိကမှစ၍ တရားဂုဏ်တော်(၅)ပါး ရပါတယ်။ သွာက္ခာတပါ ရေတွက်ရင် (၆)ပါးရပါတယ်။ ကြိုက်ရာ ယူနိုင်ပါတယ်။ ဘဂဝတာ ဆိုတဲ့ အဝုတ္တကတ္တားကို ထောက်ပြီး ဒီစာအုပ်မှာတော့ (၅)ပါးသာ ဖွင့်ဆိုလိုက်ပါတယ်။

ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော တရားတော်သည်။ သန္ဒိဋ္ဌိကော၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန် သိအပ်ပါပေ၏။

တရားဆိုတာ ကိုယ်တိုင် သိအပ် မြင်အပ်တာကို ဆိုလိုတယ်။ ကိုယ်တိုင် မသိမမြင်ဘဲ ပြောတတ်လို့ပြောတာ တရားမဟုတ်ဖူး။ ဟောတတ်လို့ဟောတာ တရားမဟုတ်ဖူး။စကားသာ ဖြစ်တယ်။ ဒီစကားက ညွှန်ပြတဲ့အတိုင်း လက်တွေ့ လိုက်နာကျင့်သုံးသူများ မှာမှ ကိုယ်တိုင် ဒိဋ္ဌ တွေ့ရ မြင်ရတဲ့အတွက် တရားဖြစ်လာပြန် တယ်။

မဟာသိဝ မထေရ်ကြီးနဲ့ သူ့တပည့်တွေရဲ့ ဝတ္ထု ကြည့်ပါ လား။ ကိုယ်တိုင်က စာပေပရိယတ္တိ ကျွမ်းကျင်ပြီးအပေါ်မှာ ပဋိပတ် လမ်းစဉ်ကိုလဲ ပိုင်ပိုင်နိုင်နိုင် ညွှန်ပြနိုင်တယ်။ဒါပေမယ့် သူ ပို့ချလေသမျှ၊ ကမ္မဋ္ဌာန်းပြလေသမျှ တရားတခုမှ မပါဘူး။ စကားနောက်မှာ စကားတွေချည့် ဆက်တိုက်လိုက်ပါနေတယ်။ မဟာသိဝ မထေရ်ရဲ့ စကားတွေဟာ သူ့ တပည့်တွေဆီရောက်မှ တရားဖြစ်လာပါတယ်။ ဆရာသမား ညွှန်ကြားတဲ့အတိုင်း လိုက်နာ ကျင့်သုံးကြလို့ သန္ဒိဋ္ဌိကဂုဏ်တော် ကိုယ်တိုင် ပူဇော်နိုင်ကြတာ ပေါ့။

တပည့်ပရိသတ်မှာ လွယ်လင့်တကူ ကျွတ်တမ်းဝင်ခဲ့ကြပါရဲ့။ မဟာသိဝ မထေရ်ကြီးမှာတော့ ရှေ့ လောကြီးနေတဲ့အတွက် အသိဉာဏ်ပွင့်လင်းမှု နှောင့်နှေးခဲ့ရရှာတယ်။ စကားအရာကနေ တရားဘက် မကူးတည့်နိုင်လို့မို့ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရရှာ တယ်။ နောက်မှ ရှေ့လောကြီးမှုကိုပယ်၊ နောက်တွန့်နေမှုကိုလဲ အားဆေးကူပြီးတော့ တရားလမ်းစဉ်ကျကျ ကျင့်သုံးလိုက်တဲ့ အခါ အသိဉာဏ်ပွင့်လင်းလာရတယ်။ စကားနောက်မှာ တရား ပါလာတယ် ဆိုကြပါစို့။

ဒီတော့ စာပေ ပရိယတ်တတ်မြောက်လို့၊ ဟောနည်း ပြောနည်း ကျွမ်းကျင့်လို့ ဟောပြောပို့ချ၊ ရေးသားသမျှဟာ စကားချည့်။ စကားက တဆင့် ကိုယ်တိုင် ကိုယ်ကျ သိမြင်ပါမှ တရားဖြစ်တယ်။ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဟောလို့ ကျွတ်တမ်းဝင်ကြတယ်။ သူတို့ရဲ့ အသိဉာဏ်ကို ဗုဒ္ဓမြတ်စွာက အလင်းရောင်ပေးလိုက်တော့ ကိုယ်တိုင် သိသွားကြတယ်။

သိသာသိတယ်။ တရားဟောကောင်းတဲ့ ပုဂ္ဂိုလ်တွေ စာရင်းမှာပဉ္စဝဂ္ဂီတို့ မပါဘူး။ အရှင်သာရိပုတ္တရာ အလောင်းလျာ ဥပတိဿပရိဗိုဇ်က မေးလျှောက်တော့ အရှင်အဿဇိဟာ ချဲ့ချဲ့ထွင်ထွင် သိုင်းသိုင်း ဝိုင်းဝိုင်း မပြောတတ် မဟောတတ်လို့ သဘောတရားသက်သက်ကိုဘဲ အတိုချုပ်ပြီး ဟောခဲ့ရတယ်။

ပဉ္စဝဂ္ဂီတို့ ကျွတ်တမ်းဝင်စဉ်က ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ်ပဲ ရှိသေးတယ်။ ဘယ်ပိဋကတ်ကျမ်းဂန်၊ ဘယ်အဋ္ဌကထာ ဋီကာမှ မရှိသေးဘူး။ ဒါကြောင့် ပါဠိကို စာနဲ့ ပေနဲ့ တိုင်းတာမနေကြဘဲ တရားသက်သက် ရှုမြင်ကြလို့ ကျွတ်တမ်းဝင်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့ သိတဲ့တရားထဲမှာ ပိဋကတ်သုံးပုံ အစုံအလင် ပါပြီး ဖြစ်နေပါတယ်။

## အကာလိက ဂုဏ်တော်

ဘဂဝတာ၊ ဘုန်းတော်ကြီး သော မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ အကာလိကော၊ အခါမလင့် အကျိုးပေးတတ်ပါပေ၏။

ယခု နိဗ္ဗာန်မြင်ရင် ယခုချုပ်ပြီး ဖြစ်တယ်။ ကြိုတင်လက်မှတ်ယူထားပြီး ရထားထွက်ခါနီးမှ တခါထပ်လဲနေစရာ မလိုဘူး။ နိဗ္ဗာန်ကို ယခု မြင်ရုံမြင်ထားပြီး သေပြီးနောက်မှ နိဗ္ဗာန်စံရမှာ မဟုတ်ဖူး။

နိဗ္ဗာန် စံတယ်ဆိုတာ မသေခင် စံရတာ။ ဉာဏ်အမြင် ရှေ့မှောက် နိဗ္ဗာန်တရားကြီး ထင်သင်ရှားရှား ရောက်နေတာကို စံတယ်လို့ ဆိုရတယ်။

နိဗ္ဗာန်ဆိုတာ ဖြစ်ပျက်စက်ကြီး ရပ်နားရာ ပါရား။ ဒီတရားအပေါ်မှာ အသိဉာဏ်က ဆိုက်ရောက်လေတော့ ဉာဏ်ကလဲ ရပ်နားပြီး ဖြစ်သွားပါတယ်။ ပထမတကြိမ် ရပ်နားလိုက်တာ ဟာ မဂ်။ ဒီနောက် ဆက်ကာ ဆက်ကာ ရပ်နား ရပ်နားနေတာကိုတော့ ဖိုလ်လို့ ခေါ်ပါတယ်။

ကိလေသာ ချုပ်ငြိမ်းတာနောက်မှာ ခန္ဓာချုပ်ငြိမ်းတာလဲ တခါထဲ ပါပြီးသား။ နိဗ္ဗာန် မြင်သိ မဂ်ဝီထိ ကျရာမှာလဲ ဖိုလ်က တဆက်တည်း ပါလာပြီးသား။ အခါမလင့် လက်ငင်းလက်တွေ့ အခုလို အကျိုးပေးတာကိုဘဲ အကာလိက ဂုဏ်တော်လို့ ထောပနာမှု ပြုရပါတယ်။

## ဟေိပဿိက ဂုဏ်တော်

ဘဂဝတာ၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ ဟေိပဿိကော၊ ယခုလာလှည့် ကျင့်၍ကြည့်ဟု ရဲရဲကြီး ဖိတ်ခေါ် ထိုက်ပါပေ၏။

ဗုဒ္ဓမြတ်စွာက သူများတွေလို ထက်ကောင်းကင်က ဘုံဗိမာန်တွေကိုလဲ လက်ညှိုးထိုးပြမနေဘူး။ သေရာညောင်စောင်းရဲ့ ဟိုဘက် တဘူဝာကိုလဲ လှမ်းမြှော်ခိုင်းမနေဘူး။ စားတုန်း သွားတုန်း၊ ပြောတုန်းဟောတုန်း၊ ဟောဒီခန္ဓာကြီးကိုဘဲ ကြည့်လိုက်ကြ။ ကိလေသာတွေဖြစ်တော့လဲ ဒါကြီးထဲဖြစ်ကြဝာ။ ချုပ်တော့လဲ ဒါကြီးထဲမှာဘဲ။

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြတဲ့ ကိလေသာတွေဟာ အကြောင်းမထင်ရင် အကျိုးကစင်နေပြီးသား။ နိဗ္ဗာန်ကရှိနေပြီးသား။ သူ့သဘော သူ့လက္ခဏာအားဖြင့် ထင်ရှားစွာရှိနေတဲ့ နိဗ္ဗာန်ကို မိမိဉာဏ်က ဆိုက်ရောက်ရင် နိဗ္ဗာန်ရောက်တာပါဘဲ။

သံသရာဝဋ်မှ လွတ်မြောက်ရာ၊ ဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းရာ၊ ရာဂ ဒေါသ မောဟတို့ရဲ့ ကင်းရာကုန်ရာ နိဗ္ဗာန်တရားကြီး ထင်ရှားတာကြောင့် ဗုဒ္ဓမြတ်စွာနဲ့တကွ အရိယာ သူတော်စင်အပေါင်းတို့က နိဗ္ဗာန်ကို မျက်မှောက် ပြုရေးအတွက် ယခုလာလှည့် ကျင့်၍ကြည့်လို့ ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်လို့နေကြပါတယ်။

## ဩပနေယျိက ဂုဏ်တော်

ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မော၊တရားတော်သည်။ ဩပနေယျိကော၊ အသိဉာဏ်ထဲမှာ ကပ်၍ ဆောင်၍ ထားထိုက်ပါပေ၏။

နိဗ္ဗာန် အမြဲတမ်း ရှိနေတယ်လို့ ဒေသနာအလို စာသဘောအရ ပြောကြရဟောကြရသော်လဲ မိမိအသိဉာဏ်မှာ ကပ်ပြီး

ဆောင်ပြီး မထားရသေးသမျှ စကားမျှသာ ရှိပါသေးတယ်။ ဩပနေယျိကဂုဏ်တော်နဲ့ ပြည့်စုံတဲ့တရား မဟုတ်သေးပါဘူး။ ဒါကြောင့်လဲ မြတ်စွာဘုရားက။

"သစ္စာလေးပါး မြတ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ မသိခဲ့ရလေသောကြောင့် သင်တို့ ငါတို့ရဲ့ ဒုက္ခသံသရာ ရှည်ကြာခဲ့လေပြီး"

လို့ မိန့်တော်မူခဲ့ပါတယ်။

နိဗ္ဗာန်ကို ကိုယ်တိုင် ဉာဏ်ရောက် မျက်မှောက်ပြုမိရင် သစ္စာဉာဏ် စုံလင်ပြီး ဖြစ်ပါတယ်။ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းသော သဘောအားဖြင့် နိဗ္ဗာန်တရားက အမြဲတစေ တည်ရှိနေပါသော်လဲ မိမိဉာဏ်မှာ ကပ်ဆောင် မထားရသေးသမျှ ဆင်းရဲဒုက္ခက မလွတ်နိုင်ပါဘူး။ သံသရာ ရေယဉ်ကြောမှာ မျောလျက် ရှည်ကြာ နေကြရမည်သာ ဖြစ်ပါတယ်။

ဩပနေယျိက ဂုဏ်တော်အားဖြင့် နိဗ္ဗာန်ကို ဉာဏ်နဲ့ တစပ်ထဲ ကပ်တွဲထားနိုင်တဲ့တခဏမှာ သံသရာဝဋ်မှ ကျွတ်ပြီးဖြစ်သွားပါတော့တယ်။

## ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်

ဘဂဝတာ၊ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော် မူအပ်သော။ ဓမ္မော၊တရားတော်ကို။ ဝိညူဟိ၊ ပညာရှိအရိယာ ပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ မိမိ မိမိတို့ကိုယ်ပိုင် ဉာဏ်ဖြင့် အသီးသီး အသက အသက ရှုနိုင် မြင်နိုင်ပေကုန်၏။

နိဗ္ဗာန်မျက်မှောက်ပြုတဲ့ဉာဏ်ကတော့ သူ့ဉာဏ်နဲ့သူ အသီးသီး ရှိပါတယ်။ အချိန်အခါ နေရာဒေသ အသီးသီးမှာရှိကြတဲ့ အသိဉာဏ်တွေဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ရယ်လို့ အဆင့် လေးဆင့် ရှိနေပါတယ်။

ဒါပေမယ့် အသိခံမှု မှန်မြတ်လှတဲ့ နိဗ္ဗာန်ဟာ တခုထဲသာလျှင် ရှိကြပါတယ်။ ဒါကြောင့် နိဗ္ဗာန်သိတဲ့ ဉာဏ်ကိုလဲ သူ့ဉာဏ် ကိုယ့်ဉာဏ် သန္တာန်ပညတ်တွေ မဝင်လာစေဘဲ အသိဉာဏ်ကို အသိဉာဏ်အဖြစ်ဖြင့်သာ လက်ခံထားကြရပါတယ်။

မဟာသမုဒ္ဒရာဟာ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ မက ဘယ်ရွေ့ဘယ်မျှ စီးဝင်စေကာမူ လက်မခံ ပယ်လှန်ရိုး မရှိပါဘူး။ ပထဝီအနေအထားမတူတဲ့ မြစ်မ မြစ်သွယ်၊ချောင်းငယ် အနန္တတို့မှ စီးဆင်းလာသမျှ ရေတွေမှာလဲ မဟာသမုဒ္ဒရာအတွင်း ချဉ်းနင်းဝင်ရောက် လာတာနဲ့တပြိုင်နက် ဆားငံရေ ပကတိ ဖြစ်ကြရပါတယ်။

နိဗ္ဗာန်ကလဲ ဘယ်လိုအဆင့်အတန်းက သိသိ သာဝက ကုဋေပေါင်းများစွာ ကျွတ်တန်း ဝင်ဝင်၊ သူကတော့ အသိဉာဏ်ဟူသရွေ့အတွက် အသိခံဘို့ အရံသင့်ရှိနေပါတယ်။ ကျွတ်တမ်းဝင်ပုဂ္ဂိုလ်များမှာ အချို့က လမ်းတိုချင် တိုမယ်။ အချို့က လမ်းရှည်ချင် ရှည်ကြမယ်။ သက်တောင့်သက်သာ ကျွတ်တမ်း ဝင်သူများရှိသလို မသက်မသာ လျှောက်လာသူများလဲ ရှိပေလိမ့်မယ်။

တကယ်တော့ဖြင့် မသက်မသာ လျှောက်ကြရတာဟာ လမ်းကဆိုးလို့မဟုတ်ပါဘူး။ လမ်းပေါ်မရောက်လို့ ဆင်းရဲရတာပါ။ လမ်းရှည်တာဟာလဲ လျှောက်သူကနှေးလို့သာ ရှည်တယ်ဆိုရပါ

ဘယ်။ မြန်မြန် လျှောက်နိုင်သူများမှာတော့ ခဏချင်းနဲ့ ခရီးပေါက်ခဲ့ကြပါပြီ။

အမျိုးမျိုး အထွေထွေ လျှောက်ခဲ့လေသမျှ နောက်ဆုံးရောက်ရမယ့်ပန်းထုံးတိုင်ကတော့ နိဗ္ဗာန်ပါဘဲ။ နိဗ္ဗာန်ရောက်တဲ့အခါ စောစောကကဏ္ဍခြားကဲ့တာများ အကုန်အစင်ပျောက်ပြီး ဝိမုတ္တိဆိုတဲ့ လွတ်မြောက်မှုအရသာတခုထဲသာ ရှိပါတော့တယ်။

## စက္ခုံဥဒပါဒိ

ဝါရေးဂုဏ်တော်များကို ထောက်သောအားဖြင့် နိဗ္ဗာန်ဟာဤဘဝ ဤခန္ဓာမကွယ်မပျောက် သချိုင်းသို့ မရောက်မီ မျက်မှောက်ပြုအပ်သောတရားဖြစ်ကြောင်း သိသာထင်ရှားနေပါပြီ။ နိဗ္ဗာန်ဆိုလိုက်တာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်လဲ ပါပြီး ဖြစ်နေပါတယ်။

သို့ဆိုလျှင် မျက်မှောက်ပြုအပ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဤဘဝ ဤခန္ဓာမှာ ပါဝင်တဲ့အတွက် ဒိဋ္ဌဓမ္မထဲမှာ ထားလိုက်ပါတော့။ မျက်မှောက်ပြုအပ်တဲ့ နိဗ္ဗာန်ကိုကော ဘယ်မှာထားမလဲ။

ဤဘဝဤခန္ဓာနဲ့အတူတူထားမလား။ တခြားစီထားမလား။ အဇ္ဈတ္တသန္တာန်မှာ ထားမလား။ ဗဟိဒ္ဓတရားတွေထဲမှာ ထားမလား။

ဘယ်မှာထားထား။ ထားချင်ရာမှာထား။ သို့သော် အသိဉာဏ်နဲ့တော့ မကင်းမကွာပါစေနဲ့။ အသိဉာဏ်ဟာ အသိခံနဲ့ဆက်ခပ်နေသလို အသိခံဟာလဲ အသိဉာဏ်နဲ့ ဆက်စပ်လျက်သာ

ရှိနေပါတယ်။ အသိဉာဏ်ရှေ့မှောက်မှာ အလင်းရောင် တောက်ပြောင်လို့နေပါတယ်။

နိဗ္ဗာန်ဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ရဲ့ မှီရာတည်ရာ အာရုံအဖြစ် ရပ်တည်နေပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဖယ်ထားပြီး နိဗ္ဗာန် ချည့်သက်သက် ညွှန်ပြ၍မရနိုင်ပါ။

သိအပ်သောနိဗ္ဗာန်ကို သိတတ်သောဉာဏ် ပေါ်လာအောင် ဖော်ဆောင်ပြီးတော့ ဒီဉာဏ်ကတဆင့်သာ ညွှန်ပြနိုင်ပါတယ်။ ဒီဉာဏ်ကို အလင်းရောင်ပေးတဲ့ အာရုံအဖြစ်ဖြင့်သာ ရှုမြင်ကြရပါတယ်။

လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်(၈)ပါး ရှိတဲ့အနက် တခုခုသောဉာဏ်၏အာရုံ၊ ဉာဏ်၏ တည်ရာမှီရာ နိဗ္ဗာန်ကိုဆိုလိုက်ရင် နိဗ္ဗာန်သဘော ကြွင်းမဲ့ဥဿုံ အကုန်လုံး ပါသွား ပါတယ်။ လောကုတ္တရာဉာဏ်၏အာရုံမှ တပါး တခြားတနေရာမှာ နိဗ္ဗာန် ရယ်လို့ တသီးတသန့် ရှိမနေနိုင်တော့ပါ။ တကယ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အာရုံမှတပါး တခြားနိဗ္ဗာန် ရှိသေးတယ် ဆိုရင်လဲ ဒါဟာ စကာနိဗ္ဗာန်သာ ဖြစ်ပါလိမ့်မယ်။ တရားနိဗ္ဗာန် မဟုတ်နိုင်တော့ပါ။

ဒါကြောင့် ရှေးရှေးက တရားနိဗ္ဗာန်ကို ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင် ပေါက်ပိုင်တော်မူကြတဲ့ ကျွတ်တမ်းဝင် အရှင်မြတ်များဟာ–

"စက္ခုံ ဉဒပါဒိ" (မျက်စိပွင့်၍ လာပြီ။)
"ဉာဏံ ဉဒပါဒိ" (ဉာဏ် ဖြစ်ပေါ်၍လာပြီ။)
"ပညာ ဉဒပါဒိ" (ပညာ ဖြစ်ပေါ်၍လာပြီ။)
"ဝိဇ္ဇာ ဉဒပါဒိ" (အသိ ဖြစ်ပေါ်၍လာပြီ။)

"အာလောကော ဥဒပါဒိ" (အလင်းရောင် ထွက်ပေါ်၍ လာပြီ။)

အသိဉာဏ်အမြင်မှန်ပွင့်လင်းလာကြောင်းကို အဓိကထားပြီး ဥဒါန်းကျူးရင့်တော်မူကြပါတယ်။ နိဗ္ဗာန်အာရုံနဲ့ ထိတွေ့ရတာကြောင့် သူတို့အသိဉာဏ်ဟာ အရောင်အဝါထွက်လာဘိသကဲ့သို့ တင့်တယ်။ ထယ်ဝါလို့ နေပါတယ်။ ဒီနောက်ဆုံး ပုဒ်က မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ တကွနက် ဆက်စပ်နေတဲ့နိဗ္ဗာန်ကိုပါ တခါ ထဲပါအောင် ပြဆိုထားပါတယ်။

## တန္တဝါယနည်း

ဗုဒ္ဓမြတ်စွာ ဒေသနာတော်တို့ကို ပဋိသမ္ဘိဒါဉာဏ် ထက်သန်တော်မူကြတဲ့ မထေရ်မြတ်များက နည်းအဖုံဖုံနဲ့ ဝေဘန်ကြတယ်။ အနက်အဓိပ္ပာယ် ကွယ်ဝှက်တာရှိရင် ပေါ်လွင် ထင်ရှားအောင် ချဲ့ထွင်ဖွင့်ဆိုတော် မူကြရပါတယ်။

ယူပုံယူနည်း ဖွင့်ပုံဖွင့်နည်း မြောက်မြားစွာထဲမှာ တန္တဝါယနည်းလဲ ပါဝင်ပါတယ်။ ရက်ကန်း ရက်တာကို နမူနာထားပြီး ဖော်ပြတဲ့နည်းပါဘဲ။

ရက်ကန်းရက်တဲ့အခါ တဖက်ကခြေနင်းကိုနင်းရင် အထက် အောက် နွတ်ဆွဲသွားရာမှာ သက်ဆိုင်ရာခြည်တန်းများပါသွား ပြီး နှစ်ထပ်နှစ်လွှာဖြစ်ကြရတယ်။ ခြေနင်းကိုပြန်ချလိုက်တော့လဲ တထပ်ထဲတသားထဲ။

အရှင်သာရိပုတ္တာရာ မထေရ်မြတ်ကြီးဟာ ပဋိသမ္ဘိဒါဉာဏ် အရာမှာ အခေါင်အချုပ်ကရှိနေပါတယ်။ မြတ်စွာဘုရားမှလွဲရင် ဒီသာသနာတော်ကို သူတပါးထဲက ကိုယ်စားပြုနိုင်ပါတယ်။

အရှင်သာရိပုတ္တရာ ဖွင့်ဆိုဟောပြတော်မူခဲ့တဲ့ သုတ္တန်တွေထဲမှာ အသိခံနဲ့ အသိဉာဏ်တရားတို့ကို ခွဲခြမ်းဝေဘန် ပြထားတာ တွေရှိပါတယ်။

ဒါတွေက ရက်ကန်းရက်ဖို့ခြေနင်းနင်းထားတာဖြစ်ပါတယ်။ ခြေနင်းကိုလွှတ်ပြီး သူ့အတိုင်းထားတဲ့ အခါမှာတော့ ဘယ်သင်း ကဉာဏ်၊ ဘယ်သင်းက နိဗ္ဗာန်ရယ်လို့ ခွဲခြင်း မရှိတော့ပါ ဘူး။ အာရုံနဲ့ အသိဉာဏ်တို့ရဲ့ နယ်နိမိတ်ဟာ ဒီအခိုက်အတန့် မှာ ကွယ်ပျောက်လို့ နေပါတယ်။ (ဝါ) တစပ်ထဲ တသားထဲ ဖြစ်နေပါတော့တယ်။

ဒါကြောင့်လဲ ပဋိသမ္ဘိဒါဉာဏ်အရာမှာ တခြားစီ တပုံစီ ဝေဘန်ဖွင့်ဆိုတော်မူခဲ့တဲ့ အရှင်သာရိပုတ္တရာဟာ ဇမ္ဗုခါဒက ပရိဗိုဇ်က မေးလျှောက်တဲ့ အခါမှာတော့–

"ငါ့ရှင် ဇမ္ဗုခါဒက၊အကြင် ရာဂကုန်ရာ၊ဒေါသကုန်ရာ၊မောဟကုန်ရာ တရားသည်ရှိ၏။ ဤတရားကိုပင်လျှင် အရဟတ္တဖိုလ်ဟု ဆိုအပ်၏။"*

နိဗ္ဗာန ပဥှာသုတ်မှာ နိဗ္ဗာန်ကို မေးလျှောက်စဉ်က အတိုင်း ဖြေကြားတော်မူပါတယ်။

အရဟတ္တဖိုလ် ဝင်စားခိုက်မှာ အသိခံအာရုံနဲ့ အသိဉာဏ်တို့ကို ကာယကံရှင်ကိုယ်တိုင် ခွဲခြားဝေဘန်မှုမရှိတော့ပါ။ နိဗ္ဗာန်နဲ့ အရဟတ္တဖိုလ်တို့ မကွဲမပြားတသားတည်းသာလျှင် ရှိနေကြောင်း ပြဆိုထားပါတယ်။

---

* ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တန္တိ။
(သဠာယတနဝဂ္ဂ၊ဇမ္ဗုခါဒကသံယုတ်၊ အရဟတ္တပဥှာသုတ်)

ဒေသနာတခုခု ဟောကြားတော်မူရင် ဗုဒ္ဓမြတ်စွာနဲ့ တကွ ရဟန္တာ သာဝကကြီးများဟာ အရဟတ္တဖိုလ်ကို အထွတ်အထိပ်ထားပြီး ဟောကြားကြပါတယ်။ အရဟတ္တဖိုလ် ဆိုက်ရောက်ခါမှ ဒေသနာလမ်းဆုံးကြပါတယ်။ ဒါကြောင့် ခေါင်းချုပ်ဖြစ်တဲ့ အရဟတ္တဖိုလ်ကိုဟောတဲ့ ဒီဒေသနာထဲမှာ အောက်မဂ် အောက်ဖိုလ်များလဲ အကျုံးဝင်ပြီး ဖြစ်ကြပါတယ်။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်နဲ့ ထပ်တူထပ်မျှ ဟောထားတာ ဒီတနေရာမှ မဟုတ်ပါဘူး။ မင်္ဂလသုတ်မှာလဲ ဟောထားပါသေးတယ်။

တပေါ စ ဂါထာရဲ့ (၃)ခုမြောက် မင်္ဂလာမှာ (အရိယသစ္စာနဒဿနံ) "အရိယ သစ္စာတို့ကို သိမြင်ရခြင်းသည်လည်းကောင်း"ဆိုတော့ နိဗ္ဗာန်ပါသွားပြီ။ ဒါကြောင့်(နိဗ္ဗာန သစ္ဆိကိရိယာစ) "နိဗ္ဗာန်ကို မျက် မှောက် ပြုရခြင်းသည် လည်းကောင်း"အရကျတော့ အရဟတ္တဖိုလ်ကို ကောက်ယူရကြောင်း အဋ္ဌကထာဆရာက ညွှန်ပြထားပါတယ်။

## မစွဲမငြိ ဝိမုတ္တိ

တန္တဝါယနည်းအားဖြင့် အာရုံဖြစ်တဲ့ နိဗ္ဗာန်နဲ့ အာရမ္မဏိကမဂ်ဉာဏ် ဖိုလ်ဉာဏ်များကို တသားထဲအနေ ဟောကြားထားခဲ့တဲ့ ဒေသနာတော်တပုဒ် သုတ္တ နိပတ် ပါရာယန သုတ်မှာလဲ လာရှိပါတယ်။

ဗာဝရီ ပုဏ္ဏားကြီးက ဗုဒ္ဓမြတ်စွာထံတော်သို့ တပည့်ကြီး (၁၆)ဦးကို စေလွှတ်ပြီး ပြဿနာ မေးလျှောက်ထား ခိုင်းရာမှာ အဇိတ တိဿ မေတ္တေယျ အစရှိတဲ့ ပညာရည်ချွန် တပည့်ကြီး

များကလဲ သူတို့ သိလိုရာရာများကို ဆက်လက်ပြီး မေးလျှောက်ကြပါတယ်။

အိုဘေးဆိုးကြီး သေဘေးဆိုးကြီးတို့ ကြိမ်ဖန်ထပ်ထပ် နှိပ်စက်အပ်ရာ မဟာဝဲသြဃရေယဉ်၌ တမျောတည်း မျောပါနေကြကုန်သော ဝေနေယျတို့ ထောက်ရာ တည်ရာ ကျွန်းသာယာကို ဟောကြားညွှန်ပြတော်မူပါဘုရား။

(၁၀)ဦးမြောက်ကပ္ပလုလင်ရဲ့မေးလျှောက်ချက်ဖြစ်ပါတယ်။ အမေးအားလျော်စွာ "အကိဉ္စနံ၊ အနာဒါနံ" ဆိုတဲ့ပုဒ် နှစ်ပုဒ်အားဖြင့် နိဗ္ဗာန်နဲ့တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို တပေါင်းတည်းပြုပြီး ဟောကြားထားပါတယ်။ အာရုံနဲ့တကွ အာရမ္မဏိကတရားများကိုပင် မစွဲမငြိဝိ မုတ္တိ တရားအဖြစ် ဟောကြားထားပါတယ်။

အကိဉ္စန = မကပ်ငြိခြင်း၊ မကပ်ငြိရာ။

အနာဒါန = မစွဲလမ်းခြင်း၊ မစွဲလမ်းရာ။

ကပ်ငြိတယ် စွဲလမ်းတယ်ဆိုတာ တဏှာ မာန ဒိဋ္ဌိ အစရှိတဲ့ ကိလေသာတို့ပါဘဲ။ ကိလေသာ ဆိုတာ အကြောင်းပြုပေးရင်တော့ ဖြစ်မှာဘဲ။ ဖြစ်လာရင် ကောင်းလိမ့်နိုးနိုး မြှော်ကိုးတဲ့အလိုတဏှာ။ အဲဒါနောက်မှာ အကြောင်းပြုမပေးရင် အဖြစ်ငြိမ်းနေတဲ့ သဘောကို မသိကြလေတော့ အတွေးအကြံတွေနဲ့ ကိလေသာတွေ ဖန်တီး ဖန်တီးပြီး ထုတ်လုပ်ပေးနေကြတယ်။

ကိုယ်မွေးတဲ့မျောက် ကိုယ့်ကိုခြောက် ဆိုသလို ကိုယ်ဖန်တီးယူခဲ့တဲ့ ကိလေသာတွေကြောင့် မိမိနဲ့တကွ သက်ဆိုင်သူများပါ ဒုက္ခရောက်ကုန်ကြရတယ်။

ဒီဒုက္ခတွေရဲ့ ဘူမိနက်သန် နေရာမှန်ကတော့ ကြံစည်တတ်၊ တွေးတောတတ်တဲ့ မိမိတို့ရဲ့ စိတ်သာလျှင် ဖြစ်ပါတယ်။ ဒီဒုက္ခတွေ ငြိမ်းကြစို့ ဆိုတော့လဲ ဒီစိတ်မှာဘဲ ငြိမ်းကြရပါတယ်။ သစ်သားမှာ လောင်တဲ့မီး သစ်သားမှာဘဲ ငြိမ်းရပါတယ်။ ဝါးမှာ လောင်တဲ့မီး ဝါးမှာဘဲ ငြိမ်းရပါတယ်။

သစ်သားတွေ ဝါးတွေကို မီးရှို့ပေးရင် မီးလောင်ပါတယ်။ ရှို့မပေးဘဲ အေးတဲ့အတိုင်း ထားရင်တော့ မီးငြိမ်းမှုက ရှိပြီးသားပါ။ ဒီ့အတူဘဲ စိတ်မှာ ကိလေသာ ငြိမ်းလျက်ရှိတယ် ဆိုဘာလဲ နဂိုမူလ စိတ်သန့်သန့်မှာ ငြိမ်းတဲ့သဘောရှိပြီးသားမို့ ပါဘဲ။

## ကိုယ့်စိတ် သိရင် ကျမ်းဂန်မြင်

အဆွေး၊ အပူ၊ အယူ၊ အစွဲဆိုတဲ့ ကိလေသာတွေ မပူးမဝင် လာခင်က စိတ်ဟာ ကြည်လင်သန့်ရှင်းလျက်သာ ရှိပါတယ်။ နဂိုပကတိအားဖြင့် ကြည်လင်သန့်ရှင်းနေတဲ့ စိတ်ကို မြတ်စွာဘုရားက —

> "ရဟန်းတို့ ပကတိအတိုင်းဖြစ်သော ဤစိတ်သည် ပြိုးပြိုးပြက်ပြက် အရောင်လက်၍ နေ၏။ ထိုစိတ်မှာပင် မကြာမကြာ အလည်လာတတ်ကြကုန်သော ကိလေသာ အယူအစွဲ တို့ကြောင့် အပူခံကြီး ဖြစ်လာရလေတော့သည်။"*

လို့ အင်္ဂုတ္တုရ် ပါဠိတော်မှာ ဟောတော်မူပါတယ်။

---

* ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပကိလိဋ္ဌံ။

( အင်္ဂုတ္တရပါဠိတော် )

ပြိုးပြိုးပြက်ပြက် အရောင်လက်တယ် ဆိုတာ သန့်ရှင်းကြည်လင်နေတာကို ပေါ်အောင် ဖော်ကြူးချက် ဖြစ်ပါတယ်။ ကိလေသာ ညှော်သည်တွေ မလာခင်က စိတ်မှာ ဘလာစင်လို့နေပါတယ်။ အဆွေး အပူ အယူ အစွဲတို့မှ ကင်းလျက်သား လွတ်လျက်သား ရှိနေပါတယ်။ ဆရာကောင်းထံ နည်းမခံရလေတော့ ဒီသဘောကို ဟုတ်တိုင်းမှန်စွာ မသိကြပေဘူး။ ဒါကြောင့်မို့လဲ ပကတိအတိုင်းက ကြည်လင်နေတဲ့ စိတ်အရ ဘဝင်စိတ်ကိုပင် ကောက်ယူရမလိုလို အဆိုပြုတတ်ကြပါတယ်။

ဒီအဆိုများရဲ့ အားကိုးရာ အဋ္ဌကထာဋီကာ ဖွင့်ဆိုချက်တွေ ရှိပါတယ်။ ဒါပေမယ့် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်ကတော့–

"အို ကာလာမ အမျိုးသားတို့၊ ငါဘုရားကိုယ်တော်တိုင် ဟောကြားထားသည့် ပိဋကတ်တော်များနှင့် ကိုက်ညီသည် ဆိုရုံမျှဖြင့် တထစ်ချ စွဲယူမထားကြလေနှင့်။ ဤကား ကုသိုလ် ဤကား အကုသိုလ်ဟု ကိုယ်တိုင် ကျင့်သုံး၍ ကိုယ်တိုင် သိပြီးခါမှသာလျှင် မကောင်းညစ်ကျု အကုသိုလ်များကို ပယ်စွန့်ကြလေ"

နောင်ရေးကို မြော်မြင်တော်မူတာကြောင့် ကမ္ဘာကျော် ကေသမုတ္တိသုတ်မှာ မိန့်မှာတော်မူခဲ့ပါတယ်။ ဗုဒ္ဓမြတ်စွာ၏ သာဝက၊ ဝေနေယျတို့၏ အားထားရာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလဲ –

အ"ဘင့်သံဝဏ္ဏနာကို စီရင်ကြကုန်သော အဋ္ဌကထာဆရာအထက် ဋီကာဆရာတို့ကား အလွန် ဆန်းကြယ်သော သဘောဉာဏ်ရှိတော်မူကြကုန်သည်ဖြစ်၍ အလွန်ဆန်းကြယ်စွာ ဘန်တီး၍ ဘွင့်တော်မူကြကုန်၏။ ယခု

ကာလ၌ အဓိပ္ပါယ်လိုရင်း အကျဉ်းချုပ် အနက်ကို သိနိုင်ရန် ဉာဏ် အနက်အနဲ လိုကြ၍ ထိုအဋ္ဌကထာ ဋီကာတို့ စကား၌ အယူဝါဒ အထွေအပြား များကြကုန်၏။ နောက်ဖြစ် ဋီကာကျမ်း၊ ဂန္ထန္တရကျမ်းတို့မှာ လည်း သင့်မသင့်ကို ချင့်ချိန်စဉ်းစားဘွယ် အလွန်များ ပြား၏။ဘုရားဟော ပါဠိတော်ရင်းများကို အနှံ့အပြား အားထုတ် ကြံဖန်၍ ဘုရား အလိုတော်ကို အတော် အလျော် ကြံမိ သိမိရှိသောသူတို့မှာသာ အထက်ကျမ်း တို့၌ အဆန်းတကြယ် ဘွင့်ဆိုကြရာမှာလည်း ပဓာန အကျဉ်းလိုရင်းအနက်ကို အချက်ကျယူနိုင်ကုန်ရာသည်။ နောက်ဖြစ် ကျမ်းဂန်တို့မှာ ယုတ္တာယုတ္တိ ရှိမရှိကို ရွေး ကောက်နိုင်ကုန်ရာသည်။"

နိဗ္ဗာန်သိမြင် ဒိဋ္ဌိစင်ရေးအတွက် အဖွင့်သံဝဏ္ဏနာ ရှိရှိသမျှ နောက် လိုက်ပါနေမှုထက် ဘုရားဟော ပါဠိတော်ကြီးများရဲ့ ဟောတော်မူလိုရင်း အကျဉ်းချုပ် အချက်အလက်ကို ကျေ ညက်ဖို့ လိုကြောင်း နိဗ္ဗာနဒီပနီကျမ်းမှာ မိန့်မှာတော်မူခဲ့ပါ တယ်။

ဗုဒ္ဓမြတ်စွာ ဟောမိန့်မှာခဲ့တဲ့ ဒေသနာတော်များ အားလုံး သန္နိဋ္ဌာန ဂုဏ်တော်နဲ့ ပြည့်စုံကြတာမို့ ကိုယ်တိုင်မြင်သိ ဝိမုတ္တိ ဆိုက်ကြဘို့သာ ဖြစ်ပါတယ်။ ကိုယ်တိုင် သိကြလို့ကလဲ မိမိ မိမိ တို့ရဲ့ အတွင်းအဇ္ဈတ္တသန္တာန်က စိတ်ကိုသာလျှင် သိနိုင်ပါတယ်။ မိမိစိတ်ကို မိမိ သိဘို့သာလျှင် လိုအပ်ပါတယ်။ ဒါကြောင့်လဲ ကျေးဇူးရှင် ကျောက်သဘောဆရာတော်ဘုရားကြီးက—

"လက်မောင်းဆိုတာ သူကလက်မောင်းပါလို့ ပြောသလား၊ ခေါင်းကလဲ ပြောခဲ့ဘူးသလား၊ လက်မောင်းကများ ပြောခဲ့ဘူးသလား။ မပြောခဲ့ဘူးပါဘူး၊ပြောလဲမပြောနိုင်ပါဘူး။ စိတ်မှာဖြစ်လာတာဗျ။ စိတ်က ဖြစ်လာတာနဲ့ ခင်ဗျားတို့စိတ်က သိမှတ်တာ။ ကိုယ် ဖြစ်ပေါ်လာတဲ့စိတ် ကိုယ်သိရမှာ။ တရား သိချင်တယ်ဆိုရင် မိမိတို့စိတ် မိမိတို့ အကဲခတ်ကြည့်။ မိမိတို့စိတ် မိမိတို့ ရိပ်မိအောင်ကြည့်။ဒါမှ ဘုန်းကြီးတို့ဟောတဲ့ တရားကို ရိပ်မိမယ်။"

၁၃၂၄–ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၄)ရက် ရန်ကုန်မြို့ ကျိုက္ကစံ ကျောက်သဘော်ရိပ်သာ တရားပွဲကြီးမှာ ဟောကြားတော်မူခဲ့ပါတယ်။

သိလက္ခန္ဓ၊ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီး လေ့ကျက်ပြီးကုန်သော အရှင်မြတ်ကြီး(၃)ပါးတို့ရဲ့ မိန့်ဆိုချက်များဟာ တရားကျင့်ရေးသိမြင်ရေးအတွက် သဘောချင်းထပ်တူဖြစ်ကြပါပေတယ်။ တရားကျင့်ရေး သိမြင်ရေးအတွက် လိုရင်းအကျဆုံးမှာ ဘုရားဟော ပါဠိတော်များရဲ့ လိုရင်းအချုပ်အနက်သဘောကို သိဘို့လိုတယ်။

နည်းမှန်လမ်းကျ ကျင့်သုံးခြင်းဖြင့် မိမိ အဇ္ဈတ္တသန္တာန်မှာ ကြည်လင်နေတဲ့ စိတ်သန့်သန့် အပေါ်မှာ ရောင်ပြန် ဟပ်ပေးနေတဲ့ တကဲ့အရှိတရားကို မျက်ဝါးထင်ထင် မြင်ရ တွေ့ရပါရင် ပိဋကတ်တော်များနဲ့ အထူးတလည် တိုက်ဆိုင်ကြည့်နေစရာမလို။ အသိမှန် အမြင်မှန်ဖြစ်ရင် ကျမ်းဂန်နဲ့ ညီညွတ်ပြီးသား ဖြစ်ပါတယ်။

## အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်း

အရှင်မြတ်ကြီးများရဲ့ မိန့်မှာချက်အရ ကိုယ်တိုင် မြင်ရေး ကျင့်သုံးရေးအတွက် ဘဝင်စိတ်ကို ကောက်ယူလို့ ရမရ သုံးသပ် ကြပါစို့။

အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာမှာ ပဋိသန္ဓေ ဘဝင် စုတိ (၃)မျိုးသော စိတ်များဟာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တပါးပါးသော အာရုံကို အာရုံပြုတယ်လို့ ပြဆိုထားပါတယ်။

ကံဆိုတာ ယခုလက်ရှိဘဝမှာ အကျိုးပေးမယ့် ကုသိုလ်ကံ အကုသိုလ်ကံ၊ ယခင်ဘဝ သေခါနီးကာလမှာ ယခုဘဝအတွက် အကျိုးပေးမယ့်ကံဟာ လောလောဆယ် ပြုနေရသကဲ့သို့ ထင် လာ မြင်လာတတ်ပါတယ်။

ကမ္မနိမိတ်ဆိုတာ ကံရဲ့အခြံရံ၊ ကံမြောက်စေရန် ထောက်ပံ့ ကူညီတဲ့ ဝတ္ထုပစ္စည်းများ။ ဥပမာ အကုသိုလ်ကံအတွက် ဒုတ်၊ နှင်တံ၊ ဓား၊ လှံ၊လေး၊ မြှား။ ကုသိုလ်ကံအတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ကန်၊ ဘုရား စသည်။

ဂတိနိမိတ်ဆိုတာကတော့ လားရရောက်ရမယ့် နေရာဌာန ဖြစ်ပါတယ်။ ငရဲရောက်မယ့်သူအဖို့ ငရဲအိုး၊ ငရဲထိန်း၊ ခွေးနက် ကြီး စသည်။ နတ်ပြည်တက်မယ့်သူမှာတော့ ဘုံနန်း၊ ဗိမာန်၊ ပဒေသာပင်။ လူ့ဘဝရောက်လာမယ့်သူမှာတော့ အမိဝမ်းရေ နီနီစွေးစွေး။ မိမိတို့မှာ မနုဿတ္တ လူ့ဘဝရနေကြတာဆိုတော့ သူတို့နဲ့သက်ဆိုင်တဲ့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တခုခုကို ရွေးယူ ကြရပါလိမ့်မယ်။

တစုံတယောက်ကို စိတ်ဆိုးမိရင် ဆိုးတဲ့စိတ်နဲ့တကွ စိတ်ဆိုးစရာ အာရုံပါ တပါတည်း ထင်လာရတယ်။ တစုံတခုကို လိုချင်တယ်လိုရင် လိုချင်တဲ့စိတ်နဲ့တကွ လိုချင်စရာ အာရုံ ထင်လာရတယ်။ ဇောမထိုက်တဲ့ မြင်ကြား နံစား တွေ့ထိအားဖြင့်(၅)ပါးသော ပဉ္စဝိညာဉ်များ အတွက်လဲ သက်ဆိုင်ရာအာရုံတွေ ထင်ရှားလျက် ရှိပါတယ်။

ဒီသဘောအရ စိတ်ဆိုတာ အာရုံနဲ့မကင်းကောင်းဘူးလို့ အမိန့်အဆို ရှိထားကြလေတော့ ဘဝင်စိတ်များ ဖြစ်ပေါ်ခိုက်မှာလဲ သက်ဆိုင်ရာ အာရုံများ ထင်ရှားလာဘို့ ရှိပါတယ်။ ပဋိသန္ဓေ စုတိစိတ်များအတွက် ဆင်ခြင်သုံးသပ် မရနိုင်လို့ ထားလိုက်ပါတော့။ ဘဝတာသက်တာမှာ အများဆုံး ဖြစ်နေပါတယ်ဆိုကြတဲ့ ဘဝင်စိတ်ရဲ့ အာရုံကို သိဘို့ကောင်းပါတယ်။ သူများအာရုံကို မသိနိုင်ပေမယ့် ကိုယ့်ဘဝင်စိတ်ရဲ့ အာရုံကိုတော့ ကိုယ့်ဘာသာ သိကြဘို့ ကောင်းပါတယ်။

ဒါဖြင့် သိကောသိနိုင်ကြပါ့ရဲ့လား။ ဘယ်လိုကံ အာရုံတွေနဲ့ ဒီဘဝ ရောက်လာခဲ့ကြပါသလဲ။ ကျောင်းကိုစွဲခဲ့သလား။ ဘုရားကို စွဲခဲ့သလား။ အမိဝမ်းရေ နီနီစွေးစွေးကိုဘဲ မြင်နေကြပါသလား။

ကံကိုပယ်နေတာမဟုတ်ဖူး။ ဘဝင်စိတ်မရှိဘူးလို့ ငြင်းချက်ထုတ်နေတာလဲ မဟုတ်ဖူး။ သက်ဆိုင်ရာ အာရုံများကိုမှ သိသိမှတ်မှတ် တပ်အပ်သေချာ မညွှန်မပြနိုင်တဲ့ ဘဝင်စိတ် အပေါ်မှာ သောင်တင်မနေဘို့ ဆိုလိုရင်းဖြစ်တယ်။ တနည်းအားဖြင့်တော့ အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်း သရုပ်ကွဲကြစေဘို့ပေါ့။

အဘိဓမ္မာနည်းဆိုတာ တရားဟူသမျှ တတိုတစ အကြွင်း အကျန် မရှိရအောင် အနည်းနည်း အဖုံဖုံ အနုစိတ်နိုင်သမျှ စိတ်ပြီး ဝေဘန်ထားတာ။ တသိန်းမှာ တယောက်၊ တသန်းမှာ တယောက်ပေါက်နိုင်သူ ပေါက်ဖို့ဘဲ။ သုတ္တန်နည်းကတော့ အဘိဓမ္မာလို အနုစိတ်နေစရာ မလိုဘူး။ ရှိရှိသမျှ တရားတွေနောက် တောက်လျှောက် လိုက်ပါနေစရာ မလိုဘူး။ ကိုယ်သိနိုင်တာ ကိုယ်သိဘို့။ နည်းမှန်လမ်းကျ ကျင့်သုံးဘို့သာ လိုပါတယ်။ ဒါကြောင့်လဲ တရားပွဲတပွဲအပြီးမှာ ဝေနေယျတွေ အဲများကြီး ကျွတ်တမ်းဝင်ခဲ့ကြတာပေါ့။

## ပူဆွေးမဝင် စိတ်ကြည်လင်

သတိမထားမိလို့သာ့ အသိတရားမကပ်ကြတာ။ သတိထားလို့ ရှိရင်တော့ မိမိဘာသာ သိနိုင်ကြပါတယ်။ ကိလေသာတွေ မပူး မဝင် မကပ်ရောက်ခင်က ကြည်လင်သန့်ရှင်းနေတာကို သူများ က ဆုပ်ကိုင်ပြနေစရာမလို။ ကိုယ်တိုင်သိလို့ ကိုယ်တိုင်မြင်နိုင်တဲ့ တရားပါ။ အဲဒီလိုသိပြီးတဲ့နောက် မကပ်မရောက်လာတဲ့ ကိလေ သာတွေ (ဝါ) ငြိမ်းလျက် အေးလျက်ရှိတဲ့ ကိလေသာတွေ ငြိမ်းတဲ့အတိုင်း အေးတဲ့အတိုင်း ဆက်လက်ကျင့်သုံး နေထိုင်တာ ကို 'စိတ္တဘာဝနာ'လို့ အထက်ကပြခဲ့တဲ့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဆက်လက်ပြီး ဟောပြတော် မူခဲ့ပါတယ်။

ပကတိအားဖြင့် ကြည်လင်နေတဲ့စိတ်ကို ကြည်လင်တဲ့အတိုင်း နေထိုင်ကျင့်သုံးခြင်းအားဖြင့် စိတ်ကို ပွားများလိုက်တဲ့ အခါ အဆွေးအပူ အယူအစွဲဆိုတဲ့ ကိလေသာတွေ အမြဲတစေ ရှိနေပါ တယ်လို့လဲ မစွဲလမ်းတော့ဘူး။ အမြဲ မရှိပါဘူးရယ်လို့လဲ တွေ

ကရာ မြင်ကရာ ငြင်းခုံမနေတော့ဘူး။ ဆွေးစရာတွေ မလာသေးလေတော့ မဆွေးဘဲနေလိုက်ရုံ။ ပူစရာတွေ မလာသေးလေတော့ မပူဘဲနေလိုက်ရုံ။ စွဲစရာတွေ မလာသေးလေတော့ မစွဲမယူဘဲ စိတ်လွတ်ကိုယ်လွတ် နေလိုက်ရုံသာ ရှိပါတယ်။

မလာသေးတဲ့ ဆွေးစရာတွေ လာအောင် ဆွေးယူလိုက်ရင်တော့ ဆွေးရမှာသေချာတယ်။ ပူစရာတွေ ရှာလာရင်လဲ ပူရမှာက ကေန္တ။ စွဲပြီးသား ယူပြီးသား မရှိခဲ့တာကို စွဲပြီးသား၊ ယူပြီးသား ဖြစ်ခဲ့သလို ကပိုကယို ပွေ့ပိုက်လို့ ယူလာကြရင်လဲ စိတ်မှာ အမှိုက်ရှုပ်ကုန်ကြမှာပေါ့။

ဒါကြောင့် အဆွေးအပူ အယူအစွဲဆိုတဲ့ ကိလေသာတွေကို ရဲနေအောင် မီးညှိမပေးတော့ဘဲ အေးအေးလေး နေလိုက်တဲ့အခါ အစွဲလဲလွတ်တယ်။ အငြိလဲ လွတ်တယ်။ လွတ်တာဟာ လွှက်ရာရှိလို့ပေါ့။ အဲဒါ ဝိမုတ္တိတရားပါဘဲ။

မစွဲမငြိဘဲ အသိကလေးနဲ့နေတာ စိတ်။

မစွဲရာ မငြိရာ သိစရာတရားက စိတ်ရဲ့အာရုံ။

လောကုတ္တရာစိတ်နဲ့ နိဗ္ဗာန်အာရုံကို 'အကိဉ္စနံ အနာ' ဒါနံ နှစ်ပုဒ်ဖြင့် မြတ်စွာဗုဒ္ဓ ထုတ်ဟာတော်မူထားခြင်း ဖြစ်ပါတယ်။

## အိုနာသေဝဋ် လက်ငင်းလွတ်

"မစွဲမငြိ ဝိမုတ္တိတရားသည် သင်နားခိုစရာ ကျွန်းသာယာဖြစ်၏။ အခြားမှာ ရှာစရာ မလိုပေ။ အိုခြင်း သေခြင်း လက်ငင်း ကုန်ခန်းရာ ထိုကျွန်းသာယာကို နိဗ္ဗာန်ဟူ၍ ငါဟောကြားပေသတည်း။"

အိုနာသေ ဝဲဩဃရေအယဉ်မှ ကယ်တင် လွတ်မြောက်ရာ ကျွန်းသာယာကို လျှောက်ထားတောင်းပန်တဲ့ ကပ္ပလုလင်အား ဘုရားမြတ်စွာက ဝိမုတ္တိတရားတော်ကို ဟောပြပော်မူပါတယ်။

တကယ်တော့ဖြင့် အိုနာသေ ဆိုတာတွေက သဘာဝ။ သဘာဝကို သဘာဝအတိုင်း လက်မခံလိုက်သေးဘဲ ကိုယ်လိုရာ ဆွဲချင်တတ်ကြတယ်။ ဓမ္မတာလမ်း ဖြစ်မြဲတမ်းကို ကိုယ်လိုရာ ဘယ်လိုဆွဲပေမယ့် သူကတော့ ပါလာမှာမဟုတ်ဖူး။ ဆွဲသူများ မှာသာ သို့ယ်ဆွဲတဲ့ကြိုးနဲ့ ကိုယ့်ဘာသာ ထွေးလုံးရစ်ပတ် ဖြစ် ကုန်ကြရတယ်။

"ငါနှယ်နော် အရွယ်ကျတာ မြန်လိုက်လေခြင်း"

"ဒီအနာတွေအကုန်လုံး ငါ့ကိုမှ ရွေးပြီးပေါက်ရသလား"

"ငါတော့ ဘယ်နည်းနဲ့မှ ဒီတောင်က ကျော်နိုင်တော့မှာ မဟုတ်ပါဘူး"

သံယောဇဉ်ကြိုးတွေ တုပ်လျက် မသက်မသာ ဖြစ်ရှာကြရ တယ်။

ဗုဒ္ဓမြတ်စွာနဲ့ အရိယာ သူတော်စင် များမှာတော့ သဘာဝ လမ်းဆိုး၊ ဖြစ်ရိုးဖြစ်စဉ်ကို အပြစ်မြင်တော်မူကြပြီးပြီမို့ လိုရာ ဆွဲပြီး ယူမနေကြတော့ပါဘူး။ သူရယ်လို့လဲမငြိ။ ငါရယ်လို့လဲ မငြိ။ ဒါကြောင့် ပူစရာမရှိတဲ့ ပကတိစိတ်အတိုင်း နေထိုင်တော် မူသွားကြပါတယ်။

---

* အကိဉ္စနံ အနာဒါနံ၊ ဧတံ ဒီပံ အနာပရံ၊
နိဗ္ဗာနမိတိ နံ ဗြူမိ၊ ဇရာမစ္စု ပရိက္ခယံ။
( သုတ္တနိပါတ်ပါဠိတော်၊ပါရာယနသုတ် )

အရှင်မြတ်ကြီးတို့ရဲ့ ရုပ်ခန္ဓာကသာ အချိန်ကျလို့ အိုမယ်။ ပကတိစိတ်ကတော့ မအိုကျွန်းပေါ်မှာ။

အရိယာတို့ရဲ့ ရုပ်ခန္ဓာမှာသာ အနာပေါက်ချင် ပေါက်မယ်။ ပကတိစိတ်ကတော့ မနာဆေးကြောင့် ဘေးကင်းကွာပြီးသား။

အချိန်တန်တဲ့အခါ ရုပ်ရောနာမ်ပါ သေချင်သေပေစေပေါ့။ ဝိမုတ္တိစိတ်ကတော့ အသေလွတ်ရာနဲ့ နေမြဲနေမယ်။

ပကတိစိတ်မှာ အိုနာသေ ဝိပါကဝဋ်ကြီးက။ လွတ်ပြီးသား ကျွတ်ပြီးသား။ လွတ်ပြီးသားကို လွတ်ပြီးသားမှန်းမသိကြလို့သာ အငြိတကျာ ငါအစွဲဆိုတဲ့ ကိလေသာဝဋ်တွေ ပေါ်ပေါက်လာရတယ်။ အစကလွတ်ပြီးသားကိုသိပြီး မငြိဘဲ မစွဲဘဲ နေလိုက်တဲ့ အခါ ကိလေသာဝဋ် မပေါ်လာ။ ဒီအခါ ကိလေသာဝဋ် အဖော်မရှိတော့ဘဲ ကမ္မဝဋ်လဲ စခန်းသိမ်းရပါတော့တယ်။

ဝဋ်အမြဲ ငရဲအပ ဆိုရလောက်အောင် တုပ်နှောင်ထားတဲ့ ဝဋ်(၃)ပါးက ယခုလို လွတ်မြောက်ခွင့်ရတာဟာ ဓမ္မာနုဓမ္မပဋိပတ္တိ ခေါ်တဲ့ သိက္ခာ(၃)ရပ် အကျင့်မြတ်ရဲ့ အကျိုးအာနိသင် ဖြစ်ပါတယ်။

# အခန်း-၃

# သိက္ခာ ၃-ရပ်

## ပေါဓိဥာဏ် ဘက်တော်သားများ

ဂါထာဗန္ဓ၊ တဝါကျဖြင့်၊
ဗုဒ္ဓမိန့်မှာ၊ ကျင့်သိက္ခာကို၊
လိုက်နာကျင့်သူ၊ များ ရှင် လူ၊
နိဗ္ဗူကမ်းသို့ တက်လှမ်းဘို့။ *

ပါရာယန ထုတိဂါထာ တပုဒ်ကို မြန်မာမှုပြုထားခြင်း ဖြစ်ပါတယ်။ သုတ္တနိပါတ်ပါဠိတော်၊ ပါရာယန သုတ္တန်ကြီး နိဂုံးပိုင်းမှာ လာရှိပါတယ်။

ဝိမုတ္တိသာသနာအခါတော်ကြီးနဲ့ကြုံကြိုက်ဆဲမှာ ဗုဒ္ဓသာဝက အစစ် ဖြစ်မြောက်ရေးအတွက် နည်းကောင်းလမ်းမှန် ဓမ္မခန် တခုခု ကြားနာရရင် လုံလောက်ပါပြီ။ ဗုဒ္ဓမြတ်စွာ ချမှတ်ပေးခဲ့တဲ့ ဒီလမ်းစဉ်မှာ တသွေမတိမ်း လိုက်နာ ကျင့်သုံးမှုသာလျှင် အဓိကဖြစ်ကြောင်း ပြဆိုထားပါတယ်။

---

* ဧကမေကာယ ဂါတာယ၊ ယထာ ဗုဒ္ဓေန ဒေသိတံ။
တထာ ယော ပဋိပဇ္ဇေယျ၊ ဂစ္ဆေ ပါရံ အပါရတော။
(သုတ္တနိပါတ်။ ပါရာယနထုတိဂါထာ)

တရားတော်ကို နည်းမှန် လမ်းကျ ကျင့်သုံးရပါရင် သီလသိက္ခာ ပြည့်စုံပြီး ဖြစ်ပါတယ်။ သီလသိက္ခာ ပြည့်စုံရင် ပညာသိက္ခာ၊ သမာဓိသိက္ခာတို့ကို အထူးတလည် ရှာဖွေဆည်းပူးနေစရာမလိုတော့ပါ။ တရားကျင့်သုံးမှုတွင် သိက္ခာ(၃)ရပ်လုံး တကွနက် ပါဝင်ပါတယ်။ ဒီ သိက္ခာ(၃)ရပ်ကိုမျှတခါ ထပ်ပြီး ပွားယူချင်သေးတယ်ဆိုရင်တော့ ဗောဓိပက္ခိယတရား (၃၇)ပါးကို ညွှန်ပြရပါလိမ့်မယ်။

ဗောဓိပက္ခိယဆိုတာ ဗောဓိဉာဏ်ရဲ့ ဘက်တော်သား (ဝါ) အသိဉာဏ်ဖြစ်ပေါ်ရေးအတွက် ထောက်ပံ့ကူညီတဲ့ တရားများဖြစ်ပါတယ်။ ဗောဓိပက္ခိယတရားတွေရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးက ဗောဓိခေါ်တဲ့ အသိဉာဏ် ဝါ)မဂ်ဉာဏ် ဖိုလ်ဉာဏ်။ ဒီဉာဏ်ကလဲ သူ့ဘာသာအလျောက် ပေါ်ပေါက်ရိုး မရှိဘူး။ အသင်းအပင်း ရောင်းရင်းဆွေသဟာတွေ ပါရသေးတယ်။ အပေါင်းအသင်းတွေ ဟာလျှကြီး ပါလာတာကြောင့်လဲ ရန်သူခံတပ်ကို ဖြတ်နင်းကျော်ဖောက်နိုင်ခြင်းဖြစ်ပါတယ်။

ဗောဓိပက္ခိယတရားများကို သရုပ်ပြရရင်။

| | |
|---|---|
| သတိပဋ္ဌာန် | ၄-ပါး၊ |
| သမ္မပ္ပဓာန် | ၄-ပါး၊ |
| ဣဒ္ဓိပါဒ် | ၄-ပါး၊ |
| ဣန္ဒြေ | ၅-ပါး၊ |
| ဗိုလ် | ၅-ပါး၊ |
| ဗောဇ္ဈင် | ၇-ပါး၊ |
| မဂ္ဂင် | ၈-ပါး၊ |

အားလုံးပေါင်း(၃၇)ပါးဖြစ်ပါတယ်။

သရုပ်ခွဲ ဇယားအရ အုပ်စု(၇)မျိုး ခွဲထားတာကြောင့် (၃၇)ပါး စာရင်း ထွက်ရပါတယ်။ တရားကိုယ် သက်သက် ကောက်ယူပါရင် သတိ၊ ဝီရိယ၊ ဆန္ဒ၊ ပညာ၊ သဒ္ဓါ၊ သမာဓိ၊ ပီတိ၊ ကာယ ပဿဒ္ဓိ၊ စိတ္တ ပဿဒ္ဓိ၊ တတြ မဇ္ဈတ္တတာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ စေတသိက်များနဲ့ ဝိညာဏက္ခန္ဓာတို့ ရပါတယ်။

## သတိပဋ္ဌာန် ဉာဏ်၏ရှေ့သွား

အသိဉာဏ် ဗိုလ်ချုပ်ကြီး ဦးဆောင်မှုဖြင့် ရန်သူခံတပ်ကြီး ဖြိုဖျက်ကြရာမှာ တချို့က အားတက်သရော ကိုယ်ထိလက်ရောက် ဖြိုဖျက်ကြပါတယ်။တချို့ကတော့ ဖြိုဖျက်နေသူများကို ရှင်လန်း တက်ကြွ အားရ နှစ်သိမ့်လေအောင် စွမ်းဆောင်ကြပါတယ်။ အားပေးသူရော တိုက်ဖျက်သူပါ နှစ်မျိုးလုံး အသုံးဝင်လှပါ တယ်။ သူတို့အထဲမှာ သတိစေတသိက်ဟာ ရှေ့တန်းအကျဆုံး ပါဘဲ။

> "ရဟန်းတို့၊ သတ္တဝါတို့၏စိတ်ကို သန့်ရှင်းကြည်လင် သည့်အတိုင်း ထားနိုင်ကြစေရန်၊ စိုးရိမ် ပူဆွေး ငိုကြွေး ခြင်းတို့မှ လွတ်မြောက်နိုင်စေရန်၊ နှလုံးမသာ ရင်ပူဆာ ခြင်းတို့ ချုပ်ငြိမ်းကြစေရန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင် မှန် ရကြစေရန်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုကြစေရန် ဤ သတိပဋ္ဌာန်သရား(၄)ပါးသာလျှင် တခုတည်းသော လမ်းကြောင်းကြီး ဖြစ်ပေ၏။"

မဟာသတိပဋ္ဌာနသုတ်ကို စရင် စခြင်း ဗုဒ္ဓမြတ်စွာက သတိ ပဋ္ဌာန် ဂုဏ်အင်ကို ထုတ်ဖော်တော်မူလိုက်ပါတယ်။

သတိပဋ္ဌာန်(၄)ပါးဆိုသော်လဲ တရားကိုယ်အားဖြင့် သတိစေတသိက်တခုသာ ဖြစ်ပါတယ်။ ပဋ္ဌာန သဒ္ဒါက ကောင်းစွာထင်ခြင်းအနက် ဟောတာကြောင့် ကောင်းစွာထင်သောသတိ။ သိစရာ မြင်စရာကို ထင်ထင်ရှားရှား၊ ကွဲကွဲပြားပြား၊ ခြားခြားနားနား သိနိုင် မြင်နိုင်စေဖို့ ရှေ့ဆောင်ပြုပေးတဲ့ တရားပါဘဲ။

သတိဂုဏ်အင် ထုတ်ဆောင်ပြတာ ဒီဟာဌာနသာ မဟုတ်ပါဘူး။ ပိဋကတ်တော် နေရာများစွာမှာ အခွင့်သင့်တိုင်း သင့်တိုင်း ထုတ်ဖော်ထားတာ တွေ့ရှိရပါတယ်။ လိုရင်းကတော့ အထက်ပါအတိုင်းချည့်ပါဘဲ။ သတိရှေ့ဆောင် ဥာဏ်အလင်းရောင်ပေါ်စေဖို့ကိုဘဲ အနည်းနည်း အဖုံဖုံ နှိုးဆော်ထားပါတယ်။

သတိပဋ္ဌာန်(၄)ပါး ပြားရခြင်းမှာ ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မဆိုတဲ့ အာရုံ(၄)ပါးအရ ခွဲခြားပြခြင်းဖြစ်ပါတယ်။ သရုပ်တရားကိုယ်ကတော့ သတိစေတသိက် တခုသာ။ အခန်းတွေ၊ အပိုင်းတွေအသီးသီးနဲ့ဖော်ပြထားတဲ့ ရှုမြင်သုံးသပ်ပုံများဟာလဲ သတိ ဆေးတော်ကြီးကို ရေလဲအမျိုးမျိုးနဲ့ အသုံးပြုနိုင်ကြဖို့ ဖြစ်ပါတယ်။

## သတိနဲ့ သမ္မာသတိ

သတိဆိုတာ ပိုတယ်လို့မရှိပါဘူး။ လောကီကိစ္စ လူ့ဘဝအရေးအခင်းများမှာ သတိရှေ့ဆောင်ရင် ကြံတိုင်း အောင်ပါတယ်။ သတိရှေ့ထားမှ အမှားကင်းကြပါတယ်။ သတိသာမထားကြရင်တော့ လုပ်တိုင်း ကိုင်တိုင်း ပြောတိုင်း ဆိုတိုင်း

အမှားတွေတတ်ကြပါတယ်။ လူကြီး သူမမြဲများ ပြောတတ်တဲ့ ပက်ကျိ မျှားလို သွားလေရာ အရာနဲ့ကြောင်း ကြောင်း စကားပုံမှာ သတိလက်ကိုင် မခိုင်မြဲသူများအတွက်ဖြစ်ပါတယ်။

လောကီကိစ္စများမှာ ဒါလောက် သတိ အရေးကြီးနေမှ တော့ လောကုတ္တရာအတွက်ဆို ပြောစရာ မလိုတော့ပါဘူး။ ပိုလို့ပင် အရေးကြီးပါသေးတယ်။ လောကီကိစ္စမှာလို ရိုးရိုး သတိနဲ့ မလုံလောက်ပဲ သမ္မာသတိဆိုတဲ့ မဂ္ဂင်ထိုက်တဲ့ သတိနဲ့မှ လောကုတ္တရာကိစ္စကြီး အောင်မြင်နိုင်ပါတယ်။

တချို့တလေ ပြောတတ်ကြတယ်။ "ရထားပေါ် ခါးပိုက် နှိုက်တွေ သိပ်သောင်းကျန်းတာဘဲ။ ငါ့ဖြင့် ပါလာတဲ့ ပိုက်ဆံ အိတ်လေး ပါမသွားဘို့ သတိထားလိုက်ရတာ"။ဒါ သတိတော့ ဟုတ်ပါတယ်။ သူတပါးက မိမိကို ကျိုးယုတ်ရှက်ကွဲ မပြုနိုင် အောင်၊ လမ်းသွားတဲ့အခါ ကား၊ရထား အန္တရာယ် လွတ်ကင်း လေအောင် သတိဆောင်ကြရပါတယ်။

ဒါပေမယ့် လောကုတ္တရာကိစ္စမှာတော့ ဒီသတိမျိုးက အကျိုး မများလှပါဘူး။ သမ္မာဆိုတဲ့ ဂုဏ်ထူးပါတဲ့ သတိကမှ အကျိုးပြု ပါတယ်။ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ရေးအတွက် သမ္မာ သတိကမှ ကျေးဇူးပြုနိုင်ပါတယ်။

သမ္မာသတိကို တိုက်ရိုက် မြန်မာပြန်ရင် မှန်သောသတိလို့ ဆိုရပါလိမ့်မယ်။ဒါဖြင့် ဘယ်လိုမှန်သလဲဆိုတော့ စိတ်နဲ့အာရုံ၊ အာရုံနဲ့စိတ် ဘယ်ဒင်းက အရင်းခံ။ဘယ်ဒင်းက တဆင့်ခံဆိုတာ ထင်ထင် ရှားရှား၊ ကွဲကွဲ ပြားပြား၊ ခြားခြားနားနား သိနိုင် အောင် ရှေ့ရှုဆောင်ပေးတဲ့သဘောပါဘဲ။

## ကျွတ်တမ်းဝင် မယ်ခေမာ

မဟာသတိပဋ္ဌာနသုတ် တသုတ်လုံး ခြုံပြီး ကြည့်လိုက်ရင် ဒီဘောကိုဘဲ တွေ့ရပါလိမ့်မယ်။ ကာယာနုပဿနာ အခန်းနဲ့ ဓမ္မာနုပဿနာအခန်းက ဝါချုံနေရာတွေမှာ ရုပ်တရားကို ဦးစား ပေးထားတာ ရှိပါတယ်။ ဒါတွေကလဲ ရူပကာယအပေါ်မှာ အစွဲအလမ်းကြီးလှတဲ့ မယ်ခေမာတို့လို သာဝကများအတွက် ဖြစ်ပါတယ်။ ရူပကာယကို အကြောင်းခံတဲ့ တဏှာမာန ဒိဋ္ဌိတွေ လျော့ပါးပြီး တရားဘက် သက်ဝင်အောင် လမ်းကြောင်းပေး ရုံမျှသာ ရှိပါသေးတယ်။

ဒီ ကိုယ်ကာယ ရုပ်ကောင်ကြီးကိုဖြင့် ဘယ်လိုဘဲရှုရှု ဘယ် လိုဘဲမြင်မြင် အများဆုံး အသုဘ ဘာဝနာနဲ့ စျာန် ရနိုင်တာက လွဲလို့ လောကုတ္တရာအဆင့်ကို မတက်နိုင်ပါဘူး။

ဒါဖြင့် အာရုံဖြစ်တဲ့ ရုပ်ပေါ်မှာ အစွဲအလမ်း ကြီးလှတဲ့ မယ်ခေမာ ဘာပြုလို့ ကျွတ်တမ်းဝင်သွားပါသလဲ။

ဘုရား ကျောင်းဒကာ ဘုရင်ဗိမ္ဗိသာရရဲ့ မိဖုရား ဖြစ်ပေမယ့် မယ်ခေမာက ကျောင်းတော်ကိုမသွားဘူး။ ကျောင်းကိုသွားရင် ဘုရားနဲ့တွေ့မယ်။ ဘုရားဆိုဟာ ရူပကာယ အပုပ်ကောင် ရုပ် ဆောင်ထားတာ ဘာညာနဲ့ အပြစ်ဆိုတတ်ဟယ်လို့ သူက တဆင့် စကား ကြားထားတယ်။ သူကိုယ်ဘ်က လှလှပလို၊ ကျကျနန တသသ ဝတ်စားနေတာဆိုတော့ သူနဲ့ကျောင်းတော်နဲ့ ပနံမရ။ ကျောင်းတော် သွားစရာမလို။

ဒါပေမယ့် တနေ့သ၌ ဥယျာဉ်တော် အပျော်ကျူးနေတုန်း ဘုရင်ကြီးဆီက အမိန့်စာရောက်လာတယ်။မယ်ခေမာ ကျောင်း

တော်မရောက်ပဲ နန်းတော် ပြန်မလာရတဲ့။ ဒီတော့ စိတ်မချမ်းမသာနဲ့ မယ်ခေမာ ဘုရားရှေ့တော်မှောက် ရောက်လာခဲ့ရတယ်။ လာတုန်းကသာ စိတ်မချမ်းသာရတယ်။ ရှေ့တော်မှောက် ရောက်တဲ့အခါကျတော့ စိတ်မချမ်းမသာဖြစ်ဖို့ကိုဘဲ မေ့လျော့ပြီး သွားရတော့တယ်။

အဆင်း၊ အရွယ်၊ အသွေးအသား၊ ဝတ်စားဆင်ယင်မှုမှစပြီး သူ့ထက် အစစအရာရာ သာလွန်တဲ့မိန်းမပျိုတယောက်။ ရှာမှရှားတဲ့ အလှ ရတနာလေးက ဗုဒ္ဓမြတ်စွာကို ယပ် လေခပ်လို့ ပူဇော်နေတယ်။ ဣန္ဒြေသမ္ပတ္တိပြည့်စုံပြီး အမျိုးဇာတ် မြင့်မြတ်သူမို့ ထင်ပါရဲ့။ ဘုရင့်မိဖုရား ရောက်လာတာကိုဘဲ မျက်လွှာတချက် တိမ်းယိမ်းမလာဘဲ ယပ်ခပ်မြဲခပ်နေတယ်။

ဣန္ဒြေရှင်ကလေးက တည်ငြိမ် သလောက် မယ်ခေမာမှာ အသက်ရှူမှားမတတ် ဖြစ်နေရတယ်။ ကိုယ်တိုင်က အလှအပကို မြတ်နိုးသူပီပီ အလှရှင်ကလေးကို မြတ်နိုးခုံမင်စွာ ကြည့်နေမိတယ်။ ကြည့်ရင်းကြည့်ရင်းမှာဘဲ သူ့ရဲ့မာန်မာန လျော့ဆင်းလာရတယ်။ "ဩော် လောကမှာ ငါသာလျှင်အလှဆုံး။ ငါသာလျှင် အချောဆုံး။ စည်းစိမ်တန်ခိုး မျိုးရိုးဇာတိအရ ငါ့ထက်သာသူ မရှိလို့ မှတ်ယူခဲ့ပေမယ့် ဒီနေ့တော့ မယ်ခေမာထက် အဆများစွာ သာလွန်သူရှိနေပါပေါ့လား။"

"ကိုယ်ကသာ ရှိသမျှ ဂုဏ်ပုဒ်ကလေးများနဲ့ ဘုရားကျောင်းတော်ကို ရှောင်လွှဲနေတယ်။ ကိုယ့်ထက်သာသူကလေးကတော့ ရှေ့တော်မှောက်မှာ ရောက်နှင့်နေပြီ။"

မာန်မာနကျဆုံးရတဲ့ မယ်ခေမာဟာ ကိုယ့်ဘာသာ ရှက်လဲ ရှက်မိတယ်။ ဗုဒ္ဓမြတ်စွာကိုလဲ ပိုမိုအထင်ကြီးလာမိတယ်။ တုန္နိုင်း

မရတဲ့ အချောအလှကလေးရဲ့ ပူဇော်ခြင်းကို စိတ်နှလုံး သန့်ရှင်းစွာ ခံယူတော်မူနေနိုင်တာ တွေ့ရလို့ သူကြည်ညိုလာမိတယ်။ အဲဒီအခိုက်အတန့်ကလေးမှာဘဲ သူ့အထင်ကြီးတဲ့၊ မြတ်နိုးတဲ့၊ သူ့မာနတွေ ရိုက်ချိုးလိုက်တဲ့အလှရှင်ကလေးဟာ တစတစ အလှအပတွေ ယိုယွင်းပြီး အိုမင်းရွတ်တွ၊ အသုဘကောင်ကြီး ဖြစ်သွားတော့တယ်။

## အလှဘယ်မှာ ရှိပါသလဲ

မယ်ခေမာ ကျွတ်တမ်းဝင်ရတာ အဲဒီ အသုဘကောင်ကြီးကြောင့်။ ဒါဟာ အားလုံးကို သိမ်းကြုံးဆိုတဲ့ အဆိုဘဲ။ ဒီထက်နဲနဲဆစ်လိုက်လို့ရှိရင် စံနိုင်းမရတဲ့ အလှရှင်ကလေးမှာပင် မြင်ဆဲခဏ အသုဘဖြစ်ရချေပြီ။ ငါ့ရုပ်ခန္ဓာမှာလဲ ဒီလို ပျက်စီးယိုယွင်းခြင်းသဘော ရှိပါကလားလို့ ကာယာနုပဿနာထဲက သိဝထိကပဗ္ဗအရ နှလုံးသွင်းလာမိတယ်။ ဒါနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရောလားဆိုတော့ မဟုတ်သေးပါဘူး။

ကိုယ်ကာယကို ရှုတာ ကာယာနုပဿနာ။ နိဗ္ဗာန်သိမှ မဂ်ဉာဏ်ပေါ်တာ။ နိဗ္ဗာန်သိဘို့ မြင်ဘို့ကြားမှာ တဆင့်ရှိသေးတယ်။ အဲဒါဘာလဲ။ စိတ်။ အလှဘုရင်မ မယ်ခေမာရဲ့စိတ်။ ကိုယ့်ကိုယ်ကို ချောတယ် လှတယ်လို့ သတ်မှတ်ထားတဲ့စိတ်။

မယ်ခေမာဟာ ကိုယ့်ကိုယ်ကို ချောတယ်လှတယ်လို့ ဘာပြုလို့ သတ်မှတ် နိုင်ပါသလဲ။ နန်းတွင်းသူ အပျိုတော်တွေက ချီးမွမ်းခန်းဖွင့်ကြလို့။ ဘုရင်က ကြည်ဖြူလို့။ ကြေးမုံပြင်မှာ ကိုယ့်ရုပ်သွင် ကြည့်ရမြင်ရလို့။

မိဘနှစ်ပါးဆီက အမွေရလာတဲ့ ဒီရုပ်သွင်ဟာ အချိုးတဲ့ရင်တဲ့သလို။ မတဲ့ရင် မတဲ့သလို။ ညိုချင်ညို။ ဖြူချင်ဖြူ။ သူကတော့ ငါချောပါတယ်။ လှပါတယ်။ မဆိုလာပါဘူး။ အဲဒီအပေါ်မှာ ငါဆိုတဲ့စိတ်ကလေးက ကပ်လာခါမှ ငါချောတယ်။ ငါလှတယ်ဆိုတာ ဖြစ်လာရတယ်။ တဏှာမာနဒိဋ္ဌိတွေ ကပ်လာမှ အချောအလှတွေ ပေါ်လာရတယ်။

တကယ်တော့ဖြင့် အချောအလှဆိုတာ စိတ်ရဲ့ သတ်မှတ်ထားချက်မျှသာ ဖြစ်ပါတယ်။ ကိုယ့်စိတ်သဘောနဲ့ တွေ့ရင် ချောတယ်၊ လှတယ်။ ကိုယ့်စိတ်သဘောနဲ့ မတွေ့ရင်တော့ မချောမလှ။ ခုခေတ်ထဲမှာ လူကြီးများနဲ့လူငယ်တွေ ပဋိပက္ခဖြစ်နေရတာလဲ အဲဒီအလှပြဿနာဘဲပေါ့။

လူငယ်တွေက ခေတ်ကာလအလျောက် ကြောင်ကြောင်ကျားကျား၊ ဆံပင်ဖားလျားနဲ့ ဝတ်စား ဆင်ယင်နေကြတယ်။ ဒီလိုနေမှလဲ သူတို့အချင်းချင်းက ဟုတ်တယ်ထင်ကြတယ်။ ဒါကို လူကြီးတွေရဲ့ မျက်စိက ကြည့်မရဘူး။ မြန်မာပီပီ သပ်သပ်ယပ်ယပ် ဝတ်လိုစားလို နေစေချင်ကြတယ်။ အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ဒီနေရာမှာ လူကြီးများဘက်က ကောက်ခံရမှာအမှန်ဘဲ။ ဒါပေမယ့် သစ္စာနည်းကျ ကြည့်ရင်တော့ နှစ်ဖက်စလုံးမှန်တယ်၊ မှန်လျက်နဲ့ မှားနေကြပါတယ်။

လူငယ်တွေက လူငယ့်အကြိုက်နဲ့ကြည့်၊ ကိုယ်လုပ်သမျှ မှန်တာပေါ့။ လူကြီးတွေများကလဲ မြန်မာပီပီ တည်တည် ခန့်ခန့် ဝတ်စားစေချင်လို့ သူတို့ဆုံးမသမျှမှန်တာဘဲ။ ဒါပေမယ့် တကယ်ဘန်း ကိုင်စမ်းဖမ်းလို့ မရ။ စိတ်က သတ်မှတ်ထားတဲ့ ပုံဟန်သဏ္ဌာန်ကိုဘဲ တကယ် အရှိပမာ မှတ်ယူထားကြ လေတော့

(ဝါ) အလှအပရဲ့ အရင်းမူလဟာ စိတ်ပါဘဲကလားလို့ မသိကြလေတော့ နှစ်ဖက်စလုံး မှားပါတယ်။ မှန်တာက သမုဒယကြောင့် ဒုက္ခဖြစ်တာ။ မှားတာက အဝိဇ္ဇာ။

## စိတ်သာရှင်စော ဘုရားဟော

မယ်ခေမာကျွတ်တမ်းဝင်တာ အဲဒီအမှားကို အမှားမှန်းသိလို့ပါဘဲ။ "ဪ ဒီမိန်းကလေးရဲ့ ရုပ်ခန္ဓာနဲ့ ငါနဲ့ ဘာထူးသေးသလဲ။ ငါ့ရှေ့မှာဘဲ သူကလေးပျက်စီးသွားရ သလို ငါလဲဘဲ ပျက်စီးရအုံးမှာဘဲ။ ချောတယ်၊လှတယ်၊ စည်းစိမ်တန်ခိုးမျိုးရိုးဇာတိ ကောင်းလှတယ်ဆိုဟာ တကယ်တန်းကျတော့ ကိုင်စမ်းဖမ်းလို့ မရနိုင်ပါကလား။ စိတ်ဖန်တီးရာအာရုံအဖြစ်နဲ့လူတွေကို လှည့်စားနေတဲ့တန်လှပ်ပမာ၊ မရေရာတဲ့ အမျိုးတွေပါကလား"

ဒီလိုဆင်ခြင်လိုက်တော့ အလှဘယ်မှာ ရှိသလဲဆိုတာ သူရိပ်မိသွားတယ်။ အလှအပရစ်မူးခြင်းတို့ရဲ့ အရင်းခံလက်သယ်ကို ဆွဲကိုင်မိသွားတယ်။ စည်းစိမ်ရစ်ကာ လူတန်းစား ခွဲခြားမှုရဲ့ အရင်းမူလကို ဖော်ထုတ်မိတယ်။ ဒီလောဘ၊ မာန၊ ဒိဋ္ဌိ ဒါတွေဘဲ။ သူတို့ခြံရံထားတဲ့စိတ်ပဲ။

ဒါကြောင့် မြတ်စွာဘုရားက မဟာပတိပဋ္ဌာနသုတ်မှာ–

> "ရာဂနှင့်တကွ ဖြစ်သောစိတ်ကို ရာဂနှင့်တကွ ဖြစ်သောစိတ်ဟု သိပါစေ။ ရာဂ ကင်းသောစိတ်ကို ရာဂကင်းသောစိတ်ဟု သိပါစေ"

စသဖြင့် စိတ်ကိုဦးစားပေးပြီး ဟောထားခဲ့တာပေါ့။

သတိမမူတော့ ဂူမမြင်ဆိုတဲ့အတိုင်း သတိလက်ကိုင် မခိုင်မြဲကြလေတော့ မူလပင်မကို မမြင်တတ်ကြဘူး။ သားတွေ သမီး

တွေ၊ အိမ်တွေ ယာတွေ၊ ရွှေတွေ ငွေတွေ ဒီအာရုံတွေကြောင့် ဒုက္ခဖြစ်ကြရတယ်။ ဒါတွေကြောင့် တရားနာလေးမှ မသွားနိုင်ဘူး ဆိုတတ်ကြတယ်။ အမှန်ကတော့ ဒါကိုယ့်ကိုယ်ကို လှည့်စားနေတာပါဘဲ။

လူတွေဟာ သူများကို ကိုယ်ကလိမ်မှ၊ ဒါမှမဟုတ်၊သူများက ကိုယ့်ကိုလိမ်လိုက်မှ၊ လိမ်မှန်းသိကြတယ်။ ကိုယ့်ကိုယ်ကို ပြန်လိမ်နေမိကြတယ်တော့ မရိပ်မိကြဘူး။ ကိုယ့်စိတ်က ကိုယ့်ကို လှည့်စားပြီး ကျွန်လုပ်ခိုင်းနေတာတော့ ရုန်းထွက်ရကောင်းမှန်း မသိဘူး။ မသိတာ အစရှာလိုက်တော့ သတိမမူခြင်းသာ ဖြစ်ပါတယ်။

ကဲ ဒါဖြင့် ဆိုကြပါစို့။ မြတ်စွာဘုရား ဟောတဲ့အတိုင်း အလှအပရဲ့ အရင်းခံစိတ်(ဝါ) ရာဂနဲ့တကွဖြစ်တဲ့ စိတ်ကို ရိပ်မိပါပြီတဲ့။ သွားလေရာ လှည့်စားနေတဲ့ စိတ်အလိမ်သမားလေးကို လက်ပူးလက်ကြပ် ဖမ်းမိပါပြီတဲ့။ အဲဒီစိတ်ကို သိတာနဲ့ နိဗ္ဗာန်ရရောလား။

## ဆရာ့အထင်နှင့် တပည့်အမြင်

စိတ်ကိုသိတာ စိတ္တာနုပဿနာရှိသေးတာပေါ့။ နိဗ္ဗာန်ဆိုတာက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဲ့အာရုံ။ စိတ္တာနုပဿနာဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် မဟုတ်သေးပါဘူး။ ကောကုတ္တရာမဂ်ရဲ့ ရှေ့သွားလောကီမဂ်မျှသာ ရှိပါသေးတယ်။

ဒီနေရာမှာ အယူအဆ ကွဲလွဲနိုင်ပါတယ်။ ရှေးတုန်းကလဲ ကွဲလွဲခဲ့ကြဘူးသားဘဲ။ ပိဋကတ်သုံးပုံဆောင်ဖြစ်ကြတဲ့ စူဠနာဂမထေရ်နဲ့ စူဠသုမမထေရ်တို့ဟာ ဆရာတပည့် အရင်းအချာ။

စူဠနာဂမထေရ်ကတပည့်။စူဠသုမ မထေရ်ကဆရာ။ ဆရာဖြစ်သူက သတိပဋ္ဌာန်ဟာ မိဿကမဂ် (ဝါ)လောကုတ္တရာ တရားနဲ့ ရောလျက် မဂ္ဂင်ထိုက်တဲ့ သမ္မာသတိလို့ အမိန့်ရှိတယ်။ တပည့်ကတော့မိဿကမဂ်မဟုတ်သေးပါ။ လောကုတ္တရာမဂ်ရဲ့ရှေ့သွား၊ ပုဗ္ဗဘာဂမဂ်မျှသာဖြစ်သေးတဲ့အကြောင်း လျှောက်ထားတယ်။

ဒီပြဿနာဟာ ဒီမှာပြီးပြတ်မသွားဘူး။နောက်နေ့နောက်နေ့များထိ ဆက်နေပါတယ်။ ဆရာဖြစ်သူက မိဿကမဂ်လို့ အမိန့်ရှိတဲ့အခါ တပည့်က မိဿကမဂ် မဟုတ်သေးဘူး။ ပုဗ္ဗဘာဂမဂ်သာ ဖြစ်သေးကြောင်း အခိုင်အမာ လျှောက်ထားတယ်။

နောက် ပြောဖန်များလာတော့ တပည့်က ပြန်မလျှောက်ပဲ နှုတ်ဆိတ်နေရတော့တယ်။ ဆရာနဲ့ မပြိုင်မဆိုင်ချင်လို့သာ နှုတ်ဆိတ်နေတာ။ သူ့အယူအဆကို စွန့်လွှတ်တာမဟုတ်ဖူး။

ဒါနဲ့ အဲဒီနေ့ကလဲ ပြဿနာ မပြီးပြတ်ပဲ နေရာက ထခဲ့ကြရတယ်။ ဆရာဖြစ်တဲ့ စူဠ သုမမထေရ်ဟာ ရေချိုးအိမ်ဆီ တပါးတည်း လှမ်းလာရင်း စဉ်းစားခန်း ဝင်လာတယ်။ "တပည့်ဆိုဟာ ဆရာနဲ့ အတိုက်အခံလုပ်ခဲဘိခြင်း။ တော်ရုံတန်ရုံ ပြဿနာဆိုရင် သဘောမကျပေမယ့်လဲ ဆရာ့အပေါ် ရိုသေသမှုနဲ့ အလျော့ပေးစမြဲပါ။ အခုတော့ ဒီက မိဿကမဂ်ဆိုရင် သူက ပုဗ္ဗဘာဂမဂ်။ တခါလဲ မဟုတ်။ နှစ်ခါလဲ မဟုတ်။ နောက်ဆုံးမှ နှုတ်တုန့်မပြန်ဘဲ နေတော့တယ်။သူ့ဘက်က ခိုင်မာတဲ့ အထောက်အထား တခုခုရှိနိုင်တယ်"။

တွေးရင်းတောရင်း လမ်းလျှောက်ရင်းက မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို အစကအဆုံးထိ သုံးသပ်ကြည့်လိုက်တော့ တနေ့ကို ဘွားကနဲ သတိထားလိုက်မိတယ်။

"ရဟန်းတို့ အမှတ်မရှိ တစုံတယောက်သော တပည့် သာဝကသည် သတိပဋ္ဌာန် လေးပါးတို့ကို ငါဘုရား ဟောကြားသည့်အတိုင်း ပွားများ ပါလျှင် ၇-နှစ်မျှဖြင့် အရဟတ္တဖိုလ်ကို ရနိုင်၏။ အရဟတ္တဖိုလ် မရသေးလျှင် အနာဂါမိဖိုလ် ရနိုင်၏။"*

မဟာသတိပဋ္ဌာနသုတ်အတွက် မြတ်စွာဘုရားရဲ့ အာမခံချက် ဖြစ်ပါတယ်။ ဒီနောက်မှာ အချိန်ပိုင်းလျှော့လျှော့ပြီး (၇)ရက် နဲ့ဘဲ ရနိုင်ကြောင်း အာမခံတော်မူပါတယ်။ ဒီနေရာမှာ စူဠသုမ မထေရ် စဉ်းစားမိတာက "ကောကုတ္တရာမဂ်ဆိုတာ စိတ္တက္ခဏ တကြိမ်မျှသာ။ (၇)ရက် (၇)လ (၇)နှစ် ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး။ တပည့်ဖြစ်သူ တွေ့မြင်ထားတဲ့အတိုင်း သတိပဋ္ဌာန်ဟာ ပုဗ္ဗဘာဂမဂ်သာ ဖြစ်တယ်"။

စိတ်သဘောထား ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးများ ဆိုတော့ အများသံဃာ စည်းဝေးနေတဲ့ တရားပွဲကြီးထဲမှာ ဆရာဖြစ်သူက တပည့်ထံမှာ သူ့အယူအဆမှားကြောင်း ဝန်ခံတော်မူပါတယ်။

**ပုဗ္ဗဘာဂမဂ်မှ မိဿကမဂ်သို့**

ဒီတော့ သတိပဋ္ဌာန်ဟာ လောကီဘက်က သတိ (ဝါ)ပုဗ္ဗ ဘာဂမဂ်အဆင့်မှာသာ ရှိပါသေးတယ်။ သမ္မာသတိဆိုတဲ့ လော ကုတ္တရာမဂ် (ဝါ)မိဿကမဂ် မဟုတ်သေးပါဘူး။

ဒါဖြင့် ပုဗ္ဗဘာဂမဂ်ကနေ မိဿကမဂ်ကို ဘယ်လို ကူးရပါ့ မလဲ။ လောကီဘက်က လောကုတ္တရာစခန်း ဟက်လှမ်းနိုင်တယ် ဆိုတာ နိဗ္ဗာန်ကို သိလိုက်မြင်လိုက်ခြင်းသာဖြစ်ပါတယ်။

---

* ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ။

နိဗ္ဗာန် သိရေး မြင်ရေးအတွက် မယ်ခေမာကို မြတ်စွာဘုရားက ပထမဦးစွာ အလှမာန်ယစ်မှုရဲ့ အပြစ်ကို ပြတော်မူတယ်။ တန်ခိုးတော်နဲ့ ဒေသနာတော်စွမ်းအား နှစ်ခုပေါင်းပြီး မာန်မာနအစိုင်အခဲကို ဖြိုဖျက်တော်မူတယ်။ ဒီနောက်မှ ဆက်လက်ပြီး ဟောကြားတော်မူတာက—

“လှဂုဏ်တင့်စွာ မယ်ခေမာ၊ သဏ္ဍာန်နိမိတ် အရိပ်မထင်သည့် ဘာဝနာကို ပွားများစမ်းပါ၊ အကြောင်းပြု၍ ဖြစ်လာကြသည့် လှဂုဏ်လှမာန်တွေ ပယ်စွန့်လိုက်စမ်းပါ။ အကြောင်းပြုပေးမှ ဖြစ်လာကြရသည့် သည်မာန်မာနတို့သည် အကြောင်းပြုမပေး၍ ငြိမ်းအေးသည့်သဘော ရှိကြ၏။ ငြိမ်းအေးနေသည့် မာန်မာနတို့ကို ငြိမ်းအေးသည့်အတိုင်း ထားလိုက်လေ၍ ငြိမ်းအေးသည့် သန္တိသုခကို သင်ကိုယ်တိုင် တွေ့ရပါလိမ့်မည်”။ *

လှဂုဏ်တင့်တဲ့ မယ်ခေမာဟာ သူ့ကို လှည့်စားနေတဲ့ စိတ်ကလေးကို ရိပ်စားမိပါပြီ။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ပွားများမိပါပြီ။ ဒီနောက် မြတ်စွာဘုရား ဩဝါဒအတိုင်း ဆက်လက်ပြီး ကျင့်သုံးကြည့်လိုက်တဲ့အခါ—

---

* အနိမိတ္တဉ္စ ဘာဝေဟိ၊ **မာနာ**နုသယ မုဇ္ဇဟ။
**တတော မာနာ**ဘိသမယာ၊ ဥပသန္တော စရိဿတိ။

(သုတ္တနိပါတ်ပါဠိတော်။ ပါရာယနသုတ်)

"ငါရယ်လို့ သတ်မှတ်ထားတဲ့ ဒိဋ္ဌိ၊ တယ်လှတဲ့ ငါပါလား ရယ်လို့ တွယ်တာမိတဲ့ တဏှာ၊ ငါ့လောက်ချောတာ ဘယ်မှာ ရှိမလဲလို့ လွှဲမှားတဲ့ မာန၊ ဒါတွေ စိတ်က တွေးလို့ တောလို့ ထူထောင်ပေးလို့ ဖြစ်လာတာတွေဘဲ။ စိတ်ကသာ မတွေးဘဲနဲ့ အေးအေးဘဲနေလိုက်တော့ ဒါတွေ ချုပ်ပျောက်ငြိမ်းလို့ ဇာတ် သိမ်းနေကြပါတယ်။

"ဖြစ်အောင်ကတော့ စိတ်ကပြုပေးရတယ်၊ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းနေတာက သူ့အလိုလို နဂိုရှိ"

"နဂိုရှိကို အရှိအတိုင်း သိလိုက်တာကလွဲလို့ ငါ့အနေနဲ့ ပြုပေးစရာ ဖန်တီး ပေးနေစရာ ဘာဆို ဘာမှ မလိုတော့ပါ ကလား"။

ဒါဟာ သတိကနေ သမ္မာသတိ အဆင့် လှမ်းတက်လာခြင်း ဖြစ်ပါတယ်။သမ္မာသတိဖြစ်လာပြီဆိုရင် သမ္မာဝါယာမနဲ့ သမ္မာ သမာဓိတို့လဲ တကွနက် ပါဝင်ပြီးပါပြီ၊ တနည်းအားဖြင့် အဓိ စိတ္တသိက္ခာကြီး ပြီးပြည့်စုံပြီး ဖြစ်ပါတယ်။

## မဆုတ်မနစ် အားသင်တဲ့သဘော

အဓိစိတ္တသိက္ခာမှာ သမ္မာသတိ၊သမ္မာဝါယာမနဲ့ သမ္မာသမာဓိ စတဲ့ မဂ္ဂင်(၃)ပါး ပါဝင်ပါတယ်။ သမ္မာဝါယာမဆိုတာ တရား ကိုယ်အားဖြင့် ဝီရိယစေတသိက်ပါဘဲ။ (အသံသီဒ]ပစ္စုပဋ္ဌာန်) လို့ အဋ္ဌသာလိနီအဋ္ဌကထာ ဖွင့်ပြတဲ့အတိုင်း မဆုတ်မနစ် အား သစ်တဲ့ စေတသိက်အဖြစ် သာဝကတို့ နားလည်သဘောက်ထား ကြပါတယ်။

မဆုတ်မနစ် အားသစ်တဲ့ သဘောမှာ ရှေက သမ္မာသဒ္ဓါ ပါလာတာကြောင့် သတ္တကိစ္စ အတ္တကိစ္စ မပါ။ သူ့အနေ ငါ့အနေနဲ့ ကြောင့်ကျဗျာပါဒ စိုက်မနေရဘဲ ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်နဲ့တကွ ဖြစ်ပေါ်လာတဲ့ (ဝါ) ဉာဏ်နဲ့ယှဉ်ထားတဲ့ အားသစ်ရှင်လန်းခြင်း ဖြစ်ပါတယ်။

သမ္မာဝါယာမကို သဒ္ဒါနည်းအရ မြန်မာဘာသာနဲ့ အသံထွက်လိုက်ရရင် (မှန်ကန်သောအားထုတ်ခြင်း)လို့ ရွတ်ဆိုရပါ လိမ့်မယ်။ ဒီလို အသံထွက် နောက်ကိုသာ တိုက်ရိုက်လိုက်ပါ နေရင်တော့ သမ္မာဝါယာမရဲ့ ဆိုလိုရင်းအနက်ကို သဘော ပေါက်ဖို့မလွယ်ပါ။ အထက်ပါ အဋ္ဌကထာကြီး ဖွင့်ပြထားတဲ့ အတိုင်း မဆုတ်မနစ် အားသစ်တဲ့ သဘောကို ယူပါမှ မဂ္ဂင် ထိုက်တဲ့ သမ္မာဝါယာမကို ရပါလိမ့်မယ်။

အသံထွက်နဲ့ အနက်အဓိပ္ပါယ် နေရာတိုင်း မညီမျှနိုင်ပါဘူး။ တူတဲ့နေရာရှိသလို မတူတဲ့နေရာလဲ ရှိပါတယ်။ ဝီရိယစေတသိက်ရဲ့ (အားထုတ်ခြင်း) အသံထွက်ဟာ လောကီဆိုင်ရာမှာ ညီမျှပါ တယ်။ သတ္တကိစ္စ အတ္တကိစ္စနဲ့တကွ သူ့အနေ ငါ့အနေနဲ့ ကြောင့်ကြဗျာပါဒ စိုက်ထုတ်မှု မှန်သမျှဟာ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ပါဘဲ။ အဝိဇ္ဇာအကြောင်းခံပြီး ဖြစ်လာရတဲ့ သင်္ခါရ တွေထဲမှာ အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်မှုတွေမှာ ဆိုရင် အားထုတ်မှုသဘော ပိုလို့ပင်ထင်ရှားပါသေးတယ်။

သမ္မာဝါယာမ ဆိုတာ လောကုတ္တရာမဂ္ဂင် ဖြစ်လေတော့ အဝိဇ္ဇာ လက်တွင်းက လွတ်ကင်းဘို့ လိုပါတယ်။ အဝိဇ္ဇာရဲ့ အနှောင်အဖွဲ့ မပါဘဲ မဆုတ်မနစ် အားသစ်တဲ့သဘော ဖြစ်ဖို့ လိုပါတယ်။ သဒ္ဒါနည်းအရ အသံထွက် ရွတ်ဆိုဟာထက် အနက်

အခိပ္ပါယ် ထိမိဘို့က ပိုပြီးအရေးကြီးပါတယ်။ သိရေး မြင်ရေး ကျေးဇူးပြုတဲ့ တရားတွေထဲမှာ ဝီရိယတခုထဲ ထူးထူးကဲကဲ အား ကောင်းနေလို့ အရာမရောက်ပါဘူး။

## အရှင်အာနန္ဒာ ဝီရိယလွန်မိလို့

သိရေး မြင်ရေးအတွက် ကျင့်သုံးကြရာမှာ ဣန္ဒြေ မျှတဖို့ အလွန် လိုအပ်ပါတယ်။အထူးအားဖြင့် သဒ္ဓါနဲ့ပညာ။သမာဓိနဲ့ ဝီရိယ ညီမျှဘို့လိုပါတယ်။ ပညာချို့တဲ့ပြီး သဒ္ဓါလွန်ရင် တဏှာ ကျွန် ဖြစ်ရတတ်ပါတယ်။ပညာလွန်ပြီးတော့ သဒ္ဓါတရားချို့တဲ့ နေပြန်ရင်လဲ တဖက်စွန်းကို ရောက်သွားတတ်ပါတယ်။ သို့ပေမဲ့ ပညာရှင်များ တီထွင်ထားတဲ့အနုမြူဗုံးများအတွက် တကမ္ဘာလုံး ရဟာက်မအေးရတာ ပညာချည့်သက်သက် တဖက်သတ် အား ကောင်းကြလို့ပါဘဲ။ ဒါပေမယ်လို့ လောကီ မညာကသာ လွန်ချင် လွန်နိုင်ပါတယ်။ လောကုတ္တရာ ပညာကတော့ လွန် တယ်လို့ မရှိပါဘူး။

ဝီရိယနဲ့သမာဓိ မမျှတလို့ တရားလမ်းကြောင်း တိမ်းစောင်း ရတာကို အရှင်အာနန္ဒာက သက်သေခံထားခဲ့ပါပြီ။ နက်ဖြန်ခါ ကျင်းပမယ့် သံဂါယနာတင်ပွဲမှာ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တဲ့ အရှင်အာနန္ဒာ မပါဝင်ဘဲမဖြစ်နိုင်။သို့ပါသော်လဲ ယခုထက်တိုင် ရဟန်းကိစ္စက မပြီးနိုင်သေး။ မပြီးဘဲ နေရရိုးလားဆိုတဲ့ ဇွဲနဲ့ တညလုံး တရားအားထုတ်ခဲ့တယ်။ ရွေးချယ်ပြီးသား ရဟန္တာ (၄၉၉)ပါးနောက်မှာ မိမိက တပါးထပ်ဖြည့်နိုင်ဘို့ အပြင်း အထန် ကြိုးစားခဲ့တယ်။ သူကြိုးစားလေသမျှ ဝီရိယတို့ဟာ သမာဓိ မပါလေတော့ သမ္မာဝါယမ မဖြစ်လာကြဘူး။

ဒီလိုနဲ့ အရှေ့လောကဓာတ်က ရောင်နီ ရေးရေး သန်းလာတော့တယ်။ တညလုံး မအိပ်မနေ ကြိုးစားပါလျက်နဲ့ အထက်မဂ်စခန်း မတက်လှမ်းနိုင်တာကြောင့် ရဟန္တာဖြစ်မြောက်ရေးကို သူ လက်မြှောက်လိုက်ရတယ်။ အဲဒီလို သူ လက်မြှောက်လိုက်တာနဲ့တခါထဲ အထက် မဂ်(၃)ခုလုံး ပေါက်မြောက်သွားပါတယ်။

သာသနာတော်ကြီး တခုလုံးမှာ လျှောင်း ထိုင် ရပ် သွားလေးပါးသော ဣရိယာပုဒ်ကိုလွှတ်ပြီး တရားပေါက်တဲ့ပုဂ္ဂိုလ်ကိုရှာရင် အရှင်အာနန္ဒာ တပါးသာ အထင်အရှား တွေ့ကြရပါတယ်။

ဥဒ္ဒစ္စ သဘော သက်ရောက်နေတဲ့ ဝီရိယတွေ လျော့ချပြီးတော့ အရှင်အာနန္ဒာဟာ သက်တောင့်သက်သာ အနားယူဘို့ ညောင်စောင်းပေါ် လှဲချလိုက်ပါတယ်။ ခြေနှစ်ဖက် မြေကလွတ်ခါစ ကိုယ်ခန္ဓာကလဲ ညောင်စောင်းပေါ် မလှဲမိသေး။ အဲဒီ အခိုက်အတန့်လေးအတွင်းမှာဘဲ အရှင်အာနန္ဒာ ရဟန္တာအဆင့်ထိ ရောက်ရှိသွားပါတယ်။ သံဂါယနာတင်ပွဲတွင် ရဟန္တာပုဂ္ဂိုလ်(၅၀၀) ပြည့်စုံသွားပါတယ်။

## အကျိုးသက်ရောက်မှု အလုပ်ပီသ

ငါးရာ့ငါးဆယ် ဇာတ်တော်တခုမှာ အသိဥာဏ် မပါတဲ့ လုပ်ရပ်တခု အကျိုးမဲ့ ဖြစ်ရပုံကို ပြဆိုထားပါတယ်။

ဘုရင့် ဥယျာဉ်မှူးဟာ နက္ခတ်ပွဲသဘင် သွားချင်တာနဲ့ သူ့တာဝန်တွေကို မျောက်များဆီ လွှဲအပ်ထားခဲ့တယ်။ အဲဒီမှာ မျောက်အကြီးအကဲက ဦးစွာပထမ သစ်ပင်ရှိသမျှ အကုန်နုတ်ယူ

ခိုင်းတယ်။ ပြီးတော့မှ နေရာမပျက် ပြန်စိုက်ပြီး အမြစ်ရှည်တဲ့ အပင်များကို ရေများများလောင်းပြီး အမြစ်တိုတဲ့အပင်များကို တော့ ရေနဲ့နဲ့သာ အလောင်းခိုင်းတယ်။ အဖိုးတန်တဲ့ ရေကို အလဟဿ ဖြုန်းတီးရာ မရောက်ဖို့ပါဘဲ။

မျောက်တို့ရဲ့ စေတနာဟာ အကောင်းဘက်ကို ဦးတည်နေ တာမို့ ကျေးဇူးတင်ထိုက်ပါတယ်။ သူတို့စွမ်းနိုင်သမျှ လုပ်ကိုင် ဆောင်ရွက်ကြတာကိုလဲ အပြစ်တင်စရာမရှိပါဘူး။ ဒါပေမယ်လို့ ညနေစောင်းလို့ ဥယျာဉ်မှူး ပြန်လာတဲ့အခါကျတော့ ဥယျာဉ် တခုလုံး ညှိုးခွေ သေကုန်ကြပြီ။ ဒါဟာ ဝီရိယ ဘယ်လောက် ကောင်းကောင်း ဉာဏ်ရှေ့သွားမရှိရင် ကောင်းကျိုးမပေးနိုင်တဲ့ ပြယုဂ်တခုပါဘဲ။

ဒါကြောင့် ယခုခေတ် ပညာရှင်များက အလုပ်တခုရဲ့ ဂုဏ် အင်ကို ဖော်ကြူးရာမှာ အကျိုးသက်ရောက်မှုနဲ့ တိုင်းတာကြပါ တယ်။ တစုံတခုသော အခြေအနေမှ တစုံတခုသော အခြေ အနေသို့ ပြောင်းလဲစေနိုင်တာကိုမှ အလုပ်ရယ်လို့ သတ်မှတ်ကြ ပါတယ်။

ဥပမာ၊ လူအများသွားလာတဲ့ တောင်ပေါ်လမ်းတနေရာမှာ ရောမ ကျောက်တုံးကြီး တတုံး ပိတ်ဆို့နေတယ်။ အဲဒါကို တယောက်သောသူက အများတကာ ချမ်းသာစွာ သွားလာ နိုင်ကြပါစေဆိုတဲ့စေတနာနဲ့ ကျောက်တုံးကြီးကို တယောက်ထဲ တွန်းတယ်။ ပခုံးနဲ့တွန်း။ ခေါင်းနဲ့တွန်း။ ခြေစုံကန်ပြီး လက်နဲ့ တွန်း။ ဘယ်လိုတွန်းတွန်း ကျောက်တုံးကြီးက နကမွတိ ဖြုံဖြုံမှ မရှိ။

ကျောက်တုံးကြီး မရွေ့လျားသမျှ ကာလပတ်လုံး တွန်းသူမှာ ချွေးထွက်ထွက် သွေးထွက်ထွက်။ ဒီနေရာမှာ ဘုံးကနဲ လဲစေဦးတော့ သူကြိုးစားမှုကို အလုပ်လို့ မသတ်မှတ်နိုင်ပါဘူး။ အသိဉာဏ်မပါ ဘလာဝီရိယမျိုးဟာ သမ္မာဝါယာမ မဖြစ်နိုင်ပါဘူး။

အသိဉာဏ်ပါတဲ့သမ္မာဝါယာမသမားကတော့ ကျောက်တုံးကြီးကို လက်ဖျားနဲ့မှ တို့မနေပါဘူး။ အထက်ပိုင်းမှာ မိုးတွေရွာနေတော့ မကြာခင် ဒီလမ်းကြောင်းမှာ ရေတွေ စီးလာမှာ သိထားတယ်။ ကျောက်တုံး အောက်က မြေသား ရှိလို့သာ ဟန်မပျက် ရပ်တည်နေနိုင်တာ။ ဒီတော့ သမ္မာဝါယာမ သမားဟာ ကျလာတဲ့ ရေစီးအားကို ကန့်သင်းဆည် စုစည်းပေးပြီး ကျောက်တုံးကြီးအောက်က မြေသားတွေ နူးအိသွားအောင် စောင့်ကြည့်နေတယ်။ မကြာခင်မှာဘဲ အောက်ခံမြေ မခိုင်မာတော့တဲ့ကျောက်တုံးကြီး ဒလိမ့်ခေါက်ကွေး လျှောဆင်းသွားရပါတော့တယ်။

သမ္မာဝါယာမရဲ့ အသုံးဝင်မှုကို ဒီလို အကျိုးသက်ရောက်မှုနဲ့ တိုင်းတာရပါတယ်။ သမ္မပ္ပဓာန်တရား(၄)ပါးကို စီစစ်ကြည့်ရင် ချွေးထွက်သံယို လုပ်နေစရာမလိုတဲ့ သမ္မာဝါယာမရဲ့ စွမ်းရည်သတ္တိများကို တွေ့ကြရပါလိမ့်မယ်။

## ပယ်တာနဲ့ ဖယ်တာ

သမ္မပ္ပဓာန်(၄)ပါးတို့ အသီးသီး ဆောင်ရွက်တဲ့ ကိစ္စများမှာ —

၁။ ဖြစ်ပေါ်ခဲ့ပြီးသော အကုသိုလ်တို့ကို ပယ်စွန့်ခြင်း။
၂။ မဖြစ်ပေါ်သေးသော အကုသိုလ်တို့ကို ဖြစ်ပေါ်မလာအောင် ထူထောင်၍ မပေးခြင်း။
၃။ မဖြစ်ပေါ်သေးသော ကုသိုလ်တို့ကို ဖြစ် ပေါ် လာအောင် ကျင့်သုံးခြင်း။
၄။ ဖြစ်ပေါ်ခဲ့ပြီးသော ကုသိုလ် တို့ကို ထို့ထက် အလွန်ပွားများစေခြင်း တို့ဖြစ်ကြပါတယ်။

သမ္မာဝါယာမ မဂ္ဂင်ဟာ သမ္မပ္ပဓာန်ကိစ္စ(၄)ရပ်ကိုတချက်ထဲ တပြိုင်နက် ဆောင်ရွက်ပေးပါတယ်။ နံပါတ်စဉ်အရ တခုပြီးမှ တခု ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ တချက်ထဲနဲ့ လေးပါး ကိစ္စ တပြိုင်နက်ပြီးစီးပါတယ်။ ဘယ်နံပါတ်ကဘဲစပြီး ကောက် ကောက် စ လယ် ဆုံး သုံးပါးလုံး ပါဝင်တာချည့်ဖြစ်ပါတယ်။

ဥပမာ၊ ဖြစ်ပေါ်ခဲ့ပြီးသော အကုသိုလ်ကို ပယ်စွန့်လိုက်တယ် ဆိုပါစို့။ အကုသိုလ်ဖြစ်တယ်ဆိုကထဲက မသိမှု အဝိဇ္ဇာကြောင့် ဖြစ်ကြရတာ။ သူတော်ကောင်းတရား ကြားနာရခြင်း၊ အသင့် အတင့် နှလုံးသွင်းခြင်း စသဖြင့် အကြောင်း အားလျော်စွာ မသိမှုအဝိဇ္ဇာ ကင်းရှင်းသွားတဲ့အခါ အကုသိုလ်တွေဟာလဲ တခါထဲ ပယ်စွန့်ပြီး ဖြစ်သွားပါတယ်။

ပယ်စွန့်တယ်ဆိုတာ ဖယ်တာ မဟုတ်ဖူး။ သဒ္ဒါနည်းမှာ ဖြစ်ဖြစ်၊ သဘာဝနည်းနဲ့ကြည့်ကြည့်၊ ပယ်တာနဲ့ဖယ်တာ အနက် အဓိပ္ပါယ် ထပ်တူမကျပါဘူး။ ပယ်တယ် ဆိုတာ စကထဲက လက်သင့် မခံတာ။ ဖယ်တာကတော့ အစက လက်ခံပြီးသား။ နောက်တော့မှ သဘောမကျလို့ ဖယ်တာ။ ပယ်တာက သတ္တကိစ္စ

အတ္တကိစ္စမပါဘဲ ဖြစ်နိုင်တယ်။ ဖယ်တာက သတ္တကိစ္စ အတ္တကိစ္စ ပါရတယ်။ ပယ်ရာမှာ ကြောင့်ကျဗျာပါဒ စိုက်စရာမလိုဘူး။ ဖယ်ရာမှာတော့ ကြောင့်ကျဗျာပါဒ စိုက်ပေးရတယ်။

တိုတိုရှင်းရှင်း လိုရင်းပြောရရင်တော့ —

ပယ်တာက ဝိဇ္ဇာ။

ဖယ်တာက အဝိဇ္ဇာ။

ဝိဇ္ဇာဆိုတာ အသိဉာဏ်ဘဲ။ သိတတ်တဲ့သဘောဘဲ၊ ဝိဇ္ဇာ ဉာဏ်နဲ့ သိပြီးတော့ ပယ်တာ။ ဘာကို သိသလဲ ဆိုတော့ ဒီအကုသိုလ်တွေအစ(ဘ) ပယ်ပြီးသားဖြစ်နေတာကို သိလိုက်တာ ပါဘဲ။

## ဖြစ်လာသမျှ အကြောင်းနဲ့မကင်း

အကုသိုလ်ဆိုတာကလဲ သင်္ခတ ဓမ္မတာထဲမှာ ပါဝင်ခဲ့လေ တော့ သူတို့အတွက် အကြောင်း လိုအပ်ပါတယ်။ အကုသိုလ် ဖြစ်တယ်ဆိုတာ အကြောင်းမပါ သူ့ဘာသာ ဖြစ်ရိုးထုံးစံ မရှိ ပါဘူး။ အကြောင်းရှိမှသာ ဖြစ်နိုင်ပါတယ်။

အကုသိုလ်စေတသိတ်များရဲ့ ပဒဋ္ဌာန် ခေါ်တဲ့ အရင်းခံ အကြောင်းများကို ကျမ်းဂန်များမှာ အသီးသီး ပြဆိုထားတာ ရှိပါတယ်။ ဒီနေရာမှာ အကုသိုလ်စေတသိတ် အားလုံးအတွက် ခြုံမိငုံမိတဲ့ အရင်းခံအကြောင်းကိုဘဲ ထုတ်ဆောင်ရပါလိမ့်မယ်။

ကုသိုလ်ဟူသမျှ ယောနိသောမနသိကာရကြောင့် ဖြစ်ရသလို အကုသိုလ်ဟူသမျှမှာလဲ အယောနိသော မနသိကာရကြောင့် ဖြစ်ပေါ်လာကြရပါတယ်။ အယောနိသော မနသိကာရဆိုတာ မသင့်သောအားဖြင့် နှလုံးသွင်းမှု။ တနည်း၊ အဝိဇ္ဇာရှေ့ထားပြီး မှားသောအားဖြင့် နှလုံးသွင်းမှုဖြစ်ပါတယ်။

အဝိဇ္ဇာဆိုတာ မသိတာ။ ဘာကို မသိသလဲဆိုတော့ ဒီ အကုသိုလ်တွေ အစကပယ်ပြီးသား ဖြစ်နေတာကို မသိတာပါဘဲ။

အစက ပယ်ပြီးသားဖြစ်နေတာကိုမသိကြလေတော့ အကုသိုလ်တွေကို အရှိထားပြီး ဖယ်ဖယ်ပစ်နေကြတယ်။ ဥပါဒ်ဌီဘင် ဆိုတဲ့ ခဏသုံးပါး မရောက် မဖြစ်ကြသေးသော်လဲ ဟိုနေရာ ဒီနေရာ လက်ညှိုးထိုးပြလို့ မဖြစ်နိုင်တဲ့ တနေရာရာမှာ ရှိနေသေးသယောင်ယောင်။ ယောင်သုံးဆယ် ဖြစ်နေတတ်ကြပါတယ်။ ယောင်လို့သာယောင်ကြတယ်။ ဒေသနာတော်မှာတော့ ဒီပြဿနာအတွက် အဖြေပါပြီးသား။

"ကိလေသာတို့သည် မရှု မမြင် ပင်ကိုယ်အားဖြင့် အေးရှ်ငြိမ်းရှ်နေသော သဘောမှ အေးလျှင် အေးသည့်အတိုင်း ငြိမ်းလျှင်ငြိမ်းသည့်အတိုင်း မနေတတ်ကြမူရှ်။ မအေးအောင် မငြိမ်းအောင် ထူထောင်ပေးကြသဖြင့် ပူလောင်ရှ် လာကြရလေကုန်၏။

ဘင်ကာလရောက် ချုပ်ပျောက်ရကုန်သော တရားတို့သည် နောက်နောင်တဖန် ပြန်လာစေဘို့ ကိုယ့်မှာ သူ့မှာ ရှုစရာမရကြလေကုန်။ ကောင်းကင်၌ ခတ်ဖို ခတ်မ ဆုံကြသည့်အခိုက် လျှပ်စီးလက်လိုက်ဘိ သကဲ့သို့ အသစ်အသစ်ဖြစ်ရှ် ဖြစ်ရှ် လာကြကုန်၏။ ဖြစ်ပြီးသည့်နောက် ကြာမထောက်ပဲ ချုပ်လည်း ချုပ်ကြရလေကုန်၏။"*

---

* အဒ္ဒသာနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ၊ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။
( ဂုဟဋ္ဌကသုတ်ကို ဖွင့်ဆိုထားတဲ့ မဟာနိဒ္ဒေသ ပါဠိတော် )

မိုးသားမြူးတဲ့ အချိန်မှာ လျှပ်စီးများ လက်လာရတယ်။ မိုးချုန်းသံတွေ နားလျှံအောင်ကြားလာကြရတယ်။ သို့ပါသော်လဲ ဒီလျှပ်စီးလက်မှုဟာ ကြာရှည်ကြာများ ရှိနိုင်တာမဟုတ်ပါဘူး။ ခဏလက်ပြီး ခဏနဲ့ပျောက်သွားရတယ်။

လျှပ်စီးများ ဝင်းဝင်းလက်လက်ပြက်လာရခြင်းဟာ လျှပ်စစ်ဓာတ်ဖို ဓာတ်မ ဆုံစည်းမိကြတာကြောင့် ဖြစ်တယ်။ ဒီလိုအကြောင်းဆုံတဲ့အခါ လျှပ်စီးလက်တယ်။အကြောင်းမဆုံတော့ လျှပ်စီးမလက်နိုင်ဘူး။ ဒါဖြင့် ကောင်းကင်ကြီးမှာ ဘာရှိသလဲဆိုတော့ ကောင်းကင်ကြီးမှာ လျှပ်စီးမလက်မှု ရှိတာပေါ့။

ဒီလိုပါဘဲ။ အကြောင်းပြုပေးလို့ ဖြစ်လာကြတဲ့ ကိလေသာတွေမှာလဲ ကြာရှည်မခံနိုင်ပါဘူး။ ဟုန်းကနဲဖြစ်ပြီး လုံကနဲပျောက်ကြရတဲ့ အမျိုးတွေပါ။ သူတို့တတွေ ဖြစ်လာပေါ်လာအောင် ထူထောင်မပေးဘဲနေလျှင်ဖြင့် သူတို့က လျောက်လျားဘာသာ ဖြစ်မလာကြပါဘူး။ဒီလိုကိလေသာတွေ မဖြစ်သေးရင် ဘာရှိသေးသလဲ။ အနုသယသဘောကြောင့် နောင်ခါမှာ ဖြစ်လာအုံးမှာ ဘာညာလုပ်မနေစမ်းပါနဲ့။ ယခု မဖြစ်သေးတာဖြင့် မဖြစ်သေးတဲ့အတိုင်း အဖြစ်အေးရာနဲ့ နေလိုက်ပေတော့။

အဖြစ်အေးရာ တရားကတော့ အစကရှိပြီးသား။ ဖြစ်စရာပေါ်စရာ သင်္ခါရဝတ္ထုတခုခုကိုမှ လက်ခံသိမ်းပိုက်ထားခြင်း မရှိလို့ သူ့အလိုလိုပယ်ပြီးသား။ ပယ်ပြီးသားကို ပယ်ပြီးသားမှန်းမသိ။ အစကရှိနေတဲ့ လွတ်ရာငြိမ်းရာမှန်း မသိကြလေတော့ ပူအောင် လောင်အောင် ထူထောင်လို့ ပေးကြတယ်။ အဲဒီလို အကြောင်းပြုပေးလို့ ဖြစ်လာရတဲ့ မကောင်းမှု ကိလေသာတွေကိုဘဲ အနုသယလို့ နာမည်တမျိုး ပေးကြရပါတယ်။

အနုသယမိုက်မှာ ဟောထားတာက အကြောင်းတိုက်ဆိုင်ရင် ဖြစ်တတ်တဲ့ သဘောတွေ။ ဒီမှာ ညွှန်ပြထားတာက အကြောင်းမထင်လို့ အကျိုးစင်တဲ့တရား။ အစက ငြိမ်းပြီးသား၊ အေးပြီးသား၊ ပယ်ပြီးသားတရား။ ဒါကို ပိုင်းပိုင်းခြားခြား မသိကြလေတော့ ထွေးလုံးရစ်ပတ် ဖြစ်ကြရပါတယ်။

## ရှိပြီးသားမို့ အကြောင်းမလို

(သဗ္ဗဓမ္မာ အနတ္တာ) ဒေသနာတော်အရ အနတ္တတရားအကုန်လုံးကို သိမ်းကျုံးပြီး သရုပ်ခွဲလိုက်ရရင် အရှိတရား၊ အဖြစ်တရားရယ်လို့ နှစ်မျိုးရှိပါတယ်။ အရှိတရားဆိုတာ မပြုမပြင်ပင်ကိုယ်သဘောအားဖြင့် အေးသော ငြိမ်းသော သဘောအားဖြင့် ရှိနေတဲ့တရား။ အဖြစ်တရားဆိုတာက နဂိုမူလက ရှိပြီးသားမဟုတ်ကြလေတော့ ပြုပေးမှ ပြင်ပေးမှ ဖန်တီး ထူထောင်ပေးမှဖြစ်လာတတ်ကြတဲ့တရား။

အစကရှိပြီးသားမို့ အသင်္ခတမှာ အကြောင်းမလို။

အစက ရှိပြီးသားမဟုတ်တဲ့ သင်္ခတမှာ အကြောင်းလိုတယ်။

ဒါဖြင့် အနုသယ ကိလေသာတွေ ဘယ်ထဲမှာ ထဲ့မလဲ။

တရားကသင်္ခတရယ်အသင်္ခတရယ် နှစ်မျိုးရှိလေတော့ တမျိုးမဟုတ်ရင် နောက်တမျိုးထဲပါရမှာဘဲ။ ဒီတော့ အနုသယကိုထဲ့ခြင်းထဲ့ရင် သင်္ခတတရားထဲ ထဲ့ရမှာ သေချာတယ်။

အကြောင်းကိုစွဲပြီး ဖြစ်ပေါ်ဆဲဆဲ အနုသယများ ဟာလဲ အနိစ္စမျိုးမို့ အမြဲတည်နေနိုင်ကြတာ မဟုတ်ဘူး။ ဖြစ်ပေါ်ပြီးတာနဲ့ ပျက်ကြတယ်။ ပျက်ပျက်ကုန်တဲ့ အနုသယတွေ ထပ်ဖြစ်စေဘို့ နောက်ထပ်အကြောင်းတွေနဲ့ ရှာကြံပြီး အဆက်မပြတ်

ဖန်တီးပေးကြရတယ်။ အဲဒီလိုအကြောင်းတွေနဲ့ ရှာကြံမပေးတော့ဘူးဆိုရင်တော့ အနုသယဆိုတဲ့ အကျိုးတရား မပေါ်လာနိုင်တော့ပါဘူး။

အနုသယကိန်းတယ်၊ အနုသယရှိတယ်ဆိုဟာ ဖြစ်လာတဲ့အပေါ်ကို အစွဲပြုပြီး ခေါ်ရတာ။ ဖြစ်ခွင့်ဖြစ်စရာ လုံးဝမရှိတော့တဲ့ ရဟန္တာအရှင်မြတ်များရဲ့ သန္တာန်မှာ အနုသယ လုံးဝမကိန်းတော့ဘူး။ အနုသယရှိတယ် မဆိုရတော့ဘူး။ ခုလဲမရှိဘူး။ နောင်လဲမရှိဘူး။ ဘယ်တော့မှ အနုသယ ပေါ်လာစရာမရှိတော့ဘူး။ ဒါကပုဂ္ဂိုလ်နဲ့ကပ်ပြီး ပြောရတာ။

ဓမ္မရေးရာသက်သက်နဲ့ ဆိုရင်တော့ အကြောင်း ပြုမပေးလို့ မဖြစ်ပေါ်လာဘူးဆိုရင် အနုသယဟာ အကိန်းသဘောမဟုတ်ပဲ အငြိမ်းသဘောသာ ဖြစ်နေပါတယ်။ ဒီတော့ အနုသယဆိုတာ အကြောင်းပြုပေးရင် ကိန်းတဲ့သဘော ရှိသလို အကြောင်းပြုမပေးရင်တော့ ငြိမ်းတဲ့သဘောရှိတာ ကေန်မှန်ပါတယ်။ အဲဒီအနုသယတို့ရဲ့ငြိမ်းရာဟာ နိဗ္ဗာန်ပါဘဲ။

နိဗ္ဗာန်ဟာ ကာလဝိမုတ်တရား ဖြစ်တာမို့ ခုနေခါသာ ငြိမ်းတယ်။ တော်တော်ကြာ ကိလေသာတွေ ထလာတော့ ဘယ့်နှယ်လုပ်မလဲလို့ စောဒကတက်လို့ မရပါဘူး။ ငြိမ်းသဘောသက်သက်ကို ကာလသုံးပါးနဲ့ ဝေဘန်လို့မရပါဘူး။ ပုဂ္ဂိုလ်သတ္တဝါ မပါတဲ့အတွက် ရဟန္တာများသာ ငြိမ်းတာ။ သူလိုငါလို အနုညာတတွေ မငြိမ်းနိုင်ဘူး မဆိုရပါဘူး။ သူရယ်ငါရယ် ငြိတွယ်စရာမလိုဘဲ သိရင်ငြိမ်းတယ်။ မသိရင်တော့မငြိမ်းဘူး။ အနုသယ ကိန်းနေတယ်လို့ ဆိုရပါတယ်။ (အနု

သယနဲ့ ပတ်သက်သမျှ အချက် အပြည့်အစုံကို (အနုသယ သဘော)စာအုပ် ထုတ်ဝေတော့ ကြည့်ကြသေး တာပေါ့။)

## ဘယ်နှယ်မှ မလုပ်တဲ့ သမ္မာဝါယာမ

ဒါဖြင့်အနုသယမကိန်းအောင် ဘယ့်နှယ်လုပ်ရပါ့မလဲ။ ဘယ့်နှယ်မှ မလုပ်ရပါဘူး။ အစကငြိမ်းပြီးသားဖြစ်နေတာကို သိပါ။

အကုသိုလ်တွေ ပယ်ရအောင် ဘယ်လိုလုပ်မလဲ။ ဘယ်လိုမှ မလုပ်ပါနဲ့။ အစက ပယ်ပြီးသားဖြစ်နေတာကို သိပါ။

ဒီလိုသိလိုက်ခြင်းအားဖြင့် ဖြစ်ခဲ့တဲ့ အကုသိုလ်တွေကို ပယ်ပြီးသားဖြစ်တယ်။ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တွေ ဖြစ်ပေါ်လာအောင်လဲ ထူထောင်မပေးတော့ဘူး။ အကြောင်းပြုပေးရင် ဖြစ်တတ်တဲ့သဘောကို သိရာက အကြောင်းမထင်လို့ အကျိုးစင်တာကို သိလိုက်ရတာဟာ မဖြစ်သေးတဲ့ လောကုတ္တရာကုသိုလ် ဖြစ်လာတာပါဘဲ။ အဖြစ်ငြိမ်းလို့ ဇာတ်သိမ်းတာကို သိပြီးတဲ့နောက် ငြိမ်းသည့်အတိုင်း နေထိုင်ကျင့်သုံးသွားခြင်းဟာ ဖြစ်ပြီးသား မဂ်ကုသိုလ်ကို ထပ်မံ ပွားများတာပါဘဲ။

ဒီသဘောကို သဋ္ဌာယတနဂါမဏိသံယုတ်၊ သခ်ဓမ္မသုတ်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

"ရွာသူကြီး၊ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် ကြုံကြိုက်လာစဉ်မှာ အကြင်သူတယောက်သည် တရားတော်ကို ကြားနာခွင့်ရ၏။ ထိုသူသည် ပြုခဲ့ဘူးသော အကုသိုလ်များအတွက် ဤသို့ ဆင်ခြင်သုံးသပ်ရာ၏။ မြတ်စွာ ဗုဒ္ဓမြတ်စွာ အရိယာသူတော်စင်များသည်ကား သူ့အသက်သတ်ခြင်းကို ကဲ့ရဲ့တော်မူကြသည်။ ငါသည်လည်း သူ့

အသက်များကို သတ်ထားခဲ့မိချေပြီ။ ဤသို့ သတ်ဖြတ်ခြင်းသည် မကောင်းမှုကြောင့် မှန်၏။ သို့သော် ပြုမိပြီးသော အကုသိုလ်သည် ပြုမိပြီးသားမဟုတ်ဟူ၍ လုပ်ကြံ၍ မရနိုင်ပြီ။ သည်အပေါ်မှာ နှလုံးမသာယာ ဖြစ်နေရင် အကုသိုလ်တွေ ပို၍သာ များလာပေရော့မည်။

သည်လိုဆင်ခြင်သုံးသပ်ပြီးတော့ ပြုခဲ့ပြီးတဲ့ အကုသိုလ်တွေကို ပြန်လည်တွေးတော မနေခြင်း၊ နောင်တတဖန် မပူပန်ခြင်းဖြင့် ပယ်ဖျောက်၏။ နောက်နောင်ခါမှာလည်း အကုသိုလ်တွေမပြုဘဲနေ၏။ ဤသို့အားဖြင့် မကောင်းမှုမှ လွတ်မြောက်နိုင်ပေသည်။”

## အဓိ စိတ္တအဓိပညာ

ဂါမဏိသံယုတ်ပါဠိတော်ကို ထောက်ခြင်းအားဖြင့် ဖြစ်ပြီးသားအကုသိုလ်တွေ ပယ်ဘို့မှာ သူတို့အပေါ် တွေးကြံဖန်တီးပြီး နောင်တဖန် ပူပန်မနေခြင်း၊ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်လာစေရန်မှာ ဖြစ်လာအောင် ပြုမ ေးခြင်းသာ ဖြစ်ကြောင်း သိသာ ထင်ရှားပါတယ်။ တကယ်တော့ဖြင့် သမ္မာဝါယာမဆိုတာ အစကပယ်ပြီးသား၊ ငြိမ်းပြီးသား ဖြစ်နေတာကို သိတဲ့အသိဉာဏ်နောက်မှာ ကပ်ပါလာတဲ့ မဆုတ်မနစ် အားသစ်တဲ့သဘောမျှသာ ဖြစ်ပါတယ်။ ပယ်ပြီးသားကို သိပြီး ပယ်ပြီးသားအတိုင်း ထားနိုင်ဘို့၊ ငြိမ်းပြီးသားကို သိပြီးငြိမ်းပြီးသားအတိုင်း နေနိုင်ဘို့ သူကထောက်ပံ့ ကူညီပါတယ်။

သမ္မာဝါယာမ၊ သမ္မာသတိနဲ့ သမ္မာသမာဓိမဂ္ဂင် (၃)ပါးကို အဓိစိတ္တသိက္ခာလို့ သတ်မှတ်ထားပါတယ်။ သမ္မာသတိက မရှိ

အာရုံတွေမှာ ကျက်စားရာက အရှိအာရုံပေါ်မှာ သက်ရောက်စေလို့ ရှေးရှုပေးပါတယ်။ သမ္မာသမာဓိက အရှိအာရုံပေါ် တည်တည် ငြိမ်ငြိမ် ကလေ့ရရနေနိုင်ဘို့ ကျေးဇူးပြုပါတယ်။ နိဗ္ဗာန်ဆိုတဲ့ အရှိအာရုံဟာ တည်ငြိမ်တဲ့သဘော ရှိတာကြောင့် နိဗ္ဗာန်သိတဲ့ဉာဏ်မှာလဲ တည်ငြိမ်မှုသဘော ပါလာရပါတယ်။ တည်ငြိမ်မှု သဘောဟာ သမ္မာသမာဓိခေါ်တဲ့ လောကုတ္တရာ ဧကဂ္ဂတာစေတသိက်ပါဘဲ။

(အဓိစိတ္တာ ပတ္တော အဓိစိတ္တံ)လို့ ဖွင့်ဆိုထားတဲ့ အတိုင်း ဒီလိုသမာဓိဦးစီးပြီးထားလို့ နိဗ္ဗာန်အာရုံမှတပါး အခြားအာရုံတွေ မပြုလုပ် မဖန်တီးဘဲ တည်ငြိမ်နေတာကို အဓိစိတ္တသိက္ခာလို့ ဆိုရပါတယ်။ စိတ္တဆိုတာ ဒီနေရာမှာ တည်ကြည်ငြိမ်သက်တဲ့ စိတ်ကို ဆိုလိုပါတယ်။ အဲဒီစိတ်မှာ အသိဉာဏ် ကပ်ထားတာကြောင့် သူ့ရှေ့က အဓိဆိုတဲ့ ဂုဏ်ထူးဆောင်စကားလုံး ပါလာရပါတယ်။ အဓိဆိုတဲ့ ပါဠိစကားဟာ မြန်မာဘာသာ အသိရဲ့ ကိုယ်စားလှယ်ပါဘဲ။

အသိဉာဏ်ဆိုတဲ့ ဦးစီးခေါင်းဆောင်ရယ် သမ္မာသက်ပ္ပရယ် ဒီမဂ္ဂင် (၂)ပါးကိုတော့ အဓိပညာသိက္ခာလို့ သတ်မှတ်ထားပါတယ်။

(ဒဿနတ္တော အဓိပညာ) လို့ ဖွင့်ဆိုထားတဲ့အတိုင်း ဒီသိက္ခာမှာ အသိဉာဏ်ပါနေတာ အထူးပြောဘို့ မလိုတော့ပါဘူး။ အဓိကလဲ အသိ။ ပညာကလဲ အသိ။ ဂဏသချော၊ ရေရေရာရာ ကြီး သိတဲ့ အသိဉာဏ်ပါတဲ့ တရားစုကို အဓိပညာ သိက္ခာလို့ ဆိုရပါတယ်။

## အသိပါမှ အဓိသီလ

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်(၃)ပါး ကို အဓိသီလသိက္ခာလို့ သတ်မှတ်ထားပါတယ်။ ဒီမှာလဲ အဓိ သဒ္ဒါ ပါလာတာကြောင့် အသိဦးစီးတဲ့ အကျင့်သီလဖြစ်ဖို့ လို ပါတယ်။

အသိစင်ကြယ်မှုဟာ အကျင့်သီလကြောင့် ဖြစ်သလို သီလ စင်ကြယ်မှုဟာလဲ အသိကြောင့်ပါဘဲ။ ဒါဖြင့် သီလ စင်ကြယ် အောင် ဘယ်လိုအသိမျိုးနဲ့ ဦးဆောင်ဦးရွက် ပြုရပါမလဲ။

(အဝီတိက္ကမတ္ထော အဓိသီလံ)လို့ ဖွင့်ဆိုထားတဲ့ အတိုင်း သီလဆိုတာ မလွန်ကျူးခြင်းအနက်ရှိပါတယ်။ မလွန်ကျူးခြင်း အနက်သဘောနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ အားဖြင့် မလွန် ကျူးဘဲ နေခြင်းတို့ဟာ မသွေမခြား တသားထဲ ဖြစ်ကြရပါ တယ်။

ဒါကြောင့် သမ္မာဝါစာမှာ ကောင်းသောစကားဆိုရုံမျှသာ မဟုတ်ပါဘူး။ မကောင်းတဲ့စကားတွေကို မပြောဘဲ နေခြင်းလဲ ပါဝင်ပါတယ်။ သမ္မာကမ္မန္တမှာ ကောင်းတဲ့အလုပ်တွေ လုပ်ရုံ မျှသာမဟုတ်ပါဘူး။ မကောင်းတဲ့အလုပ်တွေ မလုပ်ပဲနေခြင်းလဲ ပါဝင် ပါတယ်။ သမ္မာအာဇီဝမှာ ကောင်းတဲ့ အသက်မွေးမှု ပြုလုပ်နေရုံမျှသာ မဟုတ်ပါဘူး။ မကောင်းတဲ့ အသက်မွေး ဝမ်းကြောင်းတွေမပြုလုပ်ပဲနေခြင်းလဲ ပါဝင်ပါတယ်။

ကံ(၃)ပါးနဲ့ ပိုင်းခြားထားတဲ့ ဒီ မကောင်းမှုတွေကို မပြုဘဲ နေနိုင်ခြင်းမှာ အသိရှေ့ဆောင်လျက် ရှိပါတယ်။ မကောင်း ညစ်ကျူ အကုသိုလ်မှုတွေဟာ မသင့်မတင့် နှလုံးသွင်းပေးမှု

ဖြစ်ပေါ်ခွင့် ရကြတယ်။ သင့်တင့်လျောက်ပတ်စွာ ပညာ ဦးစီးပြီး နှလုံးသွင်းနေရင် အဖြစ် ငြိမ်း၍ ဇာတ်သိမ်းလျက်သာ နေကြရတယ်။

ဒီလို အကုသိုလ်မှုတွေ နဂိုမူလက ချုပ်လျက် ငြိမ်းလျက် ရှိနေတဲ့သဘောဟာ မလွန်ကျူးခြင်းအနက် (၀၁)အစက လုံခြုံ ပြီးသားဖြစ်တဲ့ သီလဟာ မလွန်ကျူးခြင်း အနက်ပါဘဲ။ ဒီလို အစက လုံခြုံပြီးသား သီလကိုသိပြီး လုံခြုံပြီးသားအတိုင်း ဆက် လက်ကျင့်သုံးမှုကို အဓိသီလသိက္ခာလို့ ဆိုရပါတယ်။

## ဘက်တော်သားတို့ စွမ်းရည်

အသိဉာဏ်ဗိုလ်ချုပ်ကြီး ဦးဆောင် ညွှန်ကြားမှုဖြင့် မသိမှု အဝိဇ္ဇာခံတပ်ကြီးဖြိုဖျက်တဲ့ တိုက်ပွဲကြီး အောင်မြင်စွာ ပြီးဆုံး သွားပါပြီ။ ဒီတိုက်ပွဲမှာ သမ္မာသတိနဲ့ သမ္မာဝါယာမ တို့ဟာ ဘယ်တောင်ပံ ညာတောင်ပံ တို့ကနေပြီး အချက်ကျကျ တိုက် ဖျက်ကြပါတယ်။

ဝိပက်ဟာ သမ္မာသင်္ကပ္ပအဖြစ်နဲ့ သမ္မာဒိဋ္ဌိနားက ထက်ကြပ် မကွာ လိုက်ပါတယ်။ နည်းမှန်လမ်းကျ ကြံစည်ခြင်းဖြင့် သမ္မာ ဒိဋ္ဌိကို အထောက်အကူပြုပါတယ်။ ကောဂ္ဂတာဟာ သမ္မာသမာဓိ ဆိုတဲ့ ဘွဲ့မည်ခံယူပြီး တည်ကြည်ငြိမ်သက်တဲ့စွမ်းရည်နဲ့ ထောက် ကူပါတယ်။ တတြမဇ္ဈတ္တတာကလဲ ဥပေက္ခာသမ္ဗောဇ္ဈင် ဘွဲ့မည် ခံယူပြီး မဇ္ဈိမပဋိပဒါလမ်းကြောင်းက မတိမ်းမစောင်းရအောင် ဖေးဖေးမမပြုပါတယ်။ ဆန္ဒဟာ အငြိအတွယ်မပါ၊ သမ္မာဆန္ဒ သက်သက်ဖြင့် ဝီရိယကို ထောက်ကူ ပေးပါတယ်။ သဒ္ဓါကလဲ အောင်ပွဲခံနိုင်မယ့်အကြောင်း အာမခံရဲရဲပေးထားပါတယ်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ ဝိရတီအုပ်စုဟာ သမ္မာဒိဋ္ဌိချထားတဲ့နေရာက တသွေမတိမ်း အမှုထမ်းကြပါတယ်။ ပီတိက ဘက်တော်သား အားလုံးကို အပြုံးဆေးတိုက်ကျွေးပြီး ပဿဒ္ဓိ ညီနောင် (၂)ဦးတို့ကတော့ အမောပြေစေဘို့ ချွေးသိပ်လို့ ပေးပါတယ်။ သူတို့ကိုယ်တိုင်က အေးအေးချမ်းချမ်း နေတတ် ကြလေတော့ သူတို့နဲ့ ပေါင်းဖက် မိသမျှဟာလဲ အေးချမ်းတဲ့ခေတ် ရလာကြတော့တယ်။

"စည်းလုံးညီညာ အောင်ကြောင်းဖြာ" ဆိုတဲ့အတိုင်း ဘက်တော်သားတွေ အခုလို တစုတဝေးထဲ ညီညီညွတ်ညွတ် တိုက်ပွဲဝင်ကြတာကြောင့် အစမထင်နိုင်တဲ့ သံသရာ တလျှောက်လုံး မင်းမူလာခဲ့တဲ့ အဝိဇ္ဇာခံတပ်ကြီးကို ဖြိုခွင်းနိုင်ခဲ့ကြတယ်။ အဝိဇ္ဇာခံတပ်ကြီးအားကိုးနဲ့ နှိပ်စက်ညှဉ်းပန်းလာခဲ့တဲ့ တဏှာ လောဘ သမုဒယသစ္စာ ရန်သူကြီးကို ကောင်းကောင်းကြီး လက်စားချေနိုင်ခဲ့တယ်။

သူတို့သူတို့တွေ အောင်ပွဲတော်ကြီး ခြိမ့်ခြိမ့်သဲအောင် ခံယူနေကြချိန်မှာ ဝိမုတ္တိသာသနာ့ အလံတော်ဟာလဲ မြေပြင်၊ ရေပြင်၊ ဝေဟင်အနှံ့၊ ဖြန့်ကြက်ဝေဆာ၊ ဝင်းဝါထိန်တောက်လို့ နေပါတယ်။

# နိဂုံး

## အရဟံ ဂုဏ်တော်

အာသဝက္ခယ ဉာဏ်တော် ရရှိထားတဲ့ ပုဂ္ဂိုလ်တိုင်း (အာရကတ္တာ ကိလေသေဟိ) ဝိဂြိုဟ်အရ အရဟံဂုဏ်တော်နဲ့ ပြည့်စုံတော်မူကြပါတယ်။ ဗုဒ္ဓမြတ်စွာ ကိလေသာတို့မှ ဝေးကွာတော်မူသလို ရဟန္တာ ပုဂ္ဂိုလ်များလဲ ဝေးကွာတော်မူကြပါတယ်။ ကိလေသာ ကွာဝေးလို့ အရဟံဂုဏ်ထူးရရှိတဲ့ နေရာမှာ ဗုဒ္ဓမြတ်စွာနဲ့ သာဝကရဟန္တာများကြားမှာ ထူးခြားချက်တစုံတရာ မရှိပါဘူး။ သာတူညီမျှ ဖြစ်တော်မူကြပါတယ်။

အရဟံ ဂုဏ်တော်ရဲ့ နောက်ဝိဂြိုဟ် တခုကတော့ (ပူဇာဝိသေသံ အရဟတိ)ပူဇော်အထူးကို ခံယူထိုက်ခြင်း (ဝါ) ပူဇေဝိအထူးကို ခံယူရခြင်းဖြစ်ပါတယ်။ ဒီ ဝိဂြိုဟ်မှာတော့ ရဟန္တာ သာဝကများထက် ဗုဒ္ဓမြတ်စွာက ပိုမိုလို့ ထင်ရှားတော်မူပါတယ်။

သက်တော် ထင်ရှားရှိစဉ် ကာလမှစ၍ ယခုအချိန်ထိ ဗုဒ္ဓဓလေ့ထောပနာ ကဗျာလင်္ကာတွေ မရေမတွက်နိုင်အောင် သီကျူးပူဇော်ခဲ့ကြပါပြီ။ စာပေ ကျမ်းဂန် အခန်း ကဏ္ဍ ပေါင်းလဲ အသောင်းအသိန်းမက ရေးသားပြုစုခဲ့ကြပါပြီ။သာသနာတွင်း၊ သာသနာပ ပညာရှိပုဂ္ဂိုလ်များ နှုတ်ဖျားဝယ် အရဟံဂုဏ်တော်ဟာ အစဉ်မပြတ် ကိန်းဝပ် စမွယ်တော်မူခဲ့ပါတယ်။ အရဟံဂုဏ်တော်ကို ရည်စူးရင်းရှိတဲ့ စေတီပုထိုးများမှ ရွှေငွေ ရတနာတို့ကို တန်းဘိုးဖြတ်ဖို့ ခဲယဉ်းလှပါတယ်။

ကိလေသာ ကွာဝေးတဲ့ ရဟန္တာပုဂ္ဂိုလ်ချင်းအတူတူ အထူးဝိသေသ ပူဇော်ခံရတာ ဘာကြောင့်ပါလဲ။ ရဟန္တာ ပုဂ္ဂိုလ်များနဲ့ ဗုဒ္ဓမြတ်စွာ ဘယ်လိုများ ထူးခြားချက်ရှိပါသလဲ။

## လမ်းဖောက်သူနဲ့ လမ်းလျှောက်သူ

လမ်းဖောက်သူနဲ့ လမ်းလျှောက်သူ နှစ်ဦးသားတို့ အနက် လမ်းဖောက်သူက ခက်ခဲတယ်။ လမ်းလျှောက်သူတို့က လွယ်ကူတယ်။ အလွယ်နဲ့အခက်တို့ဟာ နှိုင်းယှဉ်လို့ မရလောက်အောင် ကွာခြားလှတယ်။

နောက်တဆင့်အားဖြင့် ဗုဒ္ဓမြတ်စွာ ဖောက်လုပ်ထားခဲ့တဲ့ လမ်းစဉ်အတိုင်း ရှေးဦးစွာ လျှောက်သွားတော်မူခဲ့ကြတဲ့ ဝိမုတ္တိ သာသနာပြု ဆရာတော်ကြီးများက အခက်အခဲမြောက်မြားစွာ ဖြင့် သာသနာပြုတော်မူခဲ့ကြရတယ်။ လိုက်နာသူ သာဝကများ မှာတော့ လွယ်လင့်တကူ ဝိမုတ္တိဉာဏ် အမြင့် သန်လာခဲ့ကြရ တယ်။

ရှေးဦးစွာ စတင်၍ လမ်းထွင်တော်မူခဲ့တဲ့ ဗုဒ္ဓမြတ်စွာသာ လျှင် မပွင့်မပေါ်ခဲ့ပါက အရှင်ကောဏ္ဍည စတဲ့ သာဝကကြီး များ မပေါ်ထွန်းနိုင်။ ဝိမုတ္တိသာသနာပြု ဆရာတော်ကြီးများလဲ မကျော်ကြားနိုင်။ ဝိမုတ္တိ သာသနာတော်ရယ်လို့ မရှိတာမို့ သာဝကဆိုတာလဲ ကွယ်ပလို့ နေကြရပါလိမ့်မယ်။

ဒါကြောင့်မို့ ဦးစွာပထမ လမ်းပြတော်မူခဲ့တဲ့ ဗုဒ္ဓမြတ်စွာကို ကမ္ဘာ့လူသားတို့က အထူးအလည် ကြည်ညိုကြရပါတယ်။ အတု မရှိသော ပူဇော်ခြင်းဖြင့် ပူဇော်ကြရတာဟာလဲ ဒါကြောင့် ပါဘဲ။

## အမြတ်ဆုံး ပူဇော်နည်း

ပူဇော် အထူးကို ခံယူထိုက်တဲ့ ကျေးဇူးဂုဏ်တော်ကြောင့် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ကြရတာ ဟုတ်ပါပြီ။ မိမိ မိမိတို့ စိတ်သန်ရာ ပူဇော်နည်း အဖြာဖြာနဲ့ ပူဇော်ခဲ့ကြတာကို ဗုဒ္ဓ မြတ်စွာ အပြစ်ဆိုတော်မမူတန်ရာ။ ရှေးက အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းပြု ဆရာတော်ကြီးများကလဲ ပိတ်ပင် တားဆီးမှု ပြုတော် မမူကြပါ။ သို့ပါသော်လဲ ဒီလို ပူဇော်နည်းများဟာ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ထုတ်ဖော် ချီးမွမ်းရလောက်အောင် အမှန်မြတ် ဆုံး ပူဇော်နည်းပေဘဲဖြင့် မဟုတ်သေးပါဘူး။

ဗုဒ္ဓမြတ်စွာ လမ်းထွင်တော်မူခဲ့ပြီးနောက် သာဝကကြီးများ အဆက်မပြတ် ရှင်းလင်း သုတ်သင်တော် မူခဲ့ကြတာကြောင့် ဝိမုတ္တိသာသနာ လမ်းမတော်ကြီးဟာ ဖြောင့်ဖြူး သာယာစွာ စောင့်ကြိုလျက် ရှိနေပါတယ်။ ဂုဏ်တော် အနန္တ မရေမတွက် နိုင်အောင် ရှိတော်မူရာမှာ အဦးအစ လမ်းချတော်ခဲ့တဲ့ ဒီဂုဏ်

တော်တခုထဲကိုဘဲ ကျေးဇူးဆပ်လို့ မကုန်နိုင်ပါဘူး။ ဒီတော့ တိုတောင်းလှတဲ့ ဘဝသက်တမ်းကလေး အတွင်းမှာ အမွန်မြတ်ဆုံးဖြစ်တဲ့ ပူဇော်နည်းကိုဘဲ အဓိက ဦးစားပေးကြရပါလိမ့်မယ်။

သိက္ခာ(၃)ရပ်နဲ့လျော်ညီစွာ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူခဲ့တဲ့ လမ်းစဉ်အတိုင်း မကွေ့မကောက် လျှောက်၍သွားပါရင် ဗုဒ္ဓမြတ်စွာ သိတော်မူ မြင်တော်မူခဲ့တဲ့ နိဗ္ဗာန် ဝသရားတော်ကြီးကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြရ မြင်ကြရပါလိမ့်မယ်။အရှိ အမှန် တရားကြီးအပေါ်မှာ ဒီလိုအသိဉာဏ်နဲ့ ချဉ်းကပ်လိုက်တာဟာ တရားတော်ကို ပူဇော်တာပါဘဲ။

တရားရတနာကို ပူဇော်မိရင် ဘုရားရတနာကိုလဲ ပူဇော်ပြီး ဖြစ်ပါတယ်။ သံဃာရတနာကိုလဲ ပူဇော်ပြီး ဖြစ်ပါတယ်။

နိဗ္ဗာန်တရားအား လျော်စွာ သိက္ခာ(၃)ရပ် ကျင့်သုံးခြင်းဖြင့် ရတနာသုံးပါးကို ပူဇော်ကြပါစို့။

# မြတ်သောဆု

ခေမာသောင်ကမ်းသို့ ဟက်လှမ်းကြရာဝယ်တချို့က သာဝက ဗောဓိဆုဖြင့် ကျွတ်တမ်းဝင်ကြ၏။ တချို့ကမူ ပစ္စေက ဗောဓိဆုဖြင့် မိမိဘာသာ တရားပေါက်တော်မူကြ၏။ အရှင်ဝဏ္ဏသီရိကား ဤလို လူမသိ၊ သူမသိအဖြစ်မျိုးဖြင့် နိဗ္ဗာန်သို့ မကူးမြောက်ချင်သေးပေ။ **သူ လိုလားသည်မှာ မနှိုင်းယှဉ်အပ်သော ဗုဒ္ဓမြတ်စွာ၏ အသရေတော်ကိုဆောင်လျက် လောကဓာတ် တခွင်လုံးကို တရားစည်မောင်းဖြင့် ရိုက်ညောင်း တုန်ဟီးစေနိုင်သော သမ္မာသမ္ဗုဒ္ဓ မြတ်လှစွာသောဆုကြီးပင်ဖြစ်ပေသည်**။

သို့ရာတွင်....

"ဝဏ္ဏသီရိ၊ ယခု မျက်မှောက်ဘဝမှာပင် သင် လိုအပ်သောဆုနှင့် ပြည့်စုံစေသတည်း"

ဗုဒ္ဓမြတ်စွာ၏ နှုတ်တော်ဖျားမှ ဆုပေးစကားကို ကြားလိုက်ရသည်တွင်ကား အရှင်ဝဏ္ဏသီရိမှာ သွက်သွက်ခါမျှ တုန်လှုပ်၍ သွားရလေတော့သည်။

**ဆုထူးပန် အရှင်ဝဏ္ဏသီရိ၏ ဝတ္ထုဇာတ်လမ်းကို အရှင်ဝဏ္ဏသီရိက ရသ စာပေဘောင်အတွင်းမှ အုံကျင်းဖွဲ့၍ ပေးထားသည်။**

ခါတော်ချိန်သင့် ပန်းနှယ်ပွင့်၍ လာပါမည်။

# အတိုင်းတိုင်း ဋီကာ

**စိတ် စိတ်အတိုင်းတိုင်း ထား**

ဤကား ကျောက်သဘော်၏ဥညြသံ။

ဥညြသံ ညံညံပေးလျက် ကျောက်သဘော်သည် သွားနေရာမှာပင် ဣန္ဒြေမပျက် တည်ငြိမ်စွာ ရပ်တည်လျက်။

**သို့ရာတွင်....**

နံပါး နှစ်ဖက်မှ စီးဆင်းလျက်ရှိသော မြစ်ရေပြင်၌ကား လှိုင်းဂယက်တို့ ပြင်းထန်လွန်းစွ။

*** စိတ်ဆိုတာ စိတ်အတိုင်းထားလို့ ရနိုင်ပါ့မလား**

*** သတ်ချင် ဖြတ်ချင်တဲ့ စိတ်တွေကို သည်အတိုင်း ထားရမှာလား**

*** ဘုရားဟော ပါဠိတော်များမှာ သည်လိုဩဝါဒမျိုး ရှိပါရဲ့လား**

ဤလှိုင်းဂယက်တို့ကြားဝယ် တရား ရှာဖွေသူတို့ သို့လော သို့လော စိတ်မောရျှမနေကြစေရန်—

**ပဲခူးမြို့၊ ဝိမုတ္တိ ဥာဏဒဿနအဖွဲ့၊ အတွင်းရေးမှူး**

**ဦးစိန်ဖေ က**

ကုန်းဘောင်ထိုး၍ ပေးထားပါပြီ။

**ကျောက်ဆည်မြို့၊ ဝိမုတ္တိ ဥာဏဒဿနအဖွဲ့ချုပ်မှ ဖြန့်ချီပါမည်။ —**

# ဗုဒ္ဓ၏လောကအမြင်

ဗုဒ္ဓ၏ အမြင်၌ လောကသည် ဒုက္ခစင်စစ် ဧကန်ဖြစ်၏။

သို့သော်....

လောကသားတို့အား ဒုက္ခကို မပယ်မလှန် လည်စင်း၍ ခံကြ ရမည်ဟု ဟောတော်မမူ။

ဤလောက လူ့ဘောင် အတွင်းမှာပင်လျှင် ဒုက္ခလွတ်ရာ ချမ်းသာ ရကြောင်း နည်းလမ်း ကောင်းများကို ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူခဲ့သည်။

**နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင် ရေးမှစ၍ အရာဌာနအားလျော်စွာ နည်းညွှန်လမ်းပြ ဩဝါဒ စကားများ—**

**အချိန် ကာလကို ကျော်လွန်၍ လောက လူ့ဘောင်ကို ကောင်းကျိုး ဆောင်၍နေကြသော နှစ်ပေါင်း ၂၅၀၀-မှ အဆိုအမိန့်များ—**

ဝေဆာသန့်ပြန့်၊ ခန့်ခန့်ထယ်ထယ်၊ အားထားဖွယ်ရာ

**အရှင်ဝဏ္ဏသီရိ** (ရေးသားနေပါပြီ။)

ဗုဒ္ဓ၏ ဥပမာ တထောင်—၃

# ထေရီ ထေရာ ဥပမာ

**အယ်ဒီတာ ဦးလေးမြိုင် စီစဉ် ရေးသားသည်။**

တေဒဂ်ရ ရဟန္တာ၊ရဟန္တာမ ကြီးများ၏ လက်ရွေးစင်ဥပမာ စကားကောင်းများ။ ရည်ရွယ်ချက် ပန်းတိုင်နှင့် လမ်းစဉ်များ။

ထိုထို ထေရီ-ထေရာ အရှင်မြတ်တို့၏ ထူးခြားသော ဖြစ်ရပ် ဇာတ် လမ်းများ။

**ထွက်နေပါပြီ။ တအုပ် ၅-ကျပ်**

# ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ

တိတ္တိ-တက္ကတွန်းများ၊ အစေလက၊ နိဂဏ္ဌနှင့် တပယ်ဿီး ပြဟ္မဏများ၊ ပရဗိုဇ်-ပရဗိုဇ်မများ....ထိုသူတို့က ဗုဒ္ဓအား တုဖက် ယှဉ်ပြိုင်ကြရာ၌....
ဗုဒ္ဓသည် ဝါဒစစ်ပွဲ တထောင်မက အောင်ပွဲ ဆင်တော်မူခဲ့သည်။

**ဗုဒ္ဓဝါဒ အစဥ်အစဉ်၊ ဗုဒ္ဓဝါဒ သရုပ်ပြ၊ ဗုဒ္ဓဝါဒ မှတ်တမ်း**

အယ်ဒီတာ ဦးလေးမြိုင်၏ အထူးလက်ရာ

လွယ်လွယ်ကူကူ၊ ရှင်းရှင်းလင်းလင်း၊ ပီပီပြင်ပြင်ဖြင့်–

ထူးထူးခြားခြား ထွက်လာပါတော့မည်။

သင့်ဘဝနှင့် ဝိပဿနာလောကအား သမိုင်းကြောင်းလှန်၍ အမှန် ပြောင်းလဲ မြှင့်တင်ပေးမည့် စာဝါအုပ်။ ထွက်နေပြီ။ တန်ဘိုး ၅-ကျပ်။

- သင် တရားထိုင်ရန် ဘာတွေ သိထားသင့်သလဲ။
- သောတာပန် ဖြစ်နေပြီဟု ယူဆထားသလား။
- ရဟန္တာဖြစ်ဘို့ လွယ်၏၊ ကိလေသာကုန်ဘို့ ခက်သည်။
- တရားထိုင်ဘို့ လွယ်၏၊ ဓာတ်မီး ကမ္မဋ္ဌာန်းဖြတ်မှာ စိုးရသည်။

ဘာဘဲဖြစ်ဖြစ် သင့်အား ပြောင်းလဲ မြှင့်တင်ပေးမည်မှာ သေချာ၏။

ဝတ္ထုလို ဖတ်ကောင်း၍ ကျောက်စာလို ခိုင်မာသည်။ ကြည်ညိုစရာတွေ အများကြီး။

ပျူ(ဟန်လင်း)ခေတ်မှ ကုန်းဘောင်ခေတ်နှောင်းထိ ထွက်ပေါ်ခဲ့သမျှ ဝါကယ့် ရဟန္တာများ၊ ဈာန် အဘိညာဉ်ရ ပုဂ္ဂိုလ်များ၊ အခြား ကြည်ညိုဘွယ် ပုဂ္ဂိုလ်ထူးများ၊ အစုံပါသည်။ (ရဟန္တာ အတုများ မပါ။ )

**မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်**

# ရဟန္တာ နှင့် ပုဂ္ဂိုလ်ထူး များ

(တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းပြုအယ်ဒီတာ)

**ပါဠိ ဓမ္မာစရိယ ဦးဒွေးလှိုင် ပြုစုသည်။**

တွင်းသင်းတိုက်၊ ၁၂၀၊ တာမွေလမ်း၊ ရန်ကုန်မြို့။

# တွင်းသင်းတိုက်ထုတ်
# စာအုပ်ကောင်းများ

**ဒဂုန်ဦးထွန်းမြင့်**

ဗုဒ္ဓ၏သြဝါဒအမြုတေ ၃–ကျပ်(ကုန်ပါပြီ)

မဟာရာမဝတ္ထု ၃–ကျပ်(ရနိုင်ပါသေးသည်)

**အယ်ဒီတာ ဦးလေးမြိုင်**

ဗုဒ္ဓ၏ ဥပမာတထောင် ၁ ၃–ကျပ်(ကုန်ပါပြီ)

ဗုဒ္ဓ၏ ဥပမာတထောင် ၂ ၄–ကျပ်(ကုန်ပါပြီ)

ဗုဒ္ဓ၏ ဥပမာတထောင် ၃ ၅–ကျပ်(ကုန်ပါပြီ)

**မောင်ကြည်ရှင်**

ဓမ္မနီတိ ၃–ကျပ်

**မြန် စာ ပြန့်**

ဗညားဒလ ၃–ကျပ်

**အရှင်ဝဏ္ဏသီရိ**

ဝိမုတ္တိသာသနာ ၃–ကျပ်

**ဓမ္မာစရိယ ဦးဋှေးလှိုင်**

ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ ၅–ကျပ်

**ဒဂုန်ဦးထွန်းမြင့်၏ ဇာတ်ကြီးဆယ်ဘွဲ့ ထွက်တော့မည်**

## စာပေလောက တိုက်ထုတ် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | နိဗ္ဗာန် | ဦးသော်ဇင် | ၅-ကျပ်။ |
| ၂။ | ဓမ္မရတနာကျမ်း | ဦးစက္ကိန္ဒ | ၄-ကျပ်။ |
| ၃။ | မြန်မာ့ရတနာ ဘုရားရှိခိုးအမျိုးမျိုး | | ၁-ကျပ်။ |
| ၄။ | မြန်မာ့ရတနာ ရှင်ကျင့်ဝတ် | | ၁-ကျပ်။ |
| ၅။ | ရတနာမြတ်သုံးပါး | ဦးသော်ဇင် | ၃-ကျပ်။ |
| ၆။ | ရှင်မဟာသီလဝံသ | မောင်ကြည်ရှင် | ၅-ကျပ်။ |
| ၇။ | ရှင်မဟာရဋ္ဌသာရ | မြန်မာပြန့် | ၅-ကျပ်။ |

**စာပေလောက စာအုပ်တိုက်**

**အမှတ် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့။**

# အနုသယသဘော

တချို့က "သတ္တဝါတို့၏ သန္တာန်တွင် အစဉ်အမြဲ ကိန်းလျက် ရှိနေပါသည်"တဲ့။ တချို့ကတော့ "ကိန်းသဘောရှိသလို ငြိမ်းသဘောလည်းရှိနေပါသည်"တဲ့....။

တခုက အများ၏ အယူအဆ။
ကျန်တခုက ဘုရား၏ မူအရ။

စိတ်အခြေခံကို ဝေဘန်ပြဆိုထားသော ဒေသနာတော်အကိုး အကားတို့ဖြင့် ဘုရား၏မူကို ထုတ်ဆောင် ညွှန်ပြထားပါသည်။

အရှင်ဝဏ္ဏသိရီ — ၏
တရားသဘောသန့်သန့် (ဒုတိယစာအုပ်)